www.burmeseclassic.com

BURMESE CLASSIC

# နုဝင်းသမီး

## ငှက်ဆိတ်တဲ့သစ်သီး

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း။

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုဖင်ဦးနှင့်ညီများ

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ ဇွန်လ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

နတ်သမီး

ငှက်ဆိတ်တဲ့သစ်သီး

ဖျူးစာပေ၊ ၂၀၁၆။

၂၃၂-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) ငှက်ဆိတ်တဲ့သစ်သီး

# အခန်း (၁)

"အမလေး ကုန်ပါပြီ၊ ကုန်ပါပြီ၊ ဒီသောက်ရှူးမ ငါ့အကြော်ပဲ နေ့တိုင်းလာလာနှိုက်နေပါလား"

အကြော်တဲဆီမှ စီခနဲထွက်လာသော ဒေါ်ခင်တုတ်၏အသံကြောင့် အရူးမကြီး ဒေါ်ရွှေစည် အကြော်တွေ ပလုပ်ပလောင်းစားကာ ငှက်ပျောကြော်တစ်ခုကို ဖျတ်ခနဲ နှိုက်ပြီး သုတ်ခနဲ ပြေးတော့သည်။

အကြော်ရောင်းမကောင်း၍ စိတ်မကြည်လင်နေသော ဒေါ်ခင်တုတ် ထင်းမီးဖိုဘေးမှ ထင်းချောင်းကိုဆွဲကာ ဒေါ်ရွှေစည်နောက်မှ ဒေါသတကြီး ပြေးလိုက်တော့သည်။

"မတုတ်ရယ် ကသိုလ်လို့ပဲ သဘောထားလိုက်ပါ ကိုယ့်ရပ်ကွက်ထဲက အရူးပဲ"

သစ်သီးသည် မသန်းအေး ဒေါ်ရွှေစည်ကို သနား၍ ဝင်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပေးခြင်းဖြစ်သည်။

"ကုသိုလ်အမြဲမယူနိုင်ဘူး မိသန်းရေ၊ ဒီနေ့တော့ မှတ်အောင်ဆော်မှ ဒင်းနောက်လာမနှိုက်ရဲမှာ"

ဒေါ်ခင်တုတ် ပြောလည်းပြော ပြေးလည်းလိုက်။ လမ်းသွားလမ်းလာများနှင့် လမ်းဘေးဈေးသည်အချို့ ပွဲကျစေမည့်မြင်ကွင်းမျိုးမို့ ရပ်ကြည့်သူကရပ်ကြည့် ရယ်သူကရယ်။

ဒေါသကြီးနေသော ဒေါ်ခင်တုတ် ဒေါ်ရွှေစည်ကို လိုက်မီသွားပြီး

"ဘုန်း ဘုန်း ဘုန်း"

"အမလေးတော့ ကျုပ်ကိုရိုက်တယ်၊ ကျုပ်ကိုရိုက်တယ်"

ဒေါ်ခင်တုတ်၏ထင်းချောင်းဖြင့် ကျောကိုအရိုက်ခံရသော ဒေါ်ရွှေစည် ကျောကော့ကာ အော်၍ငိုတော့သည်။ ဒေါ်ခင်တုတ် ရိုက်မိပြီးမှ လက်လွန်သွားကာ စိတ်မကောင်းဖြစ်သွားပြီး

"ဟဲ့ ရွှေစည် ငါရိုက်တာ ဖြည်းဖြည်းလေးပါအေ၊ ဝါးလုံးကွဲအောင် အော်မနေနဲ့တော့"

"အော်မှာပဲ အော်မှာပဲ တော်ကြီးက ကျုပ်ကိုရိုက်တယ်၊ ကျုပ်ယောက်ျား လီမင်ဟိုတောင် ကျုပ်ကိုမတို့ရက် မထိရက်လို့ အရုပ်ကလေးလို အလှကြည့်ထားတာ"

ပြောရင်းဖြင့် ဒေါ်ရွှေစည် ငိုပြန်သည်။





ဒေါ်ခင်တုတ် ဝိုင်းကြည့်နေသော လူတွေကို မလုံမလဲကြည့်ပြီး ခပ်တိုးတိုး ညည်းသည်။

"ငါ့နှယ် ဒုက္ခပါပဲ၊ ငါ့အကြော်လည်း နိုးစားသေးတယ်၊ ငါကပဲ ပြန်ပြီးတောင်းပန်ရမယ့်ပုံပေါက်နေပါပြီ"

ဒေါ်ရွှေစည်ကတော့ ငိုနေရင်းဖြင့်ပင် လက်ထဲမှာ ကိုင်ထားသော ငှက်ပျောကြော်ကို တစ်ကိုက်ပြီးတစ်ကိုက် မြိန်ရေယှက်ရေ စားနေ၏။

"တုတ်တုတ်"

ခပ်ထန်ထန် ခေါ်လိုက်သောအသံကြောင့် ဒေါ်ခင်တုတ် လှည့်ကြည့်လိုက်သည်။ မျက်စိမျက်နှာပျက်သွားကာ

"ဘာတုန်း"

"စိတ်ရောဂါဖြစ်နေတဲ့သူကို အဲလို နိုင်ထက်စီးနင်း လုပ်တာတော့ မကောင်းပါဘူးဗျာ၊ ခင်ဗျားအကြော်က ဘယ်လောက်တန်လို့လဲ"

ကိုယ့်သားအရွယ်က ခုလို ကလန်ကဆန် ပြောလာတော့ ဒေါ်ခင်တုတ် အရှက်ရသွားကာ

"ဟဲ့ ဘယ်လောက်တန်တန် မင်းဘာမှဝင်ပြီး ဆရာလုပ်စရာမလိုပါဘူး။ ငါ့ဆိုင်မှာ ရောင်းနေတဲ့အကြော်ကို ခိုးစားသွားလို့ ရိုက်တာ တစ်ရပ်ကွက်လုံး သိတယ်"

"ငါခိုးစားတာ မဟုတ်ဘူး၊ ပေါ်တင်ယူစားတာ၊ ငါ သူခိုးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူကသာ ငါ့လင်ကိုခိုးမှာ လင်ခိုးမ"

ဒေါ်ရွှေစည် ပလုပ်ပလောင်း စားနေရင်းမှ သူ့ခိုးမစားကြောင်း ပြန်ပြောသည်။ အလင်းရောင်၏လက်ကိုလည်း ဆီပေနေသောလက်ဖြင့် အားကိုးတကြီး ဆုပ်ကိုင်ထားသေးသည်။

ဒေါ်ရွှေစည်ပြဿနာတက်တိုင်း အလင်းရောင် အမြဲဖြေရှင်းပေးနေကျဆိုတော့ ဒေါ်ရွှေစည် သိ၍ အလင်းရောင်ကို တူလိုသားလို အားကိုးသည်။

အလင်းရောင်ဟာ ဒေါ်ရွှေစည်၏အိမ်နီးနားချင်းဆိုတာကိုလည်း ဒေါ်ရွှေစည် သိသည်။

"တွေ့လား နင့်ယောက်ျားမအရှုးက ဒါမျိုးကျတော့ သူသိတယ်၊ ဟင်း ငါမပြောလိုက်ချင်ဘူး၊ အေး နောက်တစ်ခါ အဲလိုအရိုက်မခံစေချင်ရင် နင့်ယောက်ျားမအရူးကို ငွေအပြည့်ပေးထား"

"တုတ်တုတ် လူကြီးက လူကြီးစကားပြောပါ၊ ကျွန်တော်က လူသားချင်းစာနာတဲ့စိတ်နဲ့ ပြောနေတာ၊ ဘာမှမသိနားမလည်တဲ့ စိတ်ရောဂါသည်တစ်ယောက်ကို အလှူလုပ်လိုက်ရလို့ တုတ်တုတ် ထမင်းတစ်ရက်ငတ်သွားမှာမို့လား"

"အံမယ် အံမယ် အဒေါ်ကို အဲဒီလိုပြောရလား ဟမ်၊ ငါက နင့်အဒေါ်ပါဟဲ့ အကောင်ရဲ့"

ဒေါ်ခင်တုတ် ဆွေ့ဆွေ့ခုန်နေသည်။ အလင်းရောင် ဒေါ်ခင်





တုတ် ဒေါ်သကို အရေးမစိုက်ဘဲ ဘောင်းဘီအိတ်ထဲမှ ငါးရာတန်အနွမ်းတစ်ရွက်ကို ထုတ်ပြီး ဒေါ်ခင်တုတ်ကို ပေးလိုက်သည်။

"ရော့ ဒေါ်ရွှေစည် စားထားတဲ့အကြွေးဖိုး အကုန်ယူလိုက် ပြန်အမ်းစရာမလိုဘူး"

အကြွေးက နှစ်ရာပဲတန်သည်။ ပြန်အမ်းစရာမလို၍ သုံးရာအပိုဆောင်းပြီး ရလိုက်သဖြင့် ဒေါ်ခင်တုတ် ကျေနပ်ကာ ငါးရာတန်ကို လှမ်းယူပြီး လှည့်အထွက်

"နေဦး တုတ်တုတ်"

အလင်းရောင် တားမြစ်သံကြောင့် ဒေါ်ခင်တုတ် ခြေလှမ်းတန့်သွားကာ

"ဘာလဲ ဘာပြောဦးမလို့လဲ"

"ဒေါ်လေးရွှေစည် ယူစားတဲ့အကြွေးဖိုး ပြေပြီပဲ၊ သူ့ကို ကိုယ်ထိလက်ရောက် ကျူးလွန်ထားတာကို ပြန်တောင်းပန်လိုက်ပါ"

အလင်းရောင် စကားကြောင့် ဒေါ်ခင်တုတ် တွန့်သွားသည်။

"အမ် ငါက ဘာလို့ တောင်းပန်ရမှာလဲ ဒီအရူးမကို"

"အဲဒီအရူးမနဲ့ ရန်ဖက်ဖြစ်တဲ့ တုတ်တုတ်ကရော ရူးနေတာမဟုတ်ဘူးလား၊ လူကောင်းဆိုရင် အရူးနဲ့ရန်ဖက်မဖြစ်ဘူး၊ ကောင်းပြီလေ ဒေါ်လေးရွှေစည်ကို တုတ်တုတ် မတောင်းပန်ဘူးဆိုရင် ညနေရပ်ကွက်ရုံးမှာ သွားရှင်းပေတော့"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြောရင် တကယ်လုပ်တတ်သော အလင်းရောင်အကြောင်း ဒေါ်ခင်တုတ် မသိပဲနေမလား။ ဒေါ်ရွှေစည်၏အနိုင်ရ၍ မော်နေသော စပ်ဖြီးဖြီးမျက်နှာကို ခပ်မဲ့မဲ့ကြည့်လိုက်ပြီး

"ဟဲ့ ရွှေစည် စောစောက ငါ ရိုက်မိတာကို တောင်းပန်တယ် အဲ"

"ရပါတယ် ငါကလည်း နင့်လို အနုတ်စုတ်ဂုတ်စုတ် အကြော်ဆိုင်က အကြော်ကိုမှ ယူစားမိတာကို၊ နောက်တစ်ခါ အဲဒါတွေမစားတော့ဘူး။ ဟိုတယ်တာပဲ စားတော့မှာ"

ဒေါ်ရွှေစည် ပြောလည်းပြော ရယ်လည်းရယ်နှင့် အတောင်းပန်ခံရ၍ သဘောတွေကျနေသည်။

■ ■ ■



## အခန်း (၂)

"ဖက်ဖူး နင့်အမေကို အကြော်သည် ဒေါ်ခင်တုတ်ကြီး ရိုက်လိုက်လို့တဲ့တော့"

မယု စကားကြောင့် အဝတ်လျှော်နေရာမှ ဖက်ဖူး ဝုန်းခနဲ ထလိုက်သည်။ မျက်နှာသည် ရုတ်ချည်းဆိုသလို ဒေါသနှင့်သိမ်ငယ်မှုတွေ ရောထွေးသွားကာ မယုကို ခပ်ဆတ်ဆတ် ပြန်ကြည့်ပြီး

"သူတို့က အမေ့ကို ဘာလို့ရိုက်ရတာလဲ"

"နင့်အမေက သူ့အကြော်တွေကို သွားနှိုက်စားလို့တဲ့"

"ကျုတ် အမေကလည်းလေ စိတ်ညစ်ပါတယ်၊ အိမ်မှာလည်း စားချင်တာမှန်သမျှ ဝယ်ကျွေးနေတာကို ခုချိန်ထိ ဆိုင်တွေမှာလိုက်နှိုက်စားနေတုန်းပဲ"

စိတ်ပျက်လွန်း၍ ခပ်ညည်းညည်းလေး ပြောနေမိသော ဖက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး မယု စိတ်မကောင်းဖြစ်ရသည်။

"နင့်အမေကို စိတ်ကျန်းမာရေးဆေးရုံပို့ပြီး ဆေးကုပါလား ဖက်ဖူး"

စေတနာဖြင့်ပေးသောအကြံမို့ ဖက်ဖူး လက်ခံချင်ပေမယ့် ခေါင်းကိုခပ်ဖြည်းဖြည်း ခါပြီး

"အဲဒီအခြေအနေကို ငါ လုပ်မပေးနိုင်သေးပါဘူး မယုရယ်၊ ပိုက်ဆံတွေ အများကြီးလိုမှာပာ၊ ခုချိန်မှာ စားဖို့တောင်အနိုင်နိုင်ဖြစ်နေတဲ့ အချိန်မှာ အမေ့ကိုဆေးကုစရိတ်ရှာဖို့ အိပ်မက်တောင် မမက်ရဲတဲ့အခြေ အနေ၊ အကယ်၍ ငါ့အသက်နဲ့လဲပြီး အမေ့ရောဂါ ပျောက်မယ်ဆိုရင် တောင် ငါ့အသက်နဲ့အမေ့ရောဂါကို လဲရဲပါတယ်ဟာ"

မျက်ရည်တို့ ရစ်ဝိုင်းလာကာ အသံတို့ တုန်ယင်လာသည်။

အမေ့အတွက် ဖက်ဖူး စိတ်သောကမွေ့နေရတာ အဖေလည်း မသိ။ အမေလည်းမသိ။

အဖေကလည်း မူးကောင်းနေသလို အမေကလည်း ရူးကောင်း နေဆဲ။ တကယ်တမ်းဘဝကံအကျိုးပေး မကောင်းတာက ဖက်ဖူးကိုယ် တိုင်ပါပဲ။

ဖက်ဖူး ဆယ်နှစ်သမီးထဲက စိတ်ဖောက်ပြန်သွားတဲ့အမေ့သမီး လုပ်ခဲ့ရတာ ခုအရွယ်ရောက်တဲ့အထိပါပဲ။ ဖက်ဖူးဟာ ရပ်ကွက်ထဲမှာ အရူးမကြီးရဲ့သမီးဆိုသည့်အကြည့်တွေဖြင့် အကြည့်ခံ အနှိမ်ခံလာခဲ့ရ





တာ သိပ်တော့မဆန်းတော့ပါဘူး။ အဲဒီအတွက်လည်း ရှက်ရွံ့သိမ်ငယ် စိတ်လည်း မဖြစ်မိခဲ့ပါ။

"နင့်ကိုတော့ အံ့သြတယ်ဟယ်၊ ငါသာဆိုရင် ရှက်လွန်းလို့ ကိုယ့်ကိုယ်ကိုယ်တောင် သတ်သေမိမလား မသိပါဘူး"

မယု စကားကြောင့် ဖက်ဖူးရောင် ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ငါ့အမေရူးတာ ငါ့အတွက်ရှက်စရာမှ မဟုတ်တာ၊ မယုရယ် ငါအခု စိတ်ညစ်နေတာက ငါ့အမေအတွက် လိုအပ်နေတဲ့ငွေ ဘယ်လို ရှာရမလဲဆိုတာပါပဲ"

ဖက်ဖူးစကားအဆုံး မယုထံမှ သက်ပြင်းချသံ ခပ်ငွေ့ငွေ့ကို ကြားရသည်။

"ငါ အကြံတစ်ခုပေးချင်တယ်ဟာ၊ နင်စိတ်တော့မဆိုးနဲ့"

မယုပြောမည့်အကြံဆိုသည့်စကားကို စိတ်ထွက်ပေါက်ရလို့ရ ငြား ခေါင်းညိတ်နားစွင့်လိုက်သည်။

"ဟိုလေ ပဒုမ္မာလမ်းထဲက အန်တီကေသီကို နင်သိတယ်မို့ လား"

"အင်း သိတယ်လေ၊ သူတို့အိမ်မှာ ငါ မီးပူသွားတိုက်ပေးဖူး တယ်"

"သူတို့ ဘာလုပ်တယ်ဆိုတာရော နင်သိလား"

"သိသားပဲ သူ့တူမတွေကို မာဆတ်မှာ လုပ်ခိုင်းပြီး သူက



www.burmeseclassic.com

www.burmeseclassic.com



ဖဲလည်ရိုက်နေတာလေ၊ ငါနဲ့တော့ မဆိုင်ပါဘူး၊ ဒါ သူတို့စီးပွားရေးပါ၊ ဒါနဲ့နေပါဦး နင်ပေးမယ့်အကြံနဲ့ သူတို့နဲ့ ဘာပတ်သက်နေလို့လဲ''

ဖက်ဖူး မျက်လုံးအဝိုင်းသားဖြစ်သွားကာ တစ်စုံတစ်ခုကို အတွေးရောက်သွားဟန်ဖြင့် မယုကို ဖျတ်ခနဲ လှမ်းကြည့်ပြီး

''မယု နင် ငါ့ကို ဒေါ်ကေသီ တူမတွေလုပ်တဲ့မာဆတ်မှာ ဝင်လုပ်ခိုင်းဖို့လား၊ နင်ပေးမယ့်အကြံက အဲဒါလား''

အရိပ်အကဲ ဖမ်းတတ်သော ဖက်ဖူး အလန့်တကြားမေးလိုက်သည်။ မယု မဝံ့မရဲ ခေါင်းညိတ်လိုက်ပြီး

''ဟုတ်တယ် ဖက်ဖူးရဲ့ အဲဒီမှာလုပ်ရင် လစာလည်းကောင်းတယ်၊ ဘောက်ဆူးတွေလည်း အများကြီးရတယ်၊ လူတန်းစေ့လည်း ဝတ်ရစားရတယ်ဟာ၊ ငါ ငါတောင် ဝင်လုပ်မလားလို့ အဲဒါ နင့်ကို အဖော်စပ်ကြည့်တာ''

''ကျွတ် မဖြစ်နိုင်တာ မယုရယ်၊ ငါ့ဘဝက နဂိုကမှ ပွဲနေပါတယ်ဆိုမှ ထပ်ရွံ့ရမယ့်အဖြစ်မျိုးကို ထပ်အရောက်မခံပါရစေနဲ့၊ အဖေသိရင် ငါ့ကိုသတ်မှာ''

''မသတ်အောင် နိုးလုပ်မှာပေါ့ဟာ၊ နင့်ဘဝနဲ့ ငါ့ဘဝ ဘာများထူးလို့လဲ ဖက်ဖူးရယ်၊ ငါ့မိဘတွေရဲ့ပတ်လည်ဝိုင်းနေတဲ့အကြွေးတွေကြောင့် ငါလည်း ရပ်ကွက်ထဲမှာ ဘယ်လောက်မျက်နှာငယ်ခဲ့ရလဲ၊ နင်က နင့်အမေရဲ့အရူးရောဂါကို ကုပေးချင်သလို ငါကလည်း ငါ့မိဘတွေ





ရဲ့တစ်သက်ဆပ်မကုန်တဲ့အကြွေးတွေကို ဆပ်ပေးချင်တယ်''

''အဲဒီလို ဖြတ်လမ်းနည်းကလိုက်လို့ ငါတို့တဝ ငြိမ်းချမ်းမယ်တဲ့လား၊ သူငယ်ချင်းရယ်၊ ငါတို့ ဒီလိုနည်းနဲ့ငွေရှာမှာကို ငါ့အဖေရောနင့်အဖေတွေအမေတွေရော လက်ခံမှာမဟုတ်ဘူး၊ ငါတို့ တခြားနည်းလမ်းနဲ့ ငွေရှာကြရအောင်နော် မယု''

ကိုယ့်သောကကဲ့သို့ သူ့သောကကလည်း မခေပြုန်တာမို့ သူငယ်ချင်းနှစ်ယောက် သက်မကိုယ်စီချကာ အနာဂတ်ကို မရဲတရဲ မျှော်ကြည့်လိုက်ကြသည်။

ရှေ့ဆက်ပြီး ဘဝတွေ ဘယ်လောက်ထိ ကြမ်းတမ်းခက်ထန်စွာနဲ့ ရင်ဆိုင်ကျော်ဖြတ်ကြရဦးမလဲ။

■ ■ ■

''ဒေါ်လေး မိုးတွေရွာတော့မယ် အိမ်မှာပဲနေတော့နော်၊ ဟဲ့ဖက်ဖူး နင်ကလည်း အိမ်အလုပ်တွေနဲ့ပဲ အချိန်ကုန်မနေနဲ့၊ ဒေါ်လေးကိုလည်း အပြင်ကိုလျှောက်မသွားအောင် ထိန်းပါဦးဟာ''

စေတနာဖြင့်ပြောသော အလင်းရောင် စကားကြောင့် ဖက်ဖူး အမေ့လက်ကိုလှမ်းဆွဲခေါ်ရင်း

''အေးပါဟယ် ငါလည်း အမေ့ဆိုင်ကို ထမင်းချိုင့်သွားပို့မယ်ဆိုပြီး အမေ့ကို အိမ်မှာနေဖို့ ပြောခဲ့တာပဲ၊ ငါပြန်လာတော့ အစ်မက မရှိဘူး၊ အဝတ်တွေလျှော်ပြီးရင် အမေ့ကို လိုက်ရှာမလို့ပါပဲ၊ အမေ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆို သူများဆိုင်ကမုန့်တွေကို လုပြီး မပြေးပါနဲ့ အမေရယ်၊ စားချင်ရင် သမီးကို ပြောပါ''

''ဟင် တုတ်တုတ် ဒေါ်လေးရွှေစည်ကို ရိုက်လိုက်တာ နင်သိတယ်ပေါ့ ဟုတ်လား''

''သိတာပေါ့ အလင်းရယ်၊ ဒါပေမဲ့ ငါစိတ်ဆိုးလို့မှ မရတာ၊ ငါ့အမေက သူ့အကြော်ကိုသွားလုစားတာကိုးဟ''

''လုစားတာမဟုတ်ပါဘူး ဝယ်စားတာ၊ မယုံရင် ငါ့ရွှေသမက်ကို မေးကြည့်နော် ရွှေသမက် မင်းရဲ့ယောက္ခမတော်က အကြော်ကို တန်ရာတန်ကြေးပေးပြီး ဝယ်စားလို့ အကြော်သည်ဗိုက်ပူမက ကျေးဇူးတင်လွန်းလို့ ငါ့ကိုတောင်းပန်လိုက်သေးတယ်''

အလင်းရောင်ကို ရွှေသမက်ဟု ခေါ်နေကျမို့ ဖက်ဖူးရော အလင်းရောင်ရော ထူးပြီးရှက်ရွံ့မနေကြတော့။

''ကဲပါ အမေရယ် လာ အထဲဝင် ရေချိုးရမယ်၊ အမေ့တစ်ကိုယ်လုံး ညစ်ပတ်နံစော်နေတာပဲ''

အမေ့ကို ကလေးငယ်တစ်ယောက်ကို အမြဲ ရေချိုးပေးနေကျမို့ အမေကလည်း ဖက်ဖူး ရေချိုးပေးတာကို ကလေးငယ်တစ်ယောက်ကဲ့သို့ ငြိမ်ခံသည်။

''ရွှေသမက်ရေ တော့တာ မနက်ဖြန်လည်း မုန့်ဝယ်ကျွေးဦးနော် ခုတော့ အမေ ရေချိုးခန်းဝင်လိုက်ဦးမယ် တာ့တာ''





ဖက်ဖူး ခေါ်ရာနောက်သို့ ကော့လန်ကော့လန် လိုက်ပါသွားပြီး နှုတ်ဆက်သွားသော ဒေါ်လေးရွှေစည်ကိုကြည့်ပြီး အလင်းရောင် သက်ပြင်းမောကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

အဖေ အမေတွေရဲ့ဒဏ်ကို လူးလိမ့်နေအောင် ခံနေရတဲ့ ဖက်ဖူးရဲ့လောကဓံဆိုးတွေကို ဖြစ်နိုင်ရင် မျှဝေခံစားပေးချင်တာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဖက်ဖူးရေ့ အေး ဖက်ဖူး"

"ရှင် အဘွား"

တစ်ဖက်ခန်းမှ တကြော်ကြော် အော်ခေါ်နေသော အဘွား ဒေါ်မြအေးခေါ်သံကြောင့် အဖေ့ကို ထမင်းချိုင့်သွားပို့ရန် ပြင်ဆင်နေသော ဖက်ဖူး ခပ်ကျယ်ကျယ်ပြန်ထူးလိုက်သည်။

"ညည်းအမေရောအေ့ အသံမကြားပါလား"

"အိပ်နေပြီ အဘွား"

"ဟဲ့ ဘယ်နှနာရီရှိသေးလို့တုန်း၊ ည ခုနစ်နာရီပဲရှိသေးတာ မဟုတ်လား၊ နေများမကောင်းလို့လား"

"ကောင်းပါတယ် အဘွားရဲ့၊ တစ်နေကုန် တစ်နေခမ်း နေပူထဲ





လျှောက်သွားပြီး မောလို့အစောကြီး အိပ်ပျော်သွားတာလေ၊ အမေ အိပ်ပျော်မှပဲ ပွဲခင်းထဲက အဖေ့ဆိုင်ကို ထမင်းချိုင့်စိတ်အေးလက်အေး သွားပို့ရမှာ အဘွားရေ့"

အဘွား ဒေါ်မြအေးနှင့် ဖက်ဖူးတို့အခန်းက ဟိုဘက်ခန်း ဒီဘက်ခန်းမို့ ခုလိုစကားလှမ်းပြောနေကျ။

"ဟိုကောင် အလင်းရောင်ကို ခေါ်သွားပါလား"

အလင်းရောင် ဆိုတာက အဘွား ဒေါ်မြအေး၏မြေးဖြစ်သည်။ အိမ်မှာအချိန်ပြည့်မကပ်သည့် အလင်းရောင်ကို ပွဲခင်းထဲခေါ်သွားဖို့ အဖော်ခေါ်သွားခိုင်းနေသော အဘွား ဒေါ်မြအေးစကားကြောင့် ဖက်ဖူး ပြုံးလိုက်သည်။

အလင်းရောင်ကို ဘယ်မှာရှာရမှန်းမသိတာ အဖော်ဘယ်လို ခေါ်သွားရမည်လဲ။

"မခေါ်တော့ပါဘူး အဘွားရယ်၊ ဖက်ဖူးဖာသာပဲ သွားပါတော့မယ်"

"ဟဲ့ လူပြတ်တဲ့လမ်းက ဖြတ်သွားရမှာလေ၊ တစ်ယောက်ထဲ ခြစ်မလား၊ ပွဲခင်းက ရပ်ကွက်နဲ့လှမ်းကလှမ်းနဲ့"

အဘွားရင်းတစ်ယောက်ကဲ့သို့ ဖက်ဖူးကို ချစ်ခင်သော အဘွား ဒေါ်မြအေးကိုလည်း ဖက်ဖူးက ကိုယ့်အဘွားအရင်းလို ချစ်ပါသည်။

"လမ်းတစ်လျှောက် ပွဲခင်းသွားတဲ့လူတွေနဲ့ မပြတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



အဘွားရယ်''

ရှစ်ပေခန်းလေးတွေမှ ဟိုဘက်ခန်း ဒီဘက်ခန်း လှမ်းပြောနေကြခြင်းဖြစ်သည်။ ဖက်ဖူးတို့ ရပ်ကွက်က အိမ်ခြေတွေ မြွတ်သိပ်နေသဖြင့် တစ်အိမ်နှင့်တစ်အိမ် အီးကျယ်ကျယ်ပေါက်လျှင်တောင် တစ်အိမ်ကျော်လောက်က ကြားရသည့်အနေအထား။

တခြားအိမ်တွေက စီခနဲ ရန်ဖြစ်ဆဲဆိုကြပြီဆိုလျှင် ထိုအိမ်ရှေ့မှာ ကလေးရောခွေးပါမကျန် စပ်စုဖို့ရောက်နေကြပြီ။ ဒါဟာ ဖက်ဖူးတို့နေထိုင်တဲ့ ဆင်ခြေဖုံးရပ်ကွက်ကလေးမှာရှိတဲ့ လူတန်းစားတွေရဲ့အထာပင်။

စရိုက်ပေါင်းစုံ အလွှာပေါင်းစုံတို့ စုဝေးရာရပ်ကွက်ထဲမှာ ဖက်ဖူး ငယ်စဉ်ကတည်းက ကြီးပြင်းလာခဲ့ရတာမို့ ဘယ်သူကမှလည်း အန္တရာယ်မပြုကြ။ အားလုံးက ကိုယ့်ဝမ်းစာအတွက် ကိုယ်တိုင်ရှာဖွေရုန်းကန်နေကြရသည်မို့ မရှိဆင်းရဲသားအချင်းချင်း အန္တရာယ်ပြုဖို့လည်း အာရုံမရကြ။

''ဖက်ဖူး ငပိရည်ကျိုပြီးသားရှိလား''

''ရှိတယ် အဘွားရေ့ လိုရင်လာပြီ၊ ယူစားတော့၊ ငါးစင်ရိုင်းအိုးကပ်လေးလည်း ချက်ထားတယ် သိလား အဘွား''

''ဟေ ဟုတ်လား၊ ဒါဆို နည်းနည်းယူစားစမ်းမယ်အေရယ်၊ ဒီရက်ထဲ ငပိရည်တောင် မနပ်မှန့်နေတာ ကြာပါရောလား''





အလင်းရောင်လုပ်စာလေးနှင့် ဆင်းရဲချို့တဲ့စွာ ရှင်သန်နေရသော အဘွားကို ဖက်ဖူး သနားသွားသည်။

''ဒါနဲ့ ညည်းတို့ရော လောက်ငရဲ့လား မြေးရယ်''

''လောက်ငပါတယ် အဘွားရဲ့၊ အားမနာနဲ့ အလင်းရောင်အတွက်ပါ ပိုခပ်သွားလိုက်နော် အဘွား။ ဖက်ဖူး အဖေ့ဆီ ထမင်းချိုင့်သွားပို့ရင်း ဈေးကူရောင်းပေးလိုက်ဦးမယ်၊ ဒီဘက်ခန်းလည်း နားစွင့်ပေးပါဦး၊ အမေ တစ်ရေးနိုးထထွက်သွားမှာစိုးလို့''

''အေးပါ အဘွား ကြည့်ထားလိုက်မယ် သွား သွား''

အဘွား ဒေါ်မြအေးကို မှာစရာရှိတာ မှာခဲ့ပြီး ထမင်းချိုင့်ဆွဲကာ အိမ်ပေါ်မှ ခပ်သုတ်သုတ်ဆင်းလာခဲ့လိုက်သည်။

■ ■ ■

ဆိုင်ခန်းမီးရောင်စုံတွေ သီချင်းတီးလုံးသံတွေ ကြိတ်ကြိတ်တိုးနေသော ပွဲခင်းထဲသို့ ဖက်ဖူး ထမင်းချိုင့်လေးဆွဲပြီး တိုးဝင်ခဲ့လိုက်သည်။

တစ်နှစ်မှ တစ်ခါသာလုပ်ရသော အောင်ဇေယျဘုရားပွဲမို့ လူတွေက ကျက်ပျံမကျ စည်ကားတိုးကြိတ်၍နေကြသည်။

အဖေ့ရဲ့တက်တူး ဆိုင်ခန်းလေး ရှိရာဆီသို့ မနည်းကို တိုးဝှေ့၍လာရသည်။ ဒါတောင် လူများလွန်း၍ တော်တော်လေးကို တိုးမပေါက်။ ပွဲခင်းက အရင်ညတွေကထက် ပိုပြီးစည်ကားလွန်းနေသည်ဟု စိတ်ကတွေးမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ဖိုးချစ်ပွဲစသည့်နေ့မို့ ဖိုးချစ်ပရိသတ်တွေကပဲ ပွဲခင်းထဲမှာ နည်းမည်မဟုတ်။ ဖက်ဖူးလို ပွဲမကြိုက်တဲ့သူမျိုးတွေသာ မြန်မာပြည်မှာ အများကြီးဆိုလျှင် ဖိုးချစ်တို့လို ဇာတ်မင်းသားတွေ ထိုင်ငိုသွားရမှာ သေချာသည်။

ဖက်ဖူးက စတိတ်ရှိုးပွဲတွေဆိုရင်သာ ကြည့်ဖို့ဝါသနာပါတာ။ သို့သော် ဖက်ဖူးတို့လို အောက်ခြေလူတန်းစားတွေအဖို့ လက်မှတ်တစ်စောင်ကို နှစ်သောင်း သုံးသောင်း ဝယ်ကြည့်ဖို့ဆိုတာ အိပ်မက်ထဲမှာ တောင်ထည့်ပြီး မမက်ဖူးခဲ့။

တစ်ခါတလေ MRTV-4 မှလွှင့်သော ရှိုးပွဲတွေဆိုရင်သာ လမ်းထိပ်မှ မအိတ်တို့အိမ်မှာ မလွတ်တမ်းသွားကြည့်ဖြစ်တာ ဖက်ဖူး အိမ် မှာက တီဗွီမပြောနှင့် FM စက်တစ်လုံးတောင်မရှိ။

ဖက်ဖူး ဟိုတိုးဒီတိုးနှင့် လူအုပ်ကြားထဲမှ ဖုန်နံ့တွေရှူရှိုက်ရင်း မနည်းကိုတိုးဝှေ့နေရ၏။ ရုတ်တရက် အနောက်မှကောင်လေးတစ်သိုက်၏အသံတွေက ပွဲခင်းထဲမှ အသံဗလံများနှင့်အပြိုင် အသံသေးအသံ ညှောင် ပေါ်ထွက်၍လာသည်။

"ဝူး ဝါး ဟား ဟား"

"ဟေး"

"ရှူး"

"ရှေ့က လူတွေ မြန်မြန်လျှောက်ကြပါဗျို့"





လူငယ်များ အော်ဟစ်သံတွေနှင့်အတူ အတင်းတိုးနေ၍ ကိုယ်လေးရှေ့သို့ ယိမ်းထိုးသွားသည်။

"ဟေး ချစ်ကလေး အဖော်မပါဘူးလား"

"လိုက်ခဲ့ပါလား အဖွဲ့တောင့်တယ်နော်"

"ဟုတ်တယ် မင်းကိုယ်တို့နဲ့လိုက်ခဲ့ပါလား"

လူရမ်းကားလေးများ၏အာရုံတွေက ဖက်ဖူးဆီသို့ စုပြုလာကြသည်။

"ပါးလေးက သနပ်ခါးလေးကို နမ်းချင်တယ်"

"ငါက နှုတ်ခမ်းကိုနမ်းမှာ"

ဖက်ဖူး မျက်နှာနား တိုးကပ်ပြီး နှမချင်းမစာ ပြောနေကြ၍ ဖက်ဖူး ဒေါသဖြစ်ကာ တက်တစ်ချက်ခေါက်ပြီး မကျေမနပ် စွေကြည့်လိုက်သည်။

"အဲလိုကြည့်တာလေးကလည်း လှတာပါပဲလား"

လက်တစ်ဖက်က ဖက်ဖူး၏ခါးကို လာရောက်ဖက်တွယ်၏။

"နင်တို့နော် မယုတ်မာနဲ့"

ဖက်ဖူး ကိုယ်လေး ကျုံ့စက်နဲ့အတို့ခံလိုက်ရသလို တုန်တက်သွားကာ ဒေါသတကြီး အော်ပစ်လိုက်သည်။

"ချစ်လို့ပါ မင်းလေးက ချစ်ဖို့ကောင်းတယ်၊ ဒါကြောင့် ချစ်ချင်တယ် ချစ်ခွင့်ပြုပါ"



www.burmeseclassic.com

www.burmeseclassic.com



အရက်နံ့တွေ တထောင်းထောင်းထနေသောကြောင့် ဖက်ဖူး အသက်ရှူတွေကျပ်လာသည်။ ရုတ်တရက် ဖက်ဖူးလက်ကို ဆုပ်ကိုင်ပြီး လူအုပ်ကြီးကြားထဲမှ ဆွဲထုတ်ခြင်း ခံလိုက်ရသဖြင့် ဖက်ဖူး ကိုယ်လေးမှာ ထမင်းချိုင့်ကြီးဖြင့် ကို့ယို့ကားယားဖြစ်ကာ ယိမ်းယိုင်သွားသည်။

ဖက်ဖူးကို ဘယ်သူဆွဲခေါ်လာမှန်း ဖက်ဖူး မသိလိုက် ကြောက်အားလန့်အားနှင့် ပါလာတာပဲသိသည်။

လူအုပ်နှင့်လွတ်သော ဆိုင်ခန်းတွေကြားထဲရောက်မှ ဖက်ဖူး အသက်ကို ဝဝရှူလိုက်ပြီး မောဟိုက်နေသောရင်အစုံနှင့် ဆွဲခေါ်လာသော သူကို အလန့်တကြား မော့ကြည့်လိုက်သည်။

"ဟင် အလင်း"

"ဘာကြောင့် ဒီကောင်တွေနားကို ကပ်လျှောက်ရတာလဲ၊ ငါ လိုက်လာလို့ပေါ့ မလာရင် သူတို့အုပ်စုလက်ချက်နဲ့ ရစရာကိုရှိမှာမဟုတ်တော့ဘူး"

အစ်ကိုကြီးတစ်ယောက်လေသံနှင့် ဖက်ဖူးကို အပြစ်တင်သည်။ ဖက်ဖူး မျက်ဝန်းလေးထောင့်ကပ်ကာ

"အံမယ် ဒီလိုပဲသွားရင်းလာရင်းနဲ့ တိုးမိတာ ငါက ဒီကောင်တွေနားကပ်လျှောက်စရာလား နင်နော် မဖြစ်စလောက်လေး ကူညီလိုက်တာနဲ့ မာန်ကလာတက်ပြနေတယ် ဟွန်း"

လူအုပ်ထဲမှ တိုးထွက်လာရ၍ ဖရိုဖရဲ ဖြစ်နေသော ကိုယ်ပေါ်မှ





အကျီကို ဆွဲဆန့်ရင်း အလင်းရောင်ကို ပြန်ပြီး အပြစ်တင်လိုက်သည်။

"အေးပါ ဟုတ်ပါပြီ နင့်ကို ခေါ်ထုတ်လာမိတာကိုက ငါ့အမှားပဲ ထားပါတော့"

"ဒါနဲ့ နေပါဦး နင်ကရော ပွဲဈေးထဲ တစ်ယောက်ထဲလာတယ်ပေါ့"

"ဘယ်ကလာ နင်ပွဲခင်းထဲဝင်သွားတာ တွေ့လို့ လိုက်ဝင်လာတာ၊ နင့်အဖေကို ထမင်းချိုင့်သွားပို့မလို့လား"

"ဟုတ်တယ် ကဲ ငါသွားတော့မယ်၊ ငါ့အဖေ ထမင်းဆာနေတော့မယ်"

"နင့်အဖေ ထမင်းဆာဖို့နေနေသာသာ မဝင်းဈေးဆိုင်က ဂုံးကြော်နဲ့ ဖိုးဖြူဆိုင်က တောအရက်ဝယ်ပြီး ဆိုင်အနောက်မှာ ချနေလောက်ပြီ"

အဖေ အရက်ကြိုက်မှန်း ဖက်ဖူးတင်မဟုတ် အလင်းရောင်ပါ သိသည်။ ကိုယ့်အဖေကို ထိုသို့ ပြောပြန်တော့ ဖက်ဖူး မကျေနပ်ချင်ပြန်။

"အဲဒါ နင့်အပူပါလား၊ နင်သာ လူကောင်းဖြစ်အောင်လုပ်စမ်းပါ အလင်းရယ်"

အဖေကို ထိ၍ မကျေမနပ် မျက်စောင်းထိုးကာ ပြောလာသော ဖက်ဖူးစကားကြောင့် အလင်းရောင် ဟက်ခနဲ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖူး ဆက်လျှောက်သွားသည်။ အလင်းရောင် နောက်မှာ ပါလာသည်ကို လှည့်မကြည့်။

■ ■ ■



## အခန်း (၄)

"ငါ့ကိုချစ်ရင် မနမ်းပါနဲ့ x x ငါ့ကိုချစ်ရင် မနမ်းပါနဲ့ x x မနမ်းပါနဲ့ x x အဟစ် x x ဟား ဟား"

ဒေါ်ရွှေစည် ခေါင်းပေါ်မှာ ပန်းပေါင်းစုံ ပန်၍ သနပ်ခါးအဖွေးသားနှင့် ရပ်ကွက်ထဲ လျှောက်သွားနေ၏။ စိတ်မနှံ့သူပီပီ အပေါ်မှဝတ်ထားသော အင်္ကျီက မိန်းမဘလောက်စ်အင်္ကျီ။ အပေါက်တွေ ဖွာလန်ကျဲနေသော ဂျင်းဝေ့ကုတ်မိုန်ဖျော့ဖျော့ကို ထပ်ဝတ်ထားပြီး အောက်မှ စတော်ကင်ဘောင်းဘီကို အပေါ်မှ ဟာဝိုင်ရီစကာဒ်တိုနှံ့နှံ့နှင့် တွဲဝတ်ထားသည်မို့ မြင်ရုံနှင့်အရူးမကြီးမှန်း သိသာသည်။

ဒါ့အပြင် ပခုံးမှာ စလင်းဘတ်အစုတ် သုံးလေးလုံးခန့်ကို လွယ်ပြီး ဖိုင်တွဲအစုတ်ကို ရှုံးစာရေးမဟန်ဖြင့် ပိုက်ထားသေးသည်။ စီးထား



www.burmeseclassic.com

www.burmeseclassic.com



သော ဖိနပ်က ဘယ်နှင့်ညာ အရောင်မတူ။ ဒီဇိုင်းတစ်မျိုးစီ။

ဒေါ်ရွှေစည်ကိုတွေ့တာနှင့် ရပ်ကွက်ထဲက ကလေးတွေ ဂနာမငြိမ်တော့။ ဒေါ်ရွှေစည်ကို စိတ်မဆိုးဆိုးအောင် စနောက်နေတော့သည်။ ဒေါ်ရွှေစည်ကလည်း ကလေးများနှင့်ဆို ဘယ်တော့မှ စိတ်ဆိုးသည်ဆိုတာ မရှိ။

"ဒေါ်ရွှေစည် လေဒီဂါးဂါး သီချင်းဆိုပြပါ"

ဒေါ်ရွှေစည်တို့ ထိုသို့မြောက်ခိုင်းလျှင် သိပ်သဘောကျသည်။ ထို့ကြောင့် ပါးစပ်ထဲတွေ့ကရာ 'အီစဉ်တီးလုံးတွေနှင့် ပါးစပ်မှပေါက်ကရ အသံတွေဖြင့် အော်ဆိုကာ ကိုယ်ကိုလှုပ်ရမ်း၍ ပွဲဆူအောင် ကပြတတ်သည်။

ထိုအခါမျိုးတွင် ဒေါ်ရွှေစည်ကို ကလေးတွေပင်မဟုတ် လူကြီးတွေပါ အားပေးကြသည်။ ဒေါ်ရွှေစည်က၍ မောသွားပြီဆိုလျှင် ဦးရာပြည့် အိမ်ရှေ့မှာရှိသော သောက်ရေအိုးစင်မှ ရေကို ခပ်သောက်၍ အမောဖြေကြသည်။

"ဟဲ့ ကလေးတွေ နင်တို့ ရွှေစည့်ကိုပဲ စ,စရာရှိကြလား၊ ပြန်ကြစမ်း လူကြီး လူကြီးမှန်းမသိ"

အဘွား ဒေါ်မြအေး ဒေါ်ရွှေစည် အဖြစ်ကိုမြင်ပြီး စိတ်မကောင်းဖြစ်မိသည့်အတွက် ဒေါ်ရွှေစည့်သားတွင် ဝိုင်းအုံနေသော ကလေးတွေကို မောင်းထုတ်လိုက်သည်။





ဒေါ်ရွှေစည် လက်ကိုဆွဲကာ

"ဟဲ့ လာ ရွှေစည် အိမ်ပြန်ကြမယ်၊ နင့်မလဲ စိတ်မနှံ့တာက မနှံ့တာပဲ၊ အိမ်မှာလည်း ရပ်တည်းလို့နေပါဦးဟယ်၊ ညည်းသမီးနယ် ညည်းကိုလိုက်ရှာနေတယ်အေ့၊ သမီးလုပ်တဲ့သူကိုလည်း သနားကြပါဦး အေး မွေးထားတာ ကြွေရုပ်ကလေးလို ချောချောလေး ညည်းနောက်ကို အချိန်ပြည့်လိုက်ထိန်းနေရရှာတယ်၊ ဟင်း သူ့ခမျာ အဖေငမူးနဲ့ အမေ အရူးကို မိဘတော်ထားရရှာတယ်"

အဘွား ဒေါ်မြအေး တွတ်ပွတွတ်ပွဖြင့်ပြောကာ ဒေါ်ရွှေစည့် လက်ကို ဆွဲ၍ခေါ်လာသည်။

"ချစ်ခြင်းကို မခွဲပါနဲ့ xx ချစ်ခြင်းကို မခွဲပါနဲ့ xx "

ဒေါ်ရွှေစည် ဆွဲခေါ်ရာသို့ပါသွားရင်း ဝိုင်းအုံနေကြသော ကလေးတွေကို မျက်နှာငယ်ဖြင့် လှည့်ကြည့်ပြီး သီချင်းဆိုသွားသေးသည်။

"ဟင့် သူများတို့ချစ်ခြင်းကို မခွဲပါနဲ့ အမေရယ်၊ သူများက ဒီမှာ တစ်ကိုယ်တော် ရှိုးပွဲတင်ဆက်နေတဲ့ဟာကို"

■ ■ ■

"အမလေး လှလိုက်တာ ငါ့သမီးလေးကို မာမီ ဖွင့်ထားတဲ့ မော်ဒယ်အေဂျင်စီကို ပို့ရတော့မယ်"

သနပ်ခါးကို မှုံညက်နေအောင် လိမ်းပြီး အိမ်နေရင်းတစ်ပတ် နွမ်းအဝတ်ကလေးနှင့် ကပိုကရိုလုနေသော ဖက်ဖူးပေါ်ပြင်ကို ဒေါ်ရွှေ

www.burmeseclassic.com

www.burmeseclassic.com



စည့် အသည်းယားစွာ စွဲလိမ်ပြီး အားရပါးရဖြင့်ပြောသည်။

ဖက်ဖူး ခစ်ခနဲ ရယ်လိုက်သည်။

"ဟဲ့ ဘာရယ်တာလဲ မာမီက အကောင်းပြောတာ၊ မြန်မာပြည်က မော်ဒယ်တွေအားလုံး မာမီ့လက်အောက်က ထွက်သွားကြတာနော်၊ ဟွန်း မယုံမရှိနဲ့ အမလေး ခုလောလောဆယ် မောလိုက်တာအေ ရေခဲသေတ္တာထဲက ဂျူစ်တစ်ခုခု ယူခဲ့စမ်းပါ"

ဒေါ်ရွှေစည် ဝါးကြမ်းခင်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ပခုံးပေါ်မှာ လွယ်ထားသော စလင်းဘတ်အိတ်တွေကို ဆွဲဖယ်လိုက်သည်။

ဖက်ဖူး မိခင်ဖြစ်သူကို စိတ်မောစွာကြည့်လိုက်ပြီး

"အမေရယ် ပခုံးလေးလိုက်တာ လွယ်ထားတဲ့အိတ်တွေက အများကြီးပဲ ဒီအိတ်တွေက ဘယ်ကရလာတာလဲ"

"ဟုတ်တယ် သမီးရယ်၊ ဒါကလေ မာမီ့တပည့် ဟောလိဝုဒ်ကနေ ပို့လိုက်တာ၊ ဒီအိတ်တွေက ဘောလိဝုဒ်က ပို့လိုက် ဟောဒီအိတ်ပန်းရောင်လေးက ဒူဘိုင်းက ပရိုဂျူဆာတစ်ယောက်ပို့လိုက်တာ၊ မာမီကို စမ်းလွယ်ကြည့်ဖို့ နမူနာပို့လိုက်တာ၊ အားလုံး ဒေါ်လာသန်းနဲ့ချီပြီး တန်တဲ့အိတ်တွေပဲ"

ဒေါ်ရွှေစည် ပြောရင်း တဟီးဟီး ရယ်လိုက်သည်။ အိတ်အစုတ်ခတွေကို အသစ်တွေထင်ပြီး ကြွားလုံးကြီးနေသော အမေ့ကိုကြည့်ပြီး





ဖက်ဖူးစိတ်ထဲမှာ မကောင်း။ အမေ့ကျမှ ဒီလိုဝေဒနာဆိုးကြီး ခံစားရလေခြင်းဆိုပြီး ယူကျုံးမရသည့်စိတ် ဖြစ်မိသည်။ အမေ့အတွက် နောက်ဖေးရေအိုးထဲမှ ရေခပ်ပေးရဦးမည်မို့ ထိုင်ရာမှ ခပ်လေးလေးထလိုက်သည်။

"ဟဲ့ ဒါက ဘာလဲ"

"အမေပဲ ရေခဲသေတ္တာထဲက ဂျူစ်ဆို၊ သွားယူပေးမလို့လေ"

"ဪ အေး ဟုတ်သားပဲ၊ တစ်လက်စထဲ ပန်းသီးအနီရဲရဲလေးတစ်လုံးပါ ခွဲခဲ့စမ်းပါ"

ဖက်ဖူး ပြုံးလိုက်ပြီး

"အင်းပါ အမေရယ် ခွဲခဲ့ပါ့မယ်"

အိမ်နောက်ဖေး မီးဖိုချောင်ဆီသို့ လျှောက်လာပြီး ဖက်ဖူးစားရန် ဝယ်ထားသော ဆီးသီးထုပ်ကို ယူပြီး သောက်ရေအိုးမှ ရေတစ်ခွက်ခပ်လိုက်သည်။

"ရော့ အမေ"

"ဟဲ့ ဟဲ့ ဒါက ဘာတွေတုန်း။ ဘယ်မှာလဲ ဂျူစ်နဲ့ပန်းသီး"

ရေခွက်နှင့်ဆီးသီးထုပ်ကိုကြည့်ပြီး အမေ မဲ့ကာရွဲ့ကာဖြင့် မေးသည်။

"ပန်းသီးက မရှိတော့ဘူး အမေရဲ့၊ ဒါပဲရှိတယ်"

"အေးလေ ဒါက ဘာသီးလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဆီးသီးလေ"

"ထို ချဉ်စုတ်နေမှာ မစားချင်ဘူး"

ဒေါ်ရွှေစည် ကမ်းပေးလာသော ဆီးသီးထုပ်ကို မဲ့ကာရွဲ့ကာဖြင့် တွန်းထုတ်သည်။

"ဩော် ဒါ အီတလီကလာတဲ့ ဆီးသီးအမေရဲ့ မနက်က အမေ့မော်ဒယ်သင်တန်းကျောင်းက တပည့်တစ်ယောက်က ဟီချယ်လာရင် ပေးပေးပါလို့ ပြောပြီး ပေးသွားတာ၊ ချဉ်ပေမယ့် မျက်နှာပေါ်က အရေးအကြောင်းတွေပျောက်ပြီး အရွယ်တင်နုပျိုစေတယ်တဲ့၊ ဒီဖျော်ရည်ကလည်း ဆိုးဆေးလုံးဝမသုံးထားတဲ့ သဘာဝအားဖြည့်အချိုရည်၊ အရောင်နဲ့အရသာမရှိပေမယ့် ဒီဖျော်ရည်ကို အမေသောက်လိုက်ရင် ခုအသက်ထက် ဆယ်နှစ်လောက် ပိုငယ်သွားမှာ"

"ဟယ် တကယ်လား၊ ဒါဆိုရင်ပေး မာမီကလေ အီတလီ ဆီးသီးနဲ့ အီတလီကဖျော်ရည်ဆို အရမ်းကြိုက်တာ စားမယ် စားမယ်"

ဒေါ်ရွှေစည် ဖက်ဖူးလက်ထဲမှ ဆီးသီးထုပ်ကို ဖျတ်ခနဲ လှမ်းယူပြီး အငမ်းမရ စားတော့၏။

အမေ့ကိုကြည့်ပြီး ဖက်ဖူး မျက်ရည်ဝဲမိသည်။

"အမေရယ် ဖက်ဖူးသာ ဘာမှမသိအောင် သွက်သွက်ခါ ရူးလိုက်ချင်ပါတယ်၊ အမေ့ကို အရမ်းသနားတယ်၊ ဖက်ဖူးတို့ ခုလို ဆင်းရဲနွမ်းပါးတဲ့ဘဝထဲက ဘယ်လိုရုန်းထွက်ကြမလဲ အမေ၊ ဖက်ဖူးလေ အမေ့





ရောဂါကို ကုပေးချင်တယ်"

ဘဝမှာ အလိုချင် အတောင့်တဆုံးက အမေ့ရဲ့ အရူးရောဂါ ပျောက်ကင်းဖို့ပါ။ စိတ်အပျက်ဆုံးကတော့ အရူးမကြီးရဲ့သမီးဆိုပြီး အထင်သေးကြတဲ့ အကြည့်တွေကိုပါပဲ အမေရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒီနေ့ အဖေ နေမကောင်း၍ တက်တူးဆိုင်ကို ဖက်ဖူး တာဝန်ယူပြီး ထိုင်ပေးရသည်။ အဖေက မိန်းကလေးထိုင်ဖို့ မသင့်တော်ဘူး မထိုင်နဲ့ဟု ပြောပေမယ့် ပွဲခင်းဈေးက ဆယ်ရက်ထဲမို့ တစ်ရက် ဆိုင်ပိတ်လျှင် တစ်ရက် သိသာစွာ ဝင်ငွေလျော့မည်မို့ အဖေ့ကိုဖွတ်အတင်းတောင်းဆိုပြီး ဆိုင်ထွက်ခြင်းဖြစ်သည်။

တက်တူးဆိုင်မှာ မိန်းကလေးထိုင်၍လား မသိ။ အဖေဆိုင်ထိုင်တုန်းကထက် အဆပေါင်းများစွာ လူတွေအုံကျလာသည်။

ကောင်လေးတစ်ယောက်ကို လက်မောင်းပတ်ကနုတ်ထိုးပေးရန် ဘောပင်နှင့် လက်မောင်းပေါ်မှာ ပုံကြမ်းဖော်နေရင်းမှ အရက်နံ့ထောင်းထောင်းထနေသော လူတစ်ယောက် အတင်းတိုးဝှေ့ဝင်လာပြီး





''ညီမရေ အစ်ကို့ပေါင်မှာ ဓာမဏီငှက်ရုပ် ထိုးမလို့''

အမူးသမား သူ့ပေါင်ကြီးကို ပုဆိုးလှန်ပြီး အတင်းထိုးပြ၏။

''ခဏစောင့်ပေးပါ ဒီမှာလည်း မပြီးသေးလို့ပါ''

ဖက်ဖူး အဆင်ပြေအောင် ချိုသာစွာ ပြန်ပြောလိုက်သည်။ တကယ်ဆို ထိုလူပေါင်ပေါ်မှာ ဖက်ဖူးအနေဖြင့် ဓာမဏီရုပ်ထိုးပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်သလို သင့်လည်းမသင့်တော်။

ထို့ကြောင့်လည်း ဖက်ဖူး အချိန်ဆွဲနေခြင်းဖြစ်သည်။

''ဖက်ဖူး''

ယောက်ျားသားတွေအလယ်မှာ ဖက်ဖူးတစ်ယောက်ထဲ အကျပ်ရိုက်နေသည့်အချိန်မှာ အလင်းရောက်လာသဖြင့် ကယ်တင်ရှင် နတ်သားတစ်ပါး ဖက်ဖူးရှေ့ ဘွားခနဲပေါ်လာသလို ဝမ်းသာသွားရသည်။

''ဟယ် အလင်း အတော်ပဲဟယ် ဒီမှာ လူတွေအုံကျလာလို့ ငါတစ်ယောက်ထဲ မနိုင်ဘူးဖြစ်နေတယ်''

''သိတယ် ငါ့ကို အရုပ်သည် ကိုသောင်းခင် လာပြောလို့ လိုက်လာတာ၊ နင်ကလည်း ဦးလေး နေမကောင်းတာများ ဆိုင်ထွက်နေသေးတယ်''

အလင်း ခပ်တိုးတိုး အပြစ်တင်ပြန်သည်။ ဒီတစ်ခါတော့ ဖက်ဖူး အလင်းကို လိုအပ်နေသဖြင့် ခွန်းတုံ့မပြန်တော့ဘဲ တမင်ပင် မကြားဟန်ပြုလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အလင်း ဒီက အစ်ကိုကြီးက ပေါင်မှာ ဇာမဏီငှက်ရုပ်ထိုး မလို့တဲ့ အဲဒါ နင်ပဲ ကိုင်လိုက်တော့"

"သိတယ် ငါလုပ်လိုက်မယ်"

အလင်း ပြောပြောဆိုဆိုဖြင့် လျှပ်စစ်အပ်ကို ကောက်ကိုင်လိုက်သည်။

"လာ အစ်ကို ရှေ့နည်းနည်းတိုး"

"ဟာ ရတယ် ဒီညီမ လုပ်ပေးလိမ့်မယ်"

"သူက ကြာဦးမှာ အစ်ကိုရ နောက်ပြီး သူက ဇာမဏီရုပ်ကို ပိုင်ပိုင်နိုင်နိုင် မထိုးတတ်ဘူး၊ ကျွန်တော်က ဇာမဏီရုပ်ကို အစ်ကို့ပေါင်ပေါ်မှာ ရုပ်လုံးကြွအောင်ထိုးပေးလို့ရတယ်၊ အကြမ်းဆွဲစရာတောင် မလိုဘူး"

"ရတယ် ရုပ်လုံးမကြွလည်း နေပါစေ ဒီညီမလက်ရာကို ကြည့်ချင်လို့"

ထိုလူကဖွတ်။ အလင်းရောင် လုပ်ငန်းသဘောအရမို့ ဒေါသကို ချိုးနှိမ်ထားရ၏။

"အစ်ကို ကျွန်တော့်ကို ခါးမှာ ဘီလူးရုပ်ဆွဲပေးပါ"

"ကျွန်တော်က ဗိုက်မှာ မြွေရုပ်ထိုးမယ်"

တက်တူးထိုးမည့်သူတွေ တစ်ယောက်တစ်ပေါက်နှင့် ဘယ်သူ့ကို အရင်ထိုးပေးရမှန်းမသိတော့။ ထိုအချိန်တွင် ပေါင်မှာ ဇာမဏီရုပ်ထိုးမည့်





ငမူးကောင်က တစ်မျှောင့်။

"ဟေ့ ညီမလေး လာကွာ အစ်ကို့ကို အရုပ်ထိုးပေးတော့"

အလင်းရောင် မနေသာတော့။ ခပ်တည်တည်ကြည့်ကာ

"ဒီမှာ အစ်ကို၊ ကျွန်တော့်မိန်းမကို အစ်ကို့ပေါင်မှာ ဇာမဏီ ရုပ်ရေးခိုင်းလို့ မရဘူး။ သူလည်း ရေးချင်မှာမဟုတ်ဘူး။ ကျွန်တော်လည်း ခွင့်မပြုဘူး"

"ဘာ အဲဒါ မင်းမိန်းမလား"

"ဟုတ်တယ် ကျွန်တော့်မိန်းမပဲ"

အလင်းရောင် အတည်ပေါက်နှင့်ပြောချလိုက်သဖြင့် ဖက်ဖူး စက်အပ်ထိုးနေရင်းမှ အလင်းကို လှမ်းကြည့်လိုက်သည်။ ဘာမှုတော့ မပြော။

"ဘယ်လောက်ကြာဦးမှာလဲ ငါ အချိန်သိပ်မရှိဘူး"

"နောက်နာရီဝက်လောက်ဆိုရင် ရပါပြီ"

"ဒါဆိုရင် နောက်မှ တစ်ပတ်ပြန်လှည့်လာမယ်ကွာ၊ ခု ကွမ်းသွားဝယ်ဦးမယ်"

ထိုလူ ကွမ်းဝယ်မည်အကြောင်းပြပြီး လစ်ပြီဆိုတာ အလင်း ရောင် သိသည်။ ထို့ကြောင့် သူ့ အကွက်ရွှေ့တာ မှန်သွားသည်ဟု ခပ် ပြုံးပြုံးတွေးကာ ဖက်ဖူးကို ချောင်းဟန့်သံပေးလိုက်သည်။

ဖက်ဖူး စုတ်ထိုးနေရင်းမှ လှည့်မကြည့်ဘဲ ပြုံးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အချောင်လာစမ်းကြည့်တာ အလင်းကျေးဇူးကြောင့် မလွယ်မှန်းသိ၍ လစ်သွားတာ အသိသာကြီး။

ဘာရယ်မဟုတ် စိတ်ထဲမှာ အလင်းရောင်ကို ကျေးဇူးတော့ တင်မိသား။

သူ ဖက်ဖူးအနားမှာ ရှိနေလို့သာပေါ့။ နို့မို့ဆိုလျှင် ဖက်ဖူး လူရမ်းကားကြောင့် အခက်အခဲတွေ တွေ့နေမှာသေချာသည်။

■ ■ ■

"အလင်း ငါ နင့်ကိုကျေးဇူးတင်တယ် သိလား"

ပွဲခင်းထဲမှ ဆိုင်သိမ်းပြီးအပြန် ရင်ထဲမှ ကျေးဇူးတင်မိသော စိတ်ကို ဖက်ဖူး မျိုသိပ်မထားနိုင်။

"ဘာကိုလဲ"

"စောစောက အမူးသမားကိစ္စကိုပေါ့"

"မလိုပါဘူး နင်နဲ့ငါက အိမ်နီးနားချင်း သူငယ်ချင်းတွေပဲ ငါ့မှာ တာဝန်ရှိလို့ ငါ ဝင်ကူညီလိုက်တာ ဆန်းမှမဆန်းတာ"

"အယ် ဒါပေမဲ့ နင့်မိန်းမလို့ ပြောလိုက်တာကိုတော့ ငါ မကျေနပ်နိုင်ပါဘူးနော်၊ ဟွန်း ကျောထဲမှာတောင် စိမ့်တယ်"

"အဲဒီအချိန်မှာ နင်သာ ငါ့မိန်းမမလုပ်ရင် အဲဒီလူရဲ့မထိတထိ ကလိတဲ့အပြုအမူတွေ နင်ဘယ်လောက်ခံစားရမလဲဆိုတာ သိလား"

"ဟေး ဒီနှစ်ယောက် လမ်းမှာ ဘာတွေတွတ်ပွတွတ်ပွနဲ့ ဖြစ်





နေကြတာတုန်း"

အမှောင်ရိပ်ထဲမှ ချွဲအီအီအသံတစ်သံ ထွက်လာသဖြင့် နှစ်ယောက်သား ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

ရပ်ကွက်ထဲက ချယ်ရီမိုးဆိုသည့် မိန်းမဖြစ်သည်။

"ဘာမှမဖြစ်ဘူး စကားပြောနေတာ"

အလင်းရောင် အသံခပ်ပြတ်ပြတ်ဖြင့် ပြန်ပြောလိုက်သည်။ ညဉ့်နက်နက် လမ်းမပေါ်မှာ ထိုမိန်းမ၏အဓိပ္ပာယ်မဲ့ ရယ်သံကို တချွေ ညည်းသံဟု အလင်းရောင် မှတ်ချက်ချလိုက်ချင်သည်။

"မောင်လေး ညစာရော စားပြီးပြီလား"

"ပြီးပြီ"

"ဩော် ဟုတ်လား၊ မမချယ်က ဘာမှမစားရသေးဘူး၊ အဲဒါ သွားစားမလို့ အဖော်မရှိဘူးဖြစ်နေတယ်လေ၊ မောင်လေး အဖော်လိုက် ပေးနိုင်မလား"

မျက်နှာပေါ်မှာ ကာလာစုံ တင်ပြီး အရွယ်နှင့်မလိုက်အောင် ဝတ်စားထားသော မလုံ့တလုံ ပုံစံက ယောကျ်ားတွေကို လိုက်လံမြူဆွယ် နေမှန်း သိသာသည်။

ရပ်ကွက်ထဲမှာ မကောင်းတာ လုပ်စားသော ချယ်ရီဆိုလျှင် လူတိုင်းသိသလို လူတိုင်းကလည်း နှာခေါင်းရှုံ့ကြသည်။

ထိုအထဲတွင် အလင်းရောင်က ထိပ်ဆုံးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီမိုး အလင်းရောင်နား ကပ်လာသည်နှင့် ဖက်ဖူး အလင်းရောင်နှင့်ခပ်ခွာခွာ ဖြစ်ရန် ရှေ့ကို ခြေလှမ်းငါးလှမ်းစာလောက် ကျော စေရန် ခပ်သွက်သွက် လျှောက်လိုက်သည်။

အလင်းရောင်ကလည်း သိသည်။ ထို့ကြောင့် ချယ်ရီမိုးနှင့်ခပ်ခွာခွာ လျှောက်သည်။

''ဘယ်လိုလဲ လိုက်မယ်မဟုတ်လား။ မမချယ်ကို ဒကာခံမယ် မဟုတ်လား''

အလင်းရောင် လက်မောင်းကို ဆုပ်ကိုင်လာသော ချယ်ရီမိုး၏ ရဲတင်းသော အပြုအမူကြောင့် အလင်းရောင် ဒေါသတို့ ထောင်းခနဲ ထသွားကာ

''ဒီမှာ မချယ်ရီ ဒီနေ့ ကျွန်တော်ရှာလို့ရတဲ့ငွေက ကျွန်တော်တို့ မြေးအဘွားနှစ်ယောက်အတွက် ခင်ဗျားအတွက် မဟုတ်ဘူး။ စားချင်ရင် ခင်ဗျားဘာသာ သွားစား''

အလင်းရောင် ဘုတောပစ်လိုက်တော့ ချယ်ရီမိုး မျက်နှာမှာ မဲ့ဆင်းသွားသည်။ ရှေ့မှ လျှောက်နေသော ဖက်ဖူးကို မကြည်သော အကြည့်ဖြင့် ခပ်စွေစွေလှမ်းကြည့်လိုက်ပြီး

ဖက်ဖူးရှိနေလို့ သူ့ကိုအဖက်မလုပ်တာဟု တွေးထင်သွားခြင်း ဖြစ်သည်။ ညမီးအလင်းရောင်အောက်မှာ ချယ်ရီမိုး ခပ်မဲ့မဲ့ပြုံးပြီး

''အင်းလေ မမက ငါ့မောင်ကို စေတနာနဲ့ဝယ်ကျွေးချင်ပေမယ့်





ငါ့မောင်က မစားဘူးဆိုတော့လည်း မမ အတင်းဝယ်မကျွေးနိုင်းတော့ပါ ဘူး။ ကဲ ဂွတ်နိုက် ငါ့မောင် မမမှာ တာဝန်ချိန်တွေကျန်သေးလို့ လစ် လိုက်ဦးမယ်''

အလင်းရောင်၏ပါးကို ရဲတင်းစွာဖြင့် ဖျတ်ခနဲ လိမ်ဆွဲကာ ထွက်သွားသည်။

အလင်းရောင် သူ့ပါးကို လက်ဖြင့်ပွတ်လိုက်ပြီး တက်တစ်ချက် ခေါက်လိုက်သည်။

မိန်းမရှင်မဆိုတာ ဒီလိုမိန်းမမျိုးကို ပြောတာဖြစ်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အဖေ ဆေးသောက်ပြီးသွားပြီလား"

အိမ်ပေါ်လှမ်းတက်တက်ချင်း အရက်တွေ ထိုင်သောက်နေသော အဖေ့ကိုတွေ့ပြီး ဖက်ဖူး သက်ပြင်းမောကို မသိမသာချလိုက်သည်။

"ဆေး ဟုတ်လား ဘာဆေးလဲ"

"အဖေပဲ ဗိုက်တွေအောင့်ပြီး အစာမစားနိုင်လို့ဆို၊ အဲဒါကြောင့် ဖက်ဖူး ဆေးဝယ်ပေးခဲ့တာပဲ"

ဖက်ဖူး တက်တူးရုပ်ပုံချပ်တွေ ထည့်ထားသော လက်ဆွဲအိတ်ကို တိုင်မှာချိတ်လိုက်ပြီး ပြောလိုက်သည်။

"မလိုပါဘူး သမီးရာ၊ အဖေ့မှာ ဟောဒါရှိနေပြီပဲ၊ အချိန်တန် ပျောက်သွားလိမ့်မယ်"





ခပ်ပေါ့ပေါ့ ပြောနေသော အဖေ့ပုံစံက ဘာကိုမှ အလေးအနက် မထားသော သူတစ်ယောက်နှယ်။ ဖက်ဖူး ဘာမှဆက်မပြောလိုတော့ဘဲ ခြေလက်ဆေးကြောရန် နောက်ဖေးရေကပြင်ဆီသို့ ထွက်လာခဲ့လိုက်သည်။

"ဟဲ့ ပလုပ်တုတ်"

ရုတ်တရက် ရေနဲ့လှမ်းပက်ခြင်း ခံလိုက်ရသော အေးစက်သည့် အထိအတွေ့ကြောင့် ဖက်ဖူး လန့်ပြီး ထအော်လိုက်သည်။

"ဟား ဟား ဟား ဟား"

"ဟယ် ကောင်စုတ် အလင်း လူကိုလန့်သွားတာပဲ"

"ထင်သားပဲ နင်လန့်သွားမယ်ဆိုတာ၊ ဒါနဲ့ နင် ထမင်းစားပြီးပြီလား"

လက်မောင်းပေါ်မှ စီးကျနေသော ရေတွေကို သပ်ချလိုက်ရင်း အလင်းရောင်ကို ခပ်စွေစွေကြည့်ကာ

"ခုပဲ နင်နဲ့အတူ ပြန်ရောက်လာတာ၊ ဘယ်ကစားရဦးမှာလဲ"

"ဩော် ဟုတ်သားပဲ အဟဲ"

"နင်ရော ထမင်းမစားသေးဘူးလား"

ဖက်ဖူး အမေးကြောင့် ညအလင်းရောင်မှိန်မှိန်အောက်မှာ ( လိုက်သော အလင်းကို မြင်ရသည်။

"စားချင်စိတ်မရှိပါဘူးဟာ အိမ်မှာဟင်းမကောင်းဘူးဟ"

"ဘာဟင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထုံးစံအတိုင်း ခရမ်းသီးမီးဖုတ်သုတ်နဲ့ အာပြဲခြောက်မီးဖုတ်"

အလင်းရောင် အပြောကြောင့် ဖက်ဖူး တခစ်ခစ် ရယ်ပြီး

"အဘွားက နှင့်ပါးစပ်ကြီး ဒီထက်ပြဲပြီး ထမင်းများများစား နိုင်အောင် အာပြဲခြောက်ကျွေးတာနေမှာပေါ့ဟ"

"နင်ကရော ဘာထူးလို့လဲ တစ်နေ့တစ်နေ့ ငါးစင်ရိုင်းတွေချည်းပဲ ချက်နေလို့ နင့်မျက်နှာမှာ နူတ်ခမ်းမွေးထွက်တော့မယ်"

"ထွက်ပစေပေါ့ တော်ပြီ နင်နဲ့စကားပြောနေရင် ငါ ထမင်းစားချိန်ရှိမှာမဟုတ်တော့ဘူး"

ဖက်ဖူး ပြောရင်းဆိုရင်း ခြေလက်အမြန်ဆေးကာ အိမ်ပေါ်ကို ကပျာကသီ ပြန်တက်ခဲ့လိုက်၏။ အိမ်ပေါ်ရောက်သည်နှင့် အဖေ့ရဲ့တစ်ကိုယ်တော်အရက်ဝိုင်း သိမ်းစပြုနေပြီ။

"ဖက်ဖူး ဒီနေ့ အခြေအနေဘယ်လိုလဲ၊ တက်တူးထိုးသူတွေ များလား"

"များပါတယ် အဖေ၊ အလင်းလာကူညီပေးလို့ ဖက်ဖူး အဆင်ပြေသွားတာ၊ နို့မို့ဆို အမူးသမားတွေက လာရစ်နေလို့"

"အဲဒါကြောင့် ပြောတာပေါ့ ညည်းနဲ့ဒီအလုပ် မသင့်တော်ပါဘူးလို့ မနက်ဖြန်ကျရင် ငါထွက်မယ်၊ ပွဲဈေးကလည်း ဘယ်လောက်မှမကျန်တော့ပါဘူး၊ ခု ဒီနေ့ရတဲ့ပိုက်ဆံတွေ ငါ့ကိုပေးစမ်း"

လက်ကမ်း၍ တောင်းနေသော အဖေ့ကို ဖက်ဖူး ကြောင်ကြည့်ကာ

"ဘာလုပ်မလို့လဲ အဖေ၊ ဒီပိုက်ဆံ မနက်ဖြန် ဒေါ်စိန်တုတ်ကို အကြွေးသွားဆပ်ရမယ်လေ၊ မနက်ဖြန်ပေးပါမယ်လို့ ဖက်ဖူး ကတိပေးထားတာ"

ထိုပိုက်ဆံကို ဖက်ဖူး အဖေ့အားပေးလိုက်၍ မဖြစ်။ ဒေါ်စိန်တုတ်ကိုမနက်ဖြန်မှ သွားမပေးလျှင် အိမ်ရှေ့ကနေ ဒေါ်စိန်တုတ် လာ၍ သောင်းကျန်းတော့မည်။

"နောက်နေ့မှပေးမယ်လို့ ပြောလိုက်၊ ခုလောလောဆယ် ငါ လုပ်စရာရှိလို့"

"အဖေရယ် ဖက်ဖူး တောင်းပန်ပါတယ်၊ ဒေါ်စိန်တုတ် အကြောင်းလည်း သိရဲ့သားနဲ့"

ဖက်ဖူး မျက်ဝန်းမှ မျက်ရည်ကြည်လေးတွေ ဝဲကာ တောင်းပန်တိုးလျှိုးလိုက်သည်။ သို့ပေမယ့် အချည်းအနှီးပင် အဖေ့မျက်နှာပေါ်မှာ သူလိုချင်တာ ရအောင်ယူမည့်အရိပ်အယောင်ကလွဲပြီး ဖက်ဖူးကို သနားညှာတာသည့်အရိပ် လုံးဝမတွေ့ရ။

"ဖက်ဖူး ညည်းက မိဘလား ငါကမိဘလား ဟမ် ငါက ဒါဆိုရင် ဒါလုပ်လိုက်ပါလား ဘာကြောင့် ငါ့ကို စောဒကတက်နေရတာလဲ"

"စောဒကတက်နေတာ မဟုတ်ပါဘူး အဖေရယ် ညတိုင်း အဖေ တက်တူးထိုးလို့ရတဲ့ပိုက်ဆံကို အိမ်စရိတ်ထဲလောက်လောက်ငင




ဗျူးစာပေ
www.burmeseclassic.com

www.burmeseclassic.com



မထည့်ရဘူး အမေ့ရောဂါကိုလည်း အဖေကုပေးဖို့ စိတ်မကူးဘူး။ အဖေတ အိမ်စရိတ်မပေးတော့ ဖက်ဖူးမှာ သူများဆီ မျက်နှာအောက်ကျခံပြီး ချေးငှားရတယ်''

ငိုသံပါသောအသံဖြင့် ခွန်းတုံ့ပြန်၍ ရှင်းပြနေသဖြင့် ဦးခင်ကျော် ကျွတ်ခနဲ စုတ်သတ်လိုက်ပြီး

''ငါ့ကို ဘာလို့ စကားအရှည်ကြီးတွေ ပြောနေကြတာလဲ၊ နင့် အမေ အရူးမအကြောင်းကို စကားထဲ ထည့်မပြောစမ်းပါနဲ့၊ သူ့ကြောင့် ငါ့မှာ ခုချိန်ထိ အရူးမရဲ့လင်လုပ်နေရတုန်း၊ သူ သေသွားလေ အေးလေပဲ နို့မို့ဆို ငါ့မှာ အဖတ်ဆည်ပြစရာ သိက္ခာတရားဆိုတာ ဘာမှမရှိဘူး''

ညဥ့်နက်ချိန်မို့ ဦးခင်ကျော်အသံက ဟိန်းထွက်နေသည်။ ထို့ကြောင့် ဖက်ဖူး ဘာမျှပြန်ပြီး အတိုက်အခံ ပြောမနေတော့ဘဲနှင့် ပိုက်ဆံအိတ်ထဲမှ တက်တူးထိုး၍ရသော ပိုက်ဆံအကုန်လုံးကို ပေးလိုက်သည်။

တစ်ဖက်ခန်းမှ ငြိမ်ပြီး နားထောင်နေသော အလင်းရောင်မှာသာ ဖက်ဖူး၏အဖြစ်ကိုကြားပြီး စိတ်မကောင်းဖြစ်မိရုံကလွဲပြီး ဘာမှ မတတ်နိုင်ခဲ့။

ဖက်ဖူးကို သနားသည်။ ထရံတစ်ချပ်သာ ခြားသော ဖက်ဖူး၏ အိပ်ရာထဲမှ ရှိုက်သံသဲ့သဲ့ကို အလင်းရောင် ကြားလိုက်ရသည်။

ဖက်ဖူးအဖေ ဦးခင်ကျော် ညဘက်တွေမှာ ဘယ်နေရာမှာ





သွားအိပ်နေသလဲဆိုတာ အလင်းရောင် သိနေသည်မို့ သက်မမောကို ဟင်းခနဲ ချလိုက်သည်။

ဒေါ်ရွှေစည်၏အိပ်မောကျ၍ ဟောက်နေသော အသံနှင့် ဖက်ဖူး၏ရှိုက်သံသည် တိတ်ဆိတ်သော ညအချိန်မှာ ပြိုင်သားစွာပေါ်ထွက်နေ၏။

ဝဋ်ကြွေးတွေ တစ်ချိန်ချိန်တော့ ကျေမှာပါ ဖက်ဖူးရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဟဲ့ ဖက်ဖူး ဖက်ဖူးရေ၊ အိမ်ထဲမှာ ဘယ်သူမှ မရှိကြဘူးလား ဟေ့"

ဒေါ်စိန်တုတ်အသံက နွေနေ့လည်ခင်းမှာ ပူလောင်အိုက်စပ်စွာ ပေါ်ထွက်လာသည်။ အသံကြား သနားပါစေဆိုတဲ့စကားပုံနှင့် ဆန့်ကျင်စွာ ဒေါ်စိန်တုတ်အသံကြားလျှင် ကျောစိမ့်ကြသူချည်းပဲဖြစ်သည်။

ဖက်ဖူး အမေ့ကို ရေချိုးပေးပြီး သနပ်ခါးလိမ်းပေးနေရာမှာ ခန္ဓာကိုယ် ဆတ်ခနဲ တုန်တက်သွားသည်။ ငြိမ်ပြီးသနပ်ခါးအလိမ်းခံနေသော အမေ့မျက်လုံးတွေ ကလယ်ကလယ်ဖြင့် တဟီးဟီး အော်ရယ်ကာ လက်ခုပ်တွေထတီးချေ၏။

"ရှိတယ် ဒီမှာ မင်းသမီးအလှပြင်နေတယ်၊ တွေ့ချင်ရင် အစော





ကြီးကတည်းက ကြိုပြီး လာစောင့်ပါလား၊ ခုတော့ ခဏစောင့်ဦးဟေ့"

အမေ ဘုမသိဘုမသိဖြင့် အိမ်နောက်ဖေး သနပ်ခါးလိမ်းသည့်နေရာမှ ထ၍အော်ပြောလိုက်သည်။ ကြွေးလာတောင်းတယ်ဆိုတာ ဘယ်သိပါ့မလဲလေ။

"အမေ တိုးတိုးနေပါ၊ အဲဒါ အမေ့ကိုလာတွေ့တဲ့ဧည့်သည် မဟုတ်ဘူး၊ သမီးကို မြွေခြောက်လာကိုက်တာ အမေရဲ့"

ဖက်ဖူး လက်ထဲမှ သနပ်ခါးသွားပွတ်တံကို ကျောက်ပျဉ်မှာ ခေါက်ချပြီး အိမ်ရှေ့ကို ထွက်လာခဲ့လိုက်သည်။

"ကဲ ဘယ်လိုလဲ ဖက်ဖူး၊ ညည်းပြောတော့ ဒီနေ့ပေးပါမယ်ဆို ခုပဲ ညနေလေးနာရီထိုးပြီ၊ တစ်ပြားမှကို လာမပေးပါလား"

ဒေါ်စိန်တုတ် ခါးထောက်ရပ်နေရင်းမှ ဖက်ဖူး ထွက်လာတာမြင်တော့ သူ့ကိုယ်လုံးဖိုင့်ဖိုင့်ကြီးဖြင့် အိမ်ရှေ့ဖိနပ်ချွတ်လေးပေါ်သို့ အားယူတက်လိုက်သည်။ ဖိနပ်ချွတ်မှာ သိမ့်ခနဲ ယိမ်းထိုးသွားသည်။

"ဖက်ဖူး ဒီနေ့ပေးမလို့ပါပဲ ဒေါ်ကြီးစိန်ရယ်၊ အဖေက အဲဒီ ပိုက်ဆံတွေကို ယူသွားလို့ ဖက်ဖူးတို့သားအမိတွေ ခုချိန်ထိတောင် ထမင်းချက်မစားရသေးပါဘူး"

"အို ဒါက ညည်းတို့အပိုင်း ကျုပ်နဲ့မဆိုင်ဘူး၊ ကျုပ်သိတာ ဒီနေ့ရမယ့် ပိုက်ဆံကို ရအောင်တောင်းဖို့ပဲ အပျိုလေးဖြစ်ပြီး ကလိမ်ကတည် တာတော့ မကောင်းပါဘူးအေ"



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖူး ရှက်လွန်း၍ မျက်နှာမဖော်ဝံ့တော့။

"ဟိုလေ ဒီနေ့ မပေးနိုင်ပေမယ့် မနက်ဖြန်တော့ ပေးနိုင်မှာပါ၊ ဖက်ဖူး ဟိုတက်ရပ်ကွက်မှာ မီးပူသွားတိုက်ရင် ပိုက်ဆံရလာမှာ၊ အဲဒီက ရတဲ့ပိုက်ဆံကို အတိုးလာသပ်ထားပါ့မယ်"

"မရဘူး တစ်ရက်ကျော်ရင် နောက်ထပ် အတိုးထပ်တက်မယ်၊ ဒီတော့ အတိုးနှစ်ထပ်ပေးရမယ်"

"ရပါတယ် ပေးရရင်လည်း ပေးရပါစေ"

"ဟဲ့ သမီး ဘယ်မှာလဲ မြွေခြောက် ငါ့သမီးကို အဲဒီမြွေခြောက် မကိုက်ခင် အမေ သူ့ခေါင်းကို စိစိညက်ညက်ကြေမွသွားအောင် ထုခြေပစ်လိုက်စမ်းမယ်"

ဒေါ်ရွှေစည် အဝတ်ရိုက်တုတ်ကြီး ယူလာပြီး ဒေါ်စိန်တုတ် ခေါင်းကိုရိုက်ဖို့ ရွယ်လိုက်သည်။ ဒေါ်စိန်တုတ် ထအော်ကာ အိမ်အောက်သို့ ဆင်းပြေးတော့သည်။

"အမလေး လုပ်ပါဦး၊ ငါ့ကို လုပ်တော့မယ်"

"အမေ ဘာထွက်လုပ်တာလဲ ပေး ပေး အဲဒီတုတ် ဖက်ဖူးကို ပေးပါ"

"ဘယ်မှာလဲ မြွေခြောက် ဟိုမှာပြေးဆင်းသွားတဲ့အသားမည်းမည်း ပြိတ္တာကြီးကိုပြောတာလား။ တွေ့မယ် အမေ သူ့ကိုဖြိုပြမယ်၊ ငါ့သမီးကို ကိုက်တဲ့မြွေခြောက်မ"





ဒေါ်စိန်တုတ်ထံ ပြေးဆင်းဖို့ ခြေလှမ်းရွယ်နေသည့်အမေ့ကို ကြည့်ပြီး ဒေါ်စိန်တုတ် သွေးပျက်နေသည်။

"ဟဲ့ ဖက်ဖူး နင့်အမေကို ကြည့်ထိန်းပါဦး ငါ့ကိုလာရိုက်တော့မယ်"

"အမေ မလုပ်ပါနဲ့၊ သူက မြွေခြောက်လည်းမဟုတ်ဘူး ပြိတ္တာလည်းမဟုတ်ပါဘူး"

ဖက်ဖူး အမေ့ကို လှမ်းဆွဲထားရသည်။

"မဆွဲနဲ့ အဲဒီပြိတ္တာမကို ဒီနေ့ အရှင်မထားဘူး၊ ငါ့အိမ်ရှေ့ အာပြဲလျှာပြဲ လာမအော်နိုင်အောင် ပြန့်ဖြဲထားမှရမယ်"

ရှန်းရင်းဆန်ခတ်ဖြစ်နေသော အမေနှင့်ဖက်ဖူးကို ကြည့်ပြီး အဘွား ဒေါ်မြအေး မနေသာတော့။

"ဖက်ဖူးရေ ရွှေစည်ကို ထိန်းစမ်းပါအေ တော်ကြာ ငါတို့ ရပ်ကွက်က ချစ်တီးသူဌေး ညည်းအမေလက်ချက်နဲ့ ကိုယ်ကျိုးနည်းနေ ပါ့မယ်"

ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို အိမ်ပေါက်ဝတွင် ထိုင်ဖွာရင်း ဖက်ဖူးကို လှမ်းသတိပေးသည်။ ဒေါ်စိန်တုတ်ကြီးကို အမြင်ကတ်ကတ်နှင့် အရွဲ့တိုက်ပြီး အငေါ့တူးတာလည်း ဖြစ်နိုင်သည်။

"စိတ်ချပါ ဒေါ်စိန်တုတ်ရယ် မနက်ဖြန်ဆိုရင် သွားနှစ်ထပ် တိုးပေးပါ့မယ် ကတိပေးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ကောင်းပြီ ခုတစ်ခါ ကတိမတည်ရင် နောက်တစ်ခါ ညည်းကို လုံးဝမချေးတော့ဘူး"

ပြောပြောဆိုဆိုဖြင့် ဒေါ်ရွှေစည်လက်ချက် မီးမည်းစိုး၍ အိမ်ရှေ့မှ ခပ်သုတ်သုတ်ထွက်သွားသည်။

"ဟဲ့ မြွေခြောက်မ ပြိတ္တာမ နေဦး။ နင့်ကိုဖြမလို့ ကလူး ကလူး လာခဲ့ လာခဲ့"

အိမ်ရှေ့အပေါက်ဝတွင် အဝတ်လျှော်တုတ်ကိုင်ပြီး ခုန်ဆွခုန်ဆွဖြစ်နေသော အမေနှင့် ပြောပြေး ပြေးသော ဒေါ်စိန်တုတ်ကိုကြည့်ပြီး ဖက်ဖူး ငိုလည်းမငိုချင် ရယ်လည်းမရယ်ချင်တော့။

ဘဝအမောတွေနဲ့ ပြည့်နှက်နေတဲ့ သောကတွေဟာ ဖက်ဖူး ဘဝထဲမှာ ဒီလိုပဲ ထာဝရရှင်သန်နေတော့မှာလား။

■ ■ ■



အခန်း (၈)

"ဒါက ဘာလဲ အလင်း"

ကမ်းပေးလာသော ငါးထောင်နှစ်ရွက်ကို အူကြောင်ကြောင် ကြည့်ပြီး ဘာအတွက်ပေးသည်ဆိုတာကို ဖက်ဖူး နားမလည်၍ မေးလိုက်သည်။

"ဟာ နင့်မျက်စိ ကြောင်တောင်ကန်းသွားပြီလား။ ဆင်နှစ်ရွက်ကိုမြင်ရဲ့သားနဲ့ ဘာလဲဆိုတော့ ငါကလည်း ပိုက်ဆံငါးထောင်တန် နှစ်ရွက်လို့ပဲ ဖြေရတော့မယ်"

အလင်း ငါးထောင်တန်နှစ်ရွက်ကို ဖက်ဖူး လက်ထဲ ထည့်ပေးလိုက်သည်။

"ဟဲ့ ငါးထောင်တန်နှစ်ရွက်မှန်းတော့ သိတာပေါ့ဟဲ့၊ ငါ့ကိုမေး



www.burmeseclassic.com

www.burmeseclassic.com



အင့်ဆိုပြီး လာထိန်းပေးတော့ ငါက ဘာလုပ်ရမှာလဲ''

အိမ်ပေါက်ဝ ကျဉ်းကျဉ်းလေးတွင် ထိုင်နေသော ဖက်ဖူးဘေး တွင် ကပ်ထိုင်လိုက်သည်။ ဖက်ဖူး သူ့ကိုယ်လုံးလေးကို ဘေးသို့ကျုံ့ကာ ထိုင်လိုက်သည်။

''ဟင် ငါက နင့်စေတနာကို စော်ကားတယ် ဟုတ်လား၊ ဘာလဲ ဒီငွေတစ်သောင်းက နင် ငါ့ဆီက ဘာလိုချင်လို့ လာဘ်ထိုးတာ လဲ ငါက ပြန်မေးလိုက်ဦးမယ်''

''ကျွတ် ငါကပဲ နင့်ဆီက လိုချင်တာရှိလို့ လာဘ်ထိုးတယ်ပဲ ရှိရသေးတယ်၊ ဒီမှာ ဒေါ်ရွှေဖက်ဖူး ခင်ဗျားလေးဆီမှာ ကျူပ်မက်မောတဲ့ အရာ ဘာတစ်ခုမှမရှိဘူး။ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး အထင်ကြီးမနေနဲ့''

အလင်း ဘောက်ဆတ်ဆတ် ပြန်ပြောတော့ ဖက်ဖူး စိတ်မဆိုး ဘဲ ခစ်ခနဲ ရယ်လိုက်ပြီး

''အေးပေါ့လေ နင့်မှာက ချယ်ရီမှုံး တစ်ယောက်လုံး ရှိနေတာပဲ၊ ငါက ဘယ်လောက်မက်မောစရာကောင်းပါ့မလဲ''

''ဟား ဒီငတိမ ပြောလေကဲလေပါလား၊ ငါက ချယ်ရီမှုံးကို ဘာလုပ်ရမှာလဲ၊ အော်ဂလီဆန်လွန်းလို့ ဝေါ့''

ဖက်ဖူး ခေါင်းမှ ဆံပင်တွေကို ခပ်ကြမ်းကြမ်းဆွဲဖွလိုက်ပြီး ဝေါ့ခနဲ လုပ်ပြသည်။

''ဒီပိုက်ဆံက ငါစုထားတာ သကြင်္န်ကျရင် ဘောင်းဘီအ





ကောင်းစားတစ်ထည်လောက်ဝယ်ဝတ်မလို့၊ ဒါပေမဲ့ နင်နဲ့ဒေါ်စိန်တုတ် ကြီးနဲ့ ငွေကြေးပြဿနာရှိနေလို့ နင့်ကိုပေးလိုက်တာ၊ ငါက မဝယ်လည်း ရတယ်၊ နင်က မဖြေရှင်းလို့မရဘူး''

အလင်းစကားဆုံးတော့ ဖက်ဖူး မျက်နှာလေး ညှိုးကျသွား သည်။

''နေပါစေဟယ် နင့်ပိုက်ဆံကို နင်ပဲသုံးစမ်းပါ၊ ငါ မယူရက်ပါ ဘူး''

''ဟာ အရေးထဲ ပဲကလာများနေပြန်ပြီ၊ ကိုယ့်မှာကဖြင့် ကြွေး က လည်ပင်းတင်မဟုတ်ဘူး ငယ်ထိပ်ပါမြုပ်တော့မယ်၊ ယူစရာရှိတာ ယူလိုက်စမ်းပါ''

''ဒါပေမဲ့ ငါမှမသုံးရက်တာ နင့်အဘွားကိုသာ ဒီပိုက်ဆံပေး ရင် အဘွား အရမ်းပျော်သွားမှာ ငါသိတယ်''

ဖက်ဖူး မသုံးရက်ပါ။

''ကျွတ် နင်တို့မိန်းမတွေဟာလေ တကယ့်ကို လျှာကြောရှည် တယ်၊ ကူညီတဲ့လူက ကူညီတာတောင် ပါးစပ်က တွတ်ပွတွတ်ပွနဲ့ ဘာ တွေပြောမှန်းကို မသိဘူး၊ ကဲ လစ်ပြီ ဘော်ဒါတစ်ယောက်နဲ့ အလုပ်ကိစ္စ တစ်ခု သွားလုပ်လိုက်ဦးမယ်''

ပွဲစားအလုပ်ဖြင့် ဝင်ငွေပုံမှန်မရှိသော အလင်းရော်တို့ မြေး အဘွားဇါတ်ဘဝတွေကလည်း ဖက်ဖူးတို့ဘဝနှင့် ထူးမခြားနားပါ။ ဖက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အလင်းကို ကျေးဇူးတင်ခြင်းနှင့်အတူ အမြဲတမ်း အားပေးကူညီနေသည့် သူငယ်ချင်းတစ်ယောက်လို ပို၍ပင် ယုံကြည်အားကိုးမိသွားသည်။

ဖက်ဖူးဘက်က ထိုကျေးဇူးတွေအတွက် တစ်စုံတစ်ခု ပြန်ပေးဆပ်ချင်ပေမယ့် ပေးဆပ်စရာ ဘာတစ်ခုမှရှိမနေ။

■ ■ ■

အကြွေးရသွားသော ဒေါ်စိန်တုတ်၏မျက်နှာမှာ အမှည့်လွန်နေသော ဒိတ်လွန်သစ်သီးလို မှည့်ဝင်းချိအီနေ၏။

"ကျုပ်က ညည်းကတိတည်မှန်း သိပြီးသားပါအေ၊ အလုပ်သဘောအရမို့သာ ရက်ချိန်းမမှန်လို့ အိမ်ထိလိုက်နေရပေမယ့် ဘယ်လိုက်ချင်ပါ့မလဲ၊ ညည်း ခုလို ကတိတည်တော့ နောင်ငွေလိုလည်း ငါက အချိန်မရွေး ထုတ်ပေးမှာပေါ့"

"ကျေးဇူးတင်ပါတယ် ဒေါ်စိန်တုတ်ရယ်၊ ဖက်ဖူး ငွေလိုရင်တော့ ဒေါ်စိန်တုတ် ထပ်ချေးပေးပါနော်"

ငွေရှင်တွေကို အမြဲတမ်း မျက်နှာချိုသွေးနေရတာက ဖက်ဖူးရဲ့ဘဝအကျိုးပေးပါ။

"အေးပါအေ ညည်းမလဲ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှလေးနဲ့ သူများလိုလည်း မဝတ်နိုင် သူများလိုလည်း မစားနိုင် ဒီမိဘအမူးအရူးကို ပြုစုစောင့်ရှောက်နေရတာနဲ့တင် ဖွတ်လာဘတ်ကြေနေတော့တာ





ပဲ"

ကိုယ့်မိဘနှစ်ပါးကို အမူးနှင့်အရူးဟု ပျစ်ပျစ်နှစ်နှစ် ဝေဖန်ခံရလေတော့ ဖက်ဖူးရင်ထဲမှာ ဆစ်ခနဲ နာကျင်မိသည်။

သို့သော် ဒေါ်စိန်တုတ် ပြောတာ မှန်နေ၍ ထူးပြီးတော့လည်း စကားနှုတ်လှန်ထိုးမနေတော့။ ကိုယ့်မိသားစုအခြေအနေနဲ့ ရပ်တည်မှုက လူမလေးခွေးမခန့် ဖြစ်နေရပြီပေါ့။

လောက၏ကံကြမ္မာက ဖက်ဖူးတို့မိသားစုကို ဆင်းရဲခြင်းနွံထဲမှာ စနစ်တကျ ရုန်းကန်စေခိုင်းခဲ့သည်။ ဖက်ဖူးတို့မိသားစု၏ကံကြမ္မာနုံနည်းလေခြင်းဆိုပြီး ဟစ်တိုင်တက်ပြီး စောဒကတက်ခွင့်မရှိတာဟာလည်း ဖက်ဖူး၏ကံကြမ္မာပါပဲ။

ဆင်းရဲခြင်းထဲမှာ အလိုက်သင့်လေးနေပြီး အခွင့်အရေးရတာနဲ့ ရုန်းထွက်ရုံပဲ ရှိတော့တာပဲလေ။ ခုချိန်ထိတော့ ဆိုးဝါးလှတဲ့ ကံကြမ္မာက ဖက်ဖူးအပေါ်ကို အငြိုးတကြီးနဲ့ ခုန်အုပ်ဆဲပါပဲ။

"ဒါနဲ့ ညည်းကို ကျုပ်ပြောမယ် ပြောမယ်နဲ့ မပြောပဲ ချိန်နေတာ ကြာပြီ"

ဒေါ်စိန်တုတ်၏ထူးဆန်းသောစကားကို ဖက်ဖူး စိတ်ဝင်စားစွာဖြင့် မျက်လုံးလေးဝင့်ကာ ကြည့်လိုက်ပြီး

"ဘာများလဲ ဒေါ်ကြီးစိန်"

"ညည်းကို ပိုက်ဆံရှိအထက်တန်းလွှာထဲက မိသားစုတစ်စုက



www.burmeseclassic.com

www.burmeseclassic.com



သဘောကျနေတယ်၊ သူတို့က ရိုးသားအေးချမ်းပြီး နာမည်ပျက်မရှိတဲ့ အပျိုစင်တစ်ယောက်ကို ချွေးမတော်ချင်နေကြတာ၊ ပြောရရင်တော့ သူ့သားအတွက် အိမ်ထောင်ဖက်ရှာနေတာပေါ့အေ၊ သူတို့က ထားစရာမရှိအောင် ငွေကြေးပြည့်စုံပြီးသားဆိုတော့ ချမ်းသာတဲ့ချွေးမမျိုးကို မလိုချင်ကြဘူး၊ အလိမ္မာ အိမ်ပါ ချွေးမမျိုးကိုပဲ လိုချင်ကြတာ''

ဒေါ်စိန်တုတ်ဆီမှ ထင်မှတ်မထားသော စကားကို ကြားလိုက်ရသဖြင့် ဖက်ဖူး အံ့သြ၍ ဘာပြန်ပြောရမှန်းပင်မသိတော့။ ဖက်ဖူး ဘယ်လိုမှ စိတ်မကူးခဲ့ဖူးသော ကိစ္စကြီးမို့လား။

''ဒေါ်ကြီးစိန်ရယ် ဖက်ဖူးအရွယ်က ဒါတွေစဉ်းစားရမယ့်အရွယ်မှမဟုတ်တာ''

''အိုအေ ဟိုဘက်နောက်ကျောလမ်းမှာနေတဲ့ ငါ့တူမဝမ်းကွဲဆိုရင် ဆယ့်ခုနစ်နဲ့ ယောက်ျားယူတာ ခုဆို ကလေးနှစ်ယောက်တောင်ရနေပြီ၊ ယောက်ျားက လက်ကြောတင်းတဲ့သူမို့ စားမခါးကျိုးလုပ်ကိုင်ကျွေးတော့ ရွှေနဲ့ငွေနဲ့ ဆယ်ပေအိမ်လေးတစ်လုံးတောင် ပိုင်သွားပြီ''

ဒေါ်စိန်တုတ် ပြောသော သူ့တူမကို ဖက်ဖူးလည်း သိပါသည်။ ငွေကြေးချမ်းသာတောင့်တင်းသော ယောက်ျားကို ရထား၍ ရပ်ကွက်ထဲတွင် ထောင်ထောင် ထောင်ထောင်နေတတ်သူတွေ။

''စိတ်ကူးမလွဲပဲနဲ့ လက်ခံကြည့်ပါလားအေ၊ ညည်းဘဝ နတ်ပြည်ရောက်သလို စည်းစိမ်ချမ်းသာအပြည့်နဲ့ ခံစားရမှာ ရွှေယူမလား





စိန်ယူမလား တိုက်ယူမလား ကားယူမလား အားလုံး လိုတရဖြစ်စေရမယ်၊ နောက်ပြီး ညည်းအမေရဲ့စိတ်ရောဂါကိုလည်း စနစ်တကျကုသနိုင်မယ်''

ဒေါ်စိန်တုတ် မက်လုံးတွေကြောင့် ဖက်ဖူး တွေဝေသွားသည်။ အမှန်ဆို ဖက်ဖူး ရင်ထဲမှာ အိမ်ထောင်ပြုမည်ဆိုသော စိတ်ခံစားမှုထက် အမေ့ဝေဒနာကို လူကောင်းတစ်ယောက်လို ပြန်ကောင်းအောင်ကုပေးချင်သောစိတ်ဆန္ဒက ထိုအကြံကို လက်ခံသင့် မသင့် တွေဝေနေခြင်းဖြစ်ရုံသာ။ ဖက်ဖူး ဆင်းရဲခြင်းနွံထဲကနေ အမေနှင့်အမေလက်ကိုဆွဲပြီး ရုန်းထွက်ချင်ပေမယ့် ဘယ်လိုမှ မစွမ်းနိုင်လောက်အောင် ဖက်ဖူးရဲ့အနာဂတ်တွေက မှောင်မိုက်လွှမ်းနေသည်။

ဒီအတွက် ဖက်ဖူး ဘာလုပ်ရမလဲ ငြင်းရမလား၊ လက်ခံရမလား။ ဒီအချိန်မျိုးမှာ ဖက်ဖူးရဲ့ရင်ခုန်သံကို နားစွင့်ပြီး အချစ်တွေ မေတ္တာတွေကို ဦးစားပေးပုံဖော်နေမည်ဆိုလျှင်တော့ ထိုအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံရရုံပင်။

''ဟိုလေ ဖက်ဖူး စဉ်းစားလိုက်ဦးမယ်၊ နောက်ပြီး အမေနဲ့လည်း တိုင်ပင်ကြည့်လိုက်ဦးမယ်''

''အိုအေ ညည်းအမေကို တိုင်ပင်လို့ ဘာအကြံဉာဏ်ကောင်းများ ထွက်လာမှာမို့လဲ၊ ညည်းကို ငယ်ငယ်ရွယ်ရွယ်နဲ့ လင်လိုချင်ပြီလားဆိုပြီးတော့ တုတ်ထည့်လိုက်မယ်၊ သူသိတာ အရက်သောက်ဖို့နဲ့ ရပ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ထဲက အချိုအချောင်ရမယ့် မိန်းမလောက်ပဲသိမှာ၊ မိသားစုနဲ့ ကိုယ့်သမီး အနာဂတ်ဆိုတာကို အာရုံအနှောက်ခံပြီး စဉ်းစားမှာမဟုတ်ဘူး''

''ဒါပေမဲ့လည်း ဒီကိစ္စကိုတော့ မဖြစ်မနေ တိုင်ပင်ရဦးမယ် မဟုတ်လား၊ ဒါက ဖက်ဖူးဘဝနဲ့ဆိုင်တယ်လေ''

မိဘကို မတိုင်ပင်ပဲနဲ့ ဖက်ဖူးဘဝကို ထိုသို့မစွန့်စားရဲတာတော့ ဖက်ဖူး၏အားငယ်ကြောက်ရွံ့စိတ်ပင်ဖြစ်သည်။ ဖက်ဖူးကံကို ယုံပြီး ဆုံးမပုံ မနှင်းချင်။

''ဒါဆို ဒီလိုလုပ်အေ ညည်းအဖေ မေမူးနဲ့တိုင်ပင်တာလည်း တိုင်ပင်ပေါ့၊ ညည်းလည်း အဲဒီမိသားစုအခြေအနေကို အကဲခတ်လေ့လာ ရအောင် ရှေ့အပတ်ထဲမှာ ငါ အဲဒီအိမ်ကို သွားစရာရှိတယ်၊ ညည်း လိုက်ခဲ့လေ၊ ကိုယ့်ဟာကိုယ် လိုက်အကဲခတ်ပြီးမှ ဆုံးဖြတ်''

''ဟာ အဲလိုကြီးတော့ မလိုက်ချင်ပါဘူး၊ ဖက်ဖူးက မိန်းကလေး ပါ''

''ဟဲ့ ငါက ညည်းကို ငါ့တူမအဖြစ်နဲ့ အလည်ခေါ်သွားရုံသက် သက်ပဲ၊ သူတို့ကို ပေးသိဦးမှာမဟုတ်ဘူး''

''သူတို့က တူမဆိုတာ ယုံမလား၊ ကြီးစိန်ပဲ ပြောပြီး ဖက်ဖူးကို သဘောကျနေတယ်ဆို''

''အေးလေ ဒါကို ညည်းသိပါတယ်လို့တော့ သူတို့ကို ဘယ်ပြော ဦးမလဲ၊ ခုသွားမှာကလည်း သူတို့မှာထားတဲ့ဆေးကို သွားပို့ရမှာ၊ ညည်း





က အဖော်လိုက်လာပေးတဲ့အနေနဲ့ လိုက်ရမှာ၊ ဘာအကန့်မှ မပါဘူး''

တရားနည်းလမ်းကျသယောင် ရှိသော ဒေါ်စိန်တုတ်၏အကြံ ဉာဏ်ကို ဖက်ဖူး မငြင်းမရဲတော့ လက်ခံလိုက်လေပြီ။

မိဘအတွက် ဘဝမှာ ပထမဆုံးအကြိမ် အရဲစွန့်လိုက်ခြင်းပင် ဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''ဘာ ဘယ်လို ညည်းကို အထက်တန်းလွှာအသိုင်းအဝိုင်းက ချွေးမတော်ဖို့ ကမ်းလှမ်းတယ် ဟုတ်လား အဟား''

အဖေ့ရဲ့ အာလေးလျှာလေး မေးသံကြောင့် ထောင်တန်တဲ့ စကား ရယ်မော့ဆိုသလို အလေးအနက်ထား တိုင်ပင်သည့်စကားအကြောင်းအရာသည် အဖေ့ကြောင့် ပေါ့ပျက်ပျက်ဖြစ်သွားရပြီမို့ ဖက်ဖူး စိတ်ပျက်သွားရသည်။

''ဖက်ဖူး တကယ်ပြောနေတာ အဖေရယ်၊ ကျေးဇူးပြုပြီး အလေးအနက်စဉ်းစားပေးပါ''

ဖက်ဖူး၏တောင်းဆိုချက်ကို အဖေ ဘာမျှမပြောဘဲ ကြမ်းခင်းပေါ်တွင် ချထားသော ပန်းကန်ထဲမှ ပဲကြီးလှော်ကို ကောက်ဝါးလိုက်ပြီး





ဖက်ဖူးကို မေးကျဉ်းသောမျက်လုံးဖြင့် အကဲခတ်သလို ကြည့်သည်။

ဖက်ဖူး ကိုယ့်အမှားကို ကိုယ်ဒေါသဖြစ်မိသည်။ အမှန်ဆို အမေ့စိတ်ဝေဒနာကို ငွေအလုံအလောက် အကုန်အကျခံပြီး ကုဖို့အတွက် ဖက်ဖူးဘဝကို ရင်းရမည့်ထိုအခြေအနေကို အဖေ အလေးအနက်ထား စဉ်းစားပေးသင့်တာပါ။ ခုလို အရက်သောက်နေသည့်အချိန်မှာ အဖေ့ထံမှ ခုလို ပေါ့ပျက်ပျက်စကားတွေပဲ ထွက်တော့မပေါ့။

''ညည်း သူတို့ချွေးမလုပ်ရင် ငါတို့တကယ်ချမ်းသာမှာလား။ ချမ်းသာမယ်ဆိုရင်တော့ ငါမကန့်ကွက်ဘူး။ ယူသာယူလိုက် ဟုတ်ပြီလား။ ငါလည်း သူဌေးတွေနဲ့ ခမည်းခမက်တော်ဖူးသွားတာပေါ့၊ အဲဒီအခါကျရင် ငါဒီလိုခပ်ညံ့ညံ့ အရက်တွေမသောက်တော့ဘူး၊ အကောင်းစား နိုင်ငံခြားဖြစ်အရက်တွေကိုပဲ သောက်တော့မယ်''

ခပ်ပေါ့ပေါ့ မျှော်လင့်ချက်တွေဖြင့် အရက်ရှိန်တက်စပြုနေသော အဖေ့နားမှ လေးလံသော ခြေလှမ်းတွေဖြင့် ထထွက်လာခဲ့လိုက်သည်။

လောကကြီးထဲမှာ ခြေကုန်လက်ပန်းကျကာ ရှင်သန်နေရသောဘဝကို အင်အားတွေပြန်လည်မွေးဖွားပေးမည့် ယောကျ်ားမျိုးဖြစ်မည်ဆိုလျှင် ဖက်ဖူး ဘယ်သူ့ကိုမှ တိုင်ပင်မနေတော့ပဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် အနာဂတ်ကို ကိုယ့်သဘောနှင့်ကိုယ် ပုံဖော်လိုက်တော့မည်။

ရင်ထဲမှာ အချစ်ဆိုသော ခံစားချက်တွေကတော့ မြူတစ်မှုန်စာတောင် မမွေးဖွားရသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝတွင် ဝေဝါးသော အာရုံအတွေးတွေ ရှုပ်ယှက်ခတ်စွာဖြင့် ထိုင်ချလိုက်သည်။ ကောင်းကင်ကြီးကို အားကိုးတကြီးဖြင့် မော့ကြည့်လိုက်သည်။

အနှန်းလက်ကိုင်းကြားမှ လမင်း၏အလင်းရောင် တစ်စွန်းတစ်စက ဖက်ဖူးထိုင်နေသော အိမ်ပေါက်ဝသို့ ထိုးဆင်းကျနေသည်။

လမင်းအလင်းရောင်၏အေးချမ်းခြင်းကို ဖက်ဖူး နှစ်သက်သည်။ ကမ္ဘာမြေကြီးကို အလင်းခပ်ရှိရှိသာ ပေးနိုင်ပေမယ့် သူ့တွင် အေးမြသော စွမ်းအားတွေရှိနေ၍ လူသားတိုင်းလရောင်ကို ခုံမင်နှစ်သက်ကြသည်။

ဖက်ဖူးလည်း လမင်းကြီးကို ချစ်ပါသည်။ အေးချမ်းသောဘဝတစ်ခုကို ပိုင်ဆိုင်ချင်သည်။ ဒါက လောဘဆိုလျှင် ဖက်ဖူးသည် ဆင်းရဲခြင်းမှ ရုန်းထွက်လိုသော အလွန်အင်မတန်မှ အတ္တကြီးပြီး လောဘတွေနှင့် ပြည့်နှက်နေသော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

စိတ်မနှံ့သော အမေ့ရောဂါ ပျောက်ကင်းအောင်ကုသနိုင်းဖို့ ဖက်ဖူး ဒီလောက်တော့ လောဘတက်သင့်သည်ဟု ထင်သည်။

■ ■ ■

ထည်ဝါလွန်းသော အိမ်ကြီးကိုကြည့်ပြီး ဖက်ဖူး၏ခန္ဓာကိုယ်ထဲမှ သွေးကြောတွေ ကျုံ့ဝင်သွားသလို ခံစားလိုက်ရပြီး အားငယ်စိုးရွံ့စိတ်တွေကြောင့် ခြေလှမ်းတွေက ရဲရင့်ခြင်းအလျဉ်းမရှိ။





ဒေါ်စိန်တုတ် နောက်မှလိုက်လာရသော ဖက်ဖူး၏မျက်နှာမှာ စိုးရိမ်စိတ်တွေ တငွေ့ငွေ့ ယှက်ဖြာ၍နေ၏။ လက်ဖျားတွေပင် ချွေးစီးတွေဖြင့် အေးစက်၍နေ၏။

ဒေါ်စိန်တုတ် အိမ်တံခါးမကြီး၏လူခေါ်ဘဲလ်ကို နှိပ်လိုက်သည်။ ဖက်ဖူး သက်ပြင်းမောကို မသိမသာချလိုက်သည်။ သိပ်မကြာလိုက် အိမ်ကြီးထဲမှ ဖက်ဖူးတို့အရွယ် မိန်းကလေးတစ်ယောက် ထွက်လာသည်ကို မှန်တံခါးမှတစ်ဆင့် မြင်လိုက်ရသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ အန်တီကြီး"

"ဒေါ်သင်္ဂီရွှေနဲ့ တွေ့ချင်လို့ပါကွယ်၊ ဒေါ်စိန်တုတ်လို့ ပြောလိုက်"

"ဪ ဟုတ်ကဲ့ ခဏလေး စောင့်ပါနော်"

ဒေါ်စိန်တုတ်နှင့်ဖက်ဖူး အိမ်ပေါက်ဝတံခါးအပြင်ဘက်တွင် သုံးလေးမိနစ်ခန့် ရပ်စောင့်လိုက်ရသည်။

အိမ်ကြီး၏အတွင်းပိုင်း အခန်းတစ်ခန်းထဲမှ အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ ဒေါ်စိန်တုတ်ကို မြင်သည်နှင့် မျက်နှာမှာ ပြုံးရွှင်သွားသည်။

"ဪ မစိန်ပါလား။ ကျွန်မက ဟိုရက်ထဲက မျှော်နေတာ"

"လူကမရောက်ပေမယ့် စိတ်ကရောက်တယ် မသင်္ဂီရေ ဒါ ဖက်ဖူး"

ကောင်မလေး မှန်တံခါးကို လာဖွင့်ပေး၍ ဒေါ်စိန်တုတ်နှင့်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖူး အိမ်ထဲလှမ်းဝင်လိုက်ပြီး ဆိုဖာခုံကြီးတွေပေါ်မှာ ထိုင်လိုက်ကြသည်။

နစ်မြုပ်အိစင်းသွားသော ဆိုဖာခုံ၏အထိအတွေ့ကြောင့် ဖက်ဖူး စိတ်ကျဉ်းကျပ်နေသည်။ ဒေါ်သင်္ဂီရွှေ ဖက်ဖူးကို အကဲခတ်သောအကြည့် ဖြင့်ကြည့်ပြီး ဒေါ်စိန်တုတ်ကို လှမ်းကြည့်သည်။ ဒေါ်စိန်တုတ်ကလည်း မျက်ရိပ်မျက်ကဲ ပြသည်။

ဖက်ဖူးကတော့ ထိုမျက်ရိပ်မျက်ကဲ ပြသည်တွေကို မမြင်လိုက်။ ဖက်ဖူးစိတ်ထဲမှာ ဒီအိမ်က သူဌေးတွေ၏လိုအပ်ချက်တွေကို သိနေတော့ အလိုလိုနေရင်း မဝံ့မရဲဖြစ်နေမိသည်။ စိတ်မလုံသလိုလည်း ခံစားနေရ၏။

ငါလိုက်လာမိတာ မှားသွားပြီလားဟူသော နောင်တတွေက ရင်ထဲမှာ အမျဉ်းမပြတ်။

ဒေါ်သင်္ဂီရွှေ မျက်နှာပေါ်မှာ ဖက်ဖူးကိုလိုလားသော အရိပ်တွေ ဖိတ်ဖိတ်တောက်နေသည်။

"သူလေးက မစိန်ပြောတဲ့ ဖက်ဖူးရောင်ဆိုတဲ့ ကလေးမလေး ဟုတ်ပါတယ်နော်"

"ဟုတ်ပါ့ မသင်္ဂီရေ မမှတ်မိတော့ဘူးလား"

"အရင်ကထက်ပိုပြီး လှလာလို့ ဇဝေဇဝါဖြစ်နေတာ"

"ခုတစ်လော ဒုက္ခတွေအရှမ်းနာနေတော့ တစ်ယောက်ထဲ လမ်း သွားရတာ အဆင်မပြေတာနဲ့ သူ့ကိုအဖော်ခေါ်လာရတာ"





"တော်သေးတာပေါ့ ဖက်ဖူးရောင် ပါတော့ ရှင့်အတွက် လက် ကတုံးတောင်ဝှေးလေး ရတာပေါ့"

"ဟုတ်တယ် မသင်္ဂီရေ အရင်က သားလေးတစ်ယောက်ထဲပဲ မွေးခဲ့မိတော့ အခု သားကအိမ်ထောင်လည်းကျရော ကိုယ့်မှာ အဖော် မရှိတော့ဘူးလေ၊ နောက်ထပ်သမီးလေးတစ်ယောက်သာ မွေးခဲ့မိရင် မဆိုးမ ဒေါ်စိန်တုတ် ဘယ်မှာလာပြီး အထီးကျန်တော့မလဲ"

ဒေါ်စိန်တုတ် ရှုန်းရှုန်းကို ဝေနေသည်။

"အမလေး ဘဝတူတွေပါပဲနော်၊ ဒီမှာလည်း သားလေးတစ် ယောက်ပဲမွေးထားမိလို့ ခုတော့ ကိုယ့်သားလည်း အဖော်မဲ့ ကိုယ်လည်း အထီးကျန် ဘုရားသွားကျောင်းတက်နဲ့ပဲ အချိန်တွေကို အကျိုးရှိရှိ အသုံး ချနေရတာပါ၊ ဒါကြောင့် သားကို မြန်မြန်လေး အိမ်ထောင်ပြု ပေးချင်နေတာလေ"

ဒေါ်သင်္ဂီရွှေ စတင်၍ စကားလမ်းကြောင်းနေပြီဆိုတာ ဖက်ဖူး သိသည်။

"ဒါနဲ့ မသင်္ဂီ သားလေး အာဒံဦးရော မတွေ့တာတောင် အတော်ကြာနေပြီ၊ ပညာတတ် နိုင်ငံခြားပြန်ကြီးဖြစ်နေပြီဆိုတော့ တော် တော်လေးကို ရုပ်ချောနေမှာပဲ"

"သား အပြင်သွားတယ် မစိန်ရဲ့၊ သူ့သူငယ်ချင်းတွေနဲ့ ကုမ္ပဏီ ထောင်ဖို့ကိစ္စတွေ လုံးပန်းနေတာနဲ့ အိမ်မှာကပ်တယ်သို့ကို မရှိပါဘူး



www.burmeseclassic.com

www.burmeseclassic.com



အဲ နေဦး သူ့ဓာတ်ပုံ အယ်ဘမ်တွေရှိတယ်၊ ပြမယ် ပြမယ် ဟဲ့ မိုးမိုး ရေ နင့်အစ်ကိုလေးအခန်းထဲက ဓာတ်ပုံအယ်လ်ဘမ်တွေ ယူခဲ့စမ်းပါ ကွယ်"

"ဟုတ်ကဲ့ပါ အန်တီ"

အတွင်းခန်းထဲမှ အိမ်ဖော်မလေး၏အသံနှင့်အတူ သိပ်မကြာ လိုက်။ အယ်လ်ဘမ်တွေတစ်ထပ်ကြီးကိုင်ပြီး ထွက်လာသည်။

ဒေါ်သင်္ဂီရွှေ လှမ်းယူပြီး ကျွန်းစားပွဲပေါ် တင်လိုက်ပြီး

"သား L.A မှာကျောင်းသွားတက်တုန်းက ရိုက်ခဲ့တာလေ၊ သားက နိုင်ငံခြားသားတွေနဲ့ သူငယ်ချင်းဖြစ်ပြီး နေပုံထိုင်ပုံတွေက အရမ်းကိုအနောက်တိုင်းဆန်သွားတယ်"

ဒေါ်စိန်တုတ် ဒေါ်သင်္ဂီလက်ထဲမှ အယ်လ်ဘမ်ကို လှမ်းယူပြီး ဖက်ဖူးကိုပေးသည်။ ဒေါ်စိန်တုတ်အကြည့်တွေက ညည်းဖာသာ ညည်း ဓာတ်ပုံကြည့်ပြီး ဆုံးဖြတ်ဟုပြောနေသော အဓိပ္ပာယ်ပါသည့် အကြည့် ဖြစ်သည်။

ဖက်ဖူး ခပ်ရိုရိုလှမ်းယူပြီး ဓာတ်ပုံအယ်လ်ဘမ်၏ပထမအချပ် ကို လှန်လိုက်သည်။ ဖက်ဖူး မျက်ဝန်းလေး အံ့ဩမှုနှင့်အတူတောက်ပ ၍ သွားသည်။

ရုပ်ရည်ရှုပကာ အထက်တန်းကျသော ယောကျာ်းတစ်ဦး။ ဖက်ဖူးအသက်နှင့်ယှဉ်လျှင် ငါးနှစ်ခန့်လောက်တော့ ပိုရှိကြီးမည်ထင်၏။





ပြုံးရွှင်နေသော မျက်နှာပေါ်မှာ မိန်းကလေးတွေအပေါ် ကြင်နာ တတ်သည့် စိတ်မှ ရှိပါ့မလားဟု မဆီမဆိုင်အတွေးဝင်လာမိသည်။

ဖက်ဖူးလို သူဆင်းရဲမတစ်ယောက်ကို ပညာတတ်ရုပ်ချော ဥစ္စာ ပေါသည့် ယောကျာ်းတစ်ယောက်က လက်ထပ်ချင်တယ်တဲ့လား။

အမြဲတမ်း ကံဆိုးခြင်းတွေနဲ့ နေသားကျခဲ့သည့် ဖက်ဖူးကို ကံကြမ္မာက မျက်နှာသာပေးလိုက်လို့လား။ ဒါမှမဟုတ် တကယ်ပဲ သနား သဖြင့် အခွင့်ထူးကို ပေးသနားတာလား။

သေချာတာကတော့ ဒါဟာ အိပ်မက်တစ်ခုမဟုတ်။

ဓာတ်ပုံအယ်လ်ဘမ်ကို ကိုင်ထားနေရင်းမှ ဖက်ဖူး အတွေးတွေ မျောနေသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အဟက် နင့်ကိုသူဌေးအသိုင်းအဝိုင်းက ချွေးမတော်ဖို့ ကမ်းလှမ်းတယ် ဟုတ်လား"

အလင်းရောင်၏အမေးက ခနဲ့တဲ့တဲ့ဖြင့် လှောင်ရိပ်တွေပါနေမှန်း ဖက်ဖူး သိနေသည်။ သူ တကယ် မယုံဘူးဆိုတာ ဖက်ဖူး အစကတည်းက ကြိုသိနေသည်ပဲ။

"ဟုတ်တယ် နင် မယုံဘူးမဟုတ်လား"

"ဒါ ယုံစရာကိစ္စလား။ အမေကအရူး အဖေက အမူး၊ လုပ်တဲ့အလုပ်က တက်တူး အဟက် အထင်ကြီးစရာ တစ်ကွက်မှမရှိတဲ့နင့်ကို ဆီစက်တွေ ပွဲရုံတွေအများကြီးပိုင်တဲ့ သူဌေးတွေက ချွေးမတော်ချင်လို့ ကမ်းလှမ်းတယ်ဆိုတော့ အင်း ငါထင်တယ် သူတို့ရဲ့သားက ယူမယ့်မိန်းမမရှိတဲ့ မင်းကုသလိုရုပ်မျိုးပဲ ဖြစ်မယ်"





ပျစ်ပျစ်နှစ်နှစ် ဝေဖန်နေသော အလင်းရောင်၏စကားကြောင့် ဖက်ဖူး ခစ်ခနဲကြိတ်ရယ်လိုက်သည်။ ဒါကို အလင်း မြင်ဖြစ်အောင် မြင်သွားသည်မို့

"အောင်မယ် ဒါ ရယ်စရာလား၊ ငါပြောတာ မဟုတ်လို့လား"

အလင်းရောင် မျက်လုံးအနည်းငယ်ပြူးကာ ခပ်ဆတ်ဆတ် မေးလိုက်သည်။

"နင်က လူတစ်ယောက်ရဲ့ကံကြမ္မာကို အဆိုးမြင်တဲ့ဘက်ကနေကြည့်တာကိုး။ အထူးသဖြင့် ငါ့ရဲ့ကံကြမ္မာကိုပေါ့"

"ဟမ် ဒါဆို ငါပြောတာ မှားတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် လုံးဝကိုမှားတယ်၊ အပြတ်အသတ်ကိုမှားတယ်၊ နင်ထင်သလို အဲဒီလူမှာ ဘာပြစ်ချက်မှ မရှိဘူး။ ရုပ်ရည်ရော ပညာရော စည်းစိမ်ဥစ္စာရော အားလုံးပြည့်စုံတယ်"

ဖက်ဖူး ထိုသို့ ရွှန်းရွှန်းစားစားပြောတော့ အလင်းရောင်၏မျက်နှာ အနည်းငယ် တင်းသွားကာ ဖက်ဖူးကို ချဉ်စူးစူးအကြည့်ဖြင့် ပြန်ကြည့်ပြီး

"နင် လင်လိုချင်ပြီပေါ့ ဟုတ်လား၊ ငရွှမ နန့်ကို နန့်တယ်"

"ဟုတ်တယ် လင်လိုချင်တယ်၊ ဒါပေမဲ့ ငါ့အတွက် ငါကောင်းစားဖို့ဆိုတဲ့စိတ်နဲ့မဟုတ်ဘူး၊ ငါ့အမေရဲ့အရူးရောဂါကို ငွေဘယ်လောက်ကုန်ကုန် ကုပေးနိုင်တဲ့အခြေအနေမျိုးကို ရောက်ချင်တယ်၊ ငါတို့မိသားစု



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတွင်းက ရုန်းထွက်ချင်တဲ့အတွက် ငါ ဒီလမ်းကို ရွေးချယ်လိုက်တာပဲ၊ ဒါမှ ငါ့မိဘကို ငါ ချမ်းချမ်းသာသာ ထားနိုင်မှာပေါ့"

အလင်းရောင် မျက်နှာကို အစွမ်းကုန်မဲ့ပစ်လိုက်သည်။ မျက်နှာမှာ အလိမ်ကျရိုပ်တွေဖြင့် ညှိုမှောင်ကာ တစ်ခုခုကို ဆုံးရှုံးလိုက်ရပြီဟူသော ခံစားမှုက ရင်တွင်းမှာ မနာလိုဝန်တိုခြင်းတွေကို တရိပ်ရိပ် တိုးလာသည်။

သူ အရိပ်လိုကြည့်နေတဲ့ ပန်းလေးတစ်ပွင့်ကို တစ်ပါးသူက ခူးခွေတော့မည်တဲ့လား။ ဒါကို သူ ခေါင်းငုံ့ငြိမ်ခံနေရမှာလား။ ဒါမှမဟုတ် နှင်လက်မထပ်ရဘူးလို့ အပြင်းအထန် ကန့်ကွက်ရမှာလား။

အတ္တကြီးခဲ့သူမဟုတ်ပါပဲနှင့် ဖက်ဖူးကို ဆုံးရှုံးရမည်ဆိုသော စိတ်ကြီးက ရင်ထဲမှာ အတ္တများစွာကို မွေးဖွားပေးနေကြသည်။

"နှင်က အချစ်မပါဘဲ ငွေမျက်နှာတစ်ခုတည်းနဲ့ ဘဝကို ငွေနဲ့လဲလှယ်တော့မယ်ပေါ့"

"အခုလိုဆင်းရဲနွမ်းပါးတဲ့ဘဝမှာ ခေါင်းမဖော်နိုင်အောင် နစ်မြုပ်နေရတာထက်စာရင်တော့ အများကြီးပိုကောင်းမှာပါဟာ"

"ဒါဆို နှင်က သူတို့ရဲ့ချွေးမအဖြစ် သဘောတူတော့မယ်ပေါ့"

"အင်း မနေ့ကပဲ ဒေါ်စိန်တုတ်နဲ့ အကြောင်းပြန်ပြီးပြီ၊ သူတို့နေကောင်းရက်သာ ရွေးပြီး တရားရုံးမှာ လက်ထပ်ပေးမယ်တဲ့"

အလင်းရောင်မျက်နှာမှာ သိသိသာသာ ညှိုမှောင်သွားကာ





အကြည့်တွေကို ဟိုးအဝေးကြီးဆီသို့ ပို့လိုက်၏။ လွန်ခဲ့ပြီ ကိုယ့်အပြစ်နှင့်ကိုယ် ခံပေဦးတော့။ တစ်သက်တာသာ လက်လွှတ်ဆုံးရှုံးလိုက်ပေတော့ဟု ကိုယ့်ကိုယ်ကိုယ် အတွေးထဲမှာ ကျိန်ဆဲပစ်လိုက်သည်။

အမှန်ဆို နှင့်ကိုငါချစ်နေပြီလို့ စောစောစီးစီး ကြိုပြောပေးခဲ့ရမှာ။ ခုတော့ နှင် သူ့ကိုလက်မထပ်ပါနဲ့လို့ တဖွတ်ထိုးဆန်ဆန်ဖြင့် ပိုင်စိုးပိုင်နင်း တားမြစ်ရအောင်လည်း ဖက်ဖူးဘဝကို မြင့်မားအောင် ထားပေးနိုင်သည့်အရည်အချင်း ကိုယ့်မှာမရှိ။

ဆင်းရဲတွင်းနစ်နေသူချင်းအတူတူ လက်တွဲပြီး ရုန်းကန်ကြိုးစားလျှင်တောင် ဒီဘဝမှာ ချမ်းချမ်းသာသာနေနိုင်မည့်ကံကြမ္မာကို အိပ်မက်ထဲတောင် ထည့်မမက်ရဲခဲ့။

ဖက်ဖူးကို အဆုံးရှုံးမခံနိုင်သလို သူ့ဘဝလေးကို ဆင်းရဲတွင်းမှ ရုန်းထွက်စေချင်သည့်ဆန္ဒကလည်း ရင်ထဲမှာ အမှန်ပင်ရှိပါသည်။

ဒီတော့ ချစ်မိသည့် နှလုံးသားခံစားမှုကို ကိုယ့်ဖာသာကိုယ် ဥပေက္ခာ ပြုန်ပြုရတော့မှာပေါ့။

ဖက်ဖူး ဘဝလေး လှပပါစေ။

■ ■ ■

"သမီး ညည်းလင်ယူရင် ငါ အကောင်းစားထမင်းဟင်းတွေ စားရမှာလားဟင်"

"အင်းပေါ့ အမေရဲ့၊ ဖက်ဖူးက အမေ့ကို အကောင်းဆုံးအစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်တွေကို ရနေ့တိုင်းကျွေးမှာ''

ဖက်ဖူး၏ကျေနပ်ပျော်ရွှင်နေသောဟန်က အနာဂတ်အတွက် ယုံကြည်မှုတွေဖြင့် အပြည့်အဝဖြင့် ပြောလိုက်သောကြောင့် ဒေါ်ရွှေစည် ကလေးငယ်တစ်ယောက်လို ထခုန်ကာ လက်ခုပ်လက်ဝါးတီးလိုက်သည်။

''တကယ်နော် တကယ် ဟား ဟား ဒါဆို ကိုရိုးယားမင်းသား ဂျူမုံကိုဝယ်ပေး။ ငါသူ့ကိုချစ်တယ် ပြီးရင် ညည်းနဲ့ပေးစားမယ်''

''ဟာ အမေကလည်း သမီးက ယူလို့မရတော့ဘူးလေ''

''ဟမ် ယူလို့မရတော့ဘူးလား ဟင်၊ ငါကလေ သူ့ကို ငါ့သားလေးအဖြစ်လိုချင်တာတော့၊ ဒါဆို ငါက ဂျူမုံလေးကို ဘယ်သူနဲ့ပေးစားရမှာလဲလို့''

ဒေါ်ရွှေစည် ခြေဆောင့်၍ ချွဲအီအီဆိုလိုက်၏။ ဘာအသိစိတ်မှ မရှိသော အမေ့ကိုကြည့်ပြီး ဖက်ဖူး ရင်ထဲမှာနင့်နေသည်။ အမေ့ဝေဒနာတွေ မကြာခင် ပျောက်ဖို့အတွက် ဘဝကို ခုလိုစွန့်စားလိုက်သည်ဆိုတာ အမေ့ကို မသိစေချင်။ ဖက်ဖူး အမေ့ကို အရမ်းသနားသည်။

''ဟာ သိပြီ ညည်းက ယူလို့မရတော့ဘူးဆိုရင် အကြော်သည် မရဲ့သမီး မိဗျောလေးနဲ့ ပေးစားမယ်၊ မိဗျောလေးက ငါ့ကိုသိပ်ချစ်တာ၊ သူ့အမေ တုတ်တုတ်မသိအောင် အကြော်တွေကို ခိုးကျွေးပြီး ငါ့ကို ကနိုင်းတာ အဟီ''

အမေ့စကားကြောင့် ဖက်ဖူး ဝမ်းနည်းနေရာမှ ပြန်ပြီး ပြုံး





ယောင်သမ်းလာသည်။

''ဟာ အမေကလည်း မိဗျောလေးက ခုမှ နှစ်တန်းပဲရှိသေးတာ ပေါက်ကရတွေ ပြောပြန်ပြီ''

''အိုအေ ဘာပဲဖြစ်ဖြစ် သူက မိန်းမက မိန်းမပါပဲ ဟုတ်ဘူးလား''

''အင်းပါ ဟုတ်ပါတယ်၊ ကဲ ခုတော့ ထမင်းစားကြတော့မယ်နော်၊ နောက်မှ အမေ့ဘာသာ စိတ်ကူးယဉ်တော့ ထ''

အမေ ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ဝေါက်ခနဲ ထလိုက်သည်။ အမေ့ရဲ့လှုပ်ရှားမှုတိုင်းဟာ အသိစိတ်မဲ့နေသော ကလေးငယ်တစ်ယောက်သဖွယ်။ အမေ့ကို ကြည့်ပြီး သက်မတစ်ချက်ကို ဝူးခနဲ မှုတ်ထုတ်လိုက်သည်။

အမေနဲ့အမေရဲ့အနာဂတ်ကို ရွှေရောင်လွှမ်းစေချင်လှပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဆင်းရဲမွဲတေခြင်းတွေဖြင့် ခေါက်ရိုးကျိုးခဲ့သည့် အမှောင်ဖုံးနေသော ဘဝကြီးထဲကနေ ဖက်ဖူးကို သနားသောအားဖြင့် အဘယ်သို့သော နတ်သိကြားတွေကများ လာရောက်ခေါ်ငင်ဆွဲထုတ်သွားကြသလဲဆိုတာ အံ့ဩဘနန်းဖြစ်မိသည်မှာ သိပ်တော့မဆန်းပါ။

ခမ်းနားသော အိမ်ကြီးထဲက အာဒံဦး၏ဇနီးမယားတစ်ယောက်အဖြစ် စတင်ဝင်ရောက်ခဲ့ရသည့်နေ့။ ထိုနေ့ကို ဖက်ဖူးဘဝမှာ ဘယ်တော့မှ မေ့လို့ရတော့မည် မထင်။

''လာလေ ဖက်ဖူးရောင် ဒီအိမ်ကြီးက မင်းနေရမယ့်အိမ်ပဲ၊ ဒီနေ့ကစပြီး မင်းဘဝ်ကို ငါပိုင်သွားပြီ''

ဩရှကြည်လင်သော အသံပိုင်ပိုင်က ဖက်ဖူး၏ဘဝတစ်ခုလုံးကို





သိမ်းကျုံးဆွဲငင်ယူလိုက်သလို ဖက်ဖူး၏ခံစားမှုတွေက ထိုအသံဩဩကြည်ကြည်ထဲသို့ သတိလက်လွတ် မျောပါမိတော့မတတ်။

ဖက်ဖူး ရင်ထဲမှာ အာဒံဦးကို ချစ်မိသည်လား မချစ်မိသေးဘူးလားဆိုတာကိုတော့ ဖက်ဖူး ကိုယ်တိုင် မဝေခွဲတတ်။ မည်သူ့ကိုမှုလည်း သရုပ်ခွဲပြစရာမလို။

အချစ် အမုန်း၊ သိမ်ငယ်မှု၊ ရင်ခုန်သံတွေနှင့် ဂုဏ်သိက္ခာဒါတွေအားလုံး ဖက်ဖူးနှင့်ဘာမျှမဆိုင်။

ယခုအချိန်မှာ ဆိုင်တာ တစ်ခုထဲရှိသည်။ ထိုအရာသည် ဖက်ဖူးဟာ သူဌေးမိန်းမ သူဌေးချွေးမဖြစ်ပြီ။

လူစဖြစ်ကတည်းက ဆင်းရဲနွံချာလာသည့်ဘဝကနေ တစ်ဆင့်တက်ပြီး စည်းစိမ်ပုံကြီးပေါ်သို့ ခုန်၍တက်ခဲ့နိုင်ပြီ။

ယခု ညနေခင်းလေးသည် ဖက်ဖူးဘဝကို ရွှေရောင်တွေ ဖိတ်ဖိတ်တောက်အောင် စတင်လွှမ်းခြုံအုပ်မိုး၍နေသော ညနေခင်းလေးဖြစ်သည်။

ထို့ပြင် တစ်ခါဖူးမျှမခိုလှုံဘူးသော ရင်ငွေ့ကို စတင်ခိုလှုံရသောနေ့တစ်နေ့ဆိုကလည်း မှားမည်မထင်။

''မင်း၊ ရေချိုးခန်း အရင်ဝင်နှင့်ပါလား။ လူလန်းသွားအောင်လေ''

အာဒံဦးဆီမှ ဒုတိယအကြိမ် ထွက်ပေါ်လာသော စေခိုင်းမှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အတွေးတွေ ဖြတ်တောက်လိုက်ကာ ခေါင်းလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။

"ရှင်ကရော ဘယ်သွားမလို့လဲ"

မင်္ဂလာသတို့သားဝတ်စုံကိုချွတ်၍ နောက်ထပ် ဝတ်စုံတစ်စုံကို ဗီရိုထဲမှထုတ်၍ လဲနေသော အာဒံဦးကို မရဲတရဲကြည့်ကာ လှမ်းမေးသည်။

"ဒီနေ့ ဘတ်ချလာနိုက်လေ သူငယ်ချင်းတွေကို ပါတီပေးရဦးမှာပေါ့။ မင်းလိုက်ခဲ့ဖို့ မလိုပါဘူး။ ဟိုမှာ ယောကျ်ားလေးတွေချည်းပဲဆိုတော့ မင်းအနေခက်လိမ့်မယ်"

ပါတီပွဲကို လိုက်ခဲ့ပါဟု မခေါ်တာကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေသည်။ ဖက်ဖူးအဖို့ ခုလို လူတန်းစားအလွှာထဲမှာ ရင်းနှီးစွာ ဝင်ရောဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သေး။

ဒီနေ့လို အကျဉ်းချုံးမင်္ဂလာညစာစားပွဲလေးမှာတောင် ဖက်ဖူး မနေတတ် မစားတတ် မသွားတတ်လောက်အောင်ကို ထည်ဝါလွန်းလှသော လူကုံထံကြားထဲမှာ ဖက်ဖူးစိတ်တွေ မွန်းကျပ်လွန်း၍ ငှက်တစ်ကောင်လို အဝေးသို့ပင် ပျံပြေး၍ ထွက်လိုက်ချင်သည်။

အိပ်မက်ဆန်လွန်းသော အပြောင်းအလဲမြန်လွန်းသော ကိုယ့်အဖြစ်ကိုယ် ပြန်မြို၊ သံသယဝင်မိသည့်အဖြစ်။ ဘယ်လောက်ဆန်းကြယ်လိုက်သည့် ကံကြမ္မာလဲလို့။





"ကဲ ကိုယ်သွားလိုက်ဦးမယ်၊ ဒီညတော့ ကိုယ့်ကိုမျှော်မနေနဲ့တော့၊ အိပ်နှင့်လိုက်တော့"

ဖက်ဖူးနဖူးပြင်ကို အနမ်းနွေးနွေး တစ်ချက်ပေးပြီး ထွက်သွားသော အာဒံဦး၏နောက်ကျောပြင်ကို ငေးကြည့်ပြီး ရင်တွင်းမှာ အဓိပ္ပာယ်မဲ့သလိုခံစားနေရသည်။

တကယ်ဆို သူ့အနမ်းကြောင့် ဖက်ဖူး ရင်ခုန်ရမှာမဟုတ်လား။

အေးစိမ့်ကာ မွှေးရနံ့တွေ ထုံသင်းနေသော အိပ်ခန်းကျယ်ကြီးကို စုမှပင် တမေ့တမော ငေးမောခွင့်ရတော့၏။ ကြည်ပြာနုရောင် ဖဲမွေ့ရာကြီးပေါ်မှ ရင်သပ်ရှုမောဖွယ်ကောင်းလွန်းသော အိပ်ရာခင်းနားအပြင်အဆင်က ခေတ်မီအထက်တန်းကျလွန်းလှကာ တစ်သက်မှာ တစ်ခါသာ မြင်ဖူးခြင်းဖြစ်သည်။

ကျွန်းနက်ရောင် ဖိတ်ဖိတ်တောက်နေသော မှန်တင်ခုံကြီးပေါ်မှ တစ်ခါဖူးမျှ မသုံးဖူး မမြင်ဖူးသော အလှပြင်ပစ္စည်းတွေက ဒီနိုင်ငံထုတ်မဟုတ်ဘူးဆိုတာ မှန်းကြည့်ရုံနှင့် သိ၏။

"မမလေး ညစာ စားမယ်ဆိုရင် စားလို့ရပါပြီ"

အိမ်ဖော်ကောင်မလေး၏အသံကြောင့် ဖက်ဖူး၏စူးစမ်းသော အကြည့်တွေကို ရပ်ကာ အခန်းဝတွင် ရပ်နေသော ကောင်မလေးကို ဖော်ရွေစွာ ပြုံးပြလိုက်သည်။

"ဒီအိမ်မှာ အရင်ကရော ဘယ်သူတွေ နေကြသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ဟင့်အင်း မနေပါဘူး၊ တစ်ခါတလေ အစ်ကိုလေး အာဒံ အပန်းလာဖြေရုံသက်သက်ပါပဲ”

အသက်မပါလှသော အိမ်ဖော်၏ဖြေရှင်းချက်ကြောင့် ဖက်ဖူး အထူးတလည် ထပ်မေးမနေတော့ပေ။

“သြော် ဟုတ်လား၊ အိမ်ကြီးက အရမ်းကြီးနေတော့ မိသားစု တွေနဲ့ အတူနေရမယ် ထင်နေတာ”

“ကိုလေး အိမ်ထောင်ပြုတိုင်း ဒီအိမ်ကြီးမှာ ဘယ်တော့မှ လိုက်မနေဘူး၊ ဒါ အစ်ကိုလေးအတွက် သီးသန့်ဆောက်ပေးထားတာ”

လွှတ်ခနဲ ထွက်သွားသော အိမ်ဖော်၏ထူးခြားသောစကား ကြောင့် ဖက်ဖူး စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။

အစ်ကိုလေး အိမ်ထောင်ပြုတိုင်းဆိုတဲ့စကားက ဘာအဓိပ္ပာယ် လဲ၊ အာဒံဦးဆိုတဲ့လူက ဖက်ဖူးအရင် တခြားမိန်းကလေးတွေနှင့် ဘယ် နှကြိမ်မြောက် လက်ထပ်ခဲ့ဖူးလို့လဲ။

သောကတွေက ဖက်ဖူး၏အပျော်တွေကို ခပ်တိုးတိုးလှောင် ရယ်နေကြသလို ဖက်ဖူး စိတ်တွေကို တစ်ခဏချင်းမှာပင် နုံးခွေ၍သွား စေသည်။

အိမ်ဖော်မလေးက သူ့စကားထဲမှာ လျှို့ဝှက်ချက်တစ်ခု ဖော် ထုတ်သွားတယ်ဆိုတာ နည်းနည်းလေးမှ ရိပ်မိပုံမပေါ်။ ခပ်အေးအေးပင် ဖက်ဖူးရှေ့မှ ထွက်သွား၏။





ဖက်ဖူးမှာသာ ဝမ်းနည်းရမှာလား၊ ငိုကြွေးရမှာလား၊ နာကျင် ကြေကွဲရမှာလား။

ဟင့်အင်း ဖက်ဖူး ဘာမှမစဉ်းစားတတ်တော့ဘူး။ ခုချိန်မှာ ဖက်ဖူး စဉ်းစားမိတာက အမေ့ကို အရူးရောဂါပျောက်အောင် ကုသပေး ဖို့ ငွေကြေးအမြောက်အမြား လိုအပ်နေတာကိုပါပဲ။

ဒါဟာ ဖက်ဖူးရဲ့အဓိက ရည်မှန်းချက်။

■ ■ ■

“ကဲ မင်းအမေကို စိတ်ကျန်းမာရေးဆေးရုံကို ပို့ပြီး ဆေးကု သမှု ခံယူနိုင်းလိုက်ပြီဆိုတော့ မင်းရဲ့ဆန္ဒပြည့်ဝပြီမဟုတ်လား ဖက်ဖူး ရောင်”

အာဒံဦး ဖက်ဖူးလက်ကို ဆုပ်ကိုင်ပြီး ပြောတော့ ဖက်ဖူး ကျေးဇူးတင်သောအကြည့်ဖြင့် အာဒံဦးကိုမော့ကြည့်လိုက်သည်။

“ဖက်ဖူးအမေကို ခုလို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးတင် တယ် အာဒံရယ်၊ ဒီကျေးဇူးကို ဖက်ဖူး ဘယ်တော့မှ မမေ့ပါဘူး”

“မလိုပါဘူး မင်းကို လက်ထပ်လိုက်ရင် မင်းမိသားစုရဲ့အဆင် မပြေမှုတွေကို တာဝန်ယူဖြေရှင်းပေးရမယ်ဆိုတာ ငါကြိုပြီး စဉ်းစားထား ပြီးသားပဲ”

ဝတ္တရားဆန်သောစကားဖြင့် အာဒံဦး ပြန်လည်ချေပလိုက် သည်။ အမှန်ဆို အာဒံဦးအဖို့တော့ အပေးအယူတစ်ခုပဲ။ ထိုအပေးအယူ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာမေတ္တာတရားတွေ မပါ။ ရင်ခုန်သံတွေမပါ။ ကိုယ့်ရဲ့လိုအပ်ချက် ပြည့်ဝဖို့ သူဆင်းရဲမလေးတစ်ယောက်ကို ခေါ်စတေးလိုက်သည့်အတွက် ယခု အာဒံဦး ပြန်လည်ပေးဆပ်နေရတာတွေဟာ ဘာများပြောပလောက်စရာရှိမှာလဲ။ တကယ့် အသေးအမွှားလေးပါ။

"ဟို ဟိုလေ ဖက်ဖူးထပ်ပြီး တောင်းဆိုစရာ ရှိသေးတယ်"

ဖက်ဖူး၏အသံက သိမ်ငယ်မှုတွေကြောင့် အားနည်းတိုးဖျော့နေသည်။

"ဘာလဲ ဘာတောင်းဆိုမှာလဲ၊ မင်းနဲ့ငါက လင်မယားဖြစ်သွားကြပြီလေ၊ တောင်းဆိုစရာမှ မလိုတော့တာ၊ အရာရာကို မင်းစိတ်မင်းသဘောလုပ်ခွင့်ရှိတယ်၊ ဟော ဟိုမှာတွေ့လား"

အာဒံဦး ညွှန်ပြရာသို့ ဖက်ဖူး သမင်လည်ပြန်ငေးကြည့်လိုက်သည်။

"အဲဒီ မီးခံသေတ္တာထဲမှာ ငွေအပြည့်ထည့်ထားတယ်၊ မင်းလိုသလောက်ကို ယူသုံးလို့ရတယ်၊ ဘဏ်ထဲမှာလည်း မင်းနာမည်နဲ့ ငွေစာရင်းဖွင့်ပေးထားတယ်၊ လိုတာယူသုံး။ မင်းအဖေကိုလည်း ပေးချင်သလောက်ပေး။ ဟုတ်ပြီလား။ မင်းသုံးလို့ ငါ့စည်းစိမ်တွေ တက်တက်စင်အောင် ပြောင်သွားမှာမှ မဟုတ်တာ"

ဖက်ဖူး၏ လိုအပ်ချက်မှန်သမျှကို သိနေသော အာဒံဦး၏အရိပ်အကဲနားလည်မှုကြောင့် ဖက်ဖူး ရင်ထဲမှာ ဖော်မပြနိုင်သော ဇကျုးဖူး





တရားတွေက အထပ်ထပ်စုပုံ၍နေသည်။

ဖက်ဖူးက ကံကောင်းနေတာလား။ ဒါမှမဟုတ် ကံဆိုးခြင်းတွေမလာခင် ကံကြမ္မာက အရိပ်အမြွက်လောက်သော ကံကောင်းခြင်းတွေကို ပေးသနားနေတာလား။ ဖက်ဖူး စိတ်ထဲမှာ အာဒံဦးအပေါ် ကျေးဇူးတင်ခြင်းတွေနှင့်အတူ လင်ယောကျ်ားတစ်ယောက်အပေါ် ဇနီးမယားတစ်ယောက် တင်သင့်တင်ထိုက်သော သံသယကလည်း နှလုံးခုန်နှုန်းအတိုင်း ရှင်သန်နိုးကြား၍နေသည်။

ဘာကြောင့် အာဒံဦးဆီမှ ရင်ခုန်စရာကောင်းသော အကြင်နာတွေကို မရရှိသေးတာလဲ။ တာအတွက်ကြောင့် ညစဉ်ညတိုင်း အာဒံဟာ ဖက်ဖူးအနားမှာ ရှိမနေရတာလဲ။ အာဒံဟာ ဖက်ဖူးမသိနိုင်သော မသိသေးသော လျှို့ဝှက်ချက်တစ်စုံတစ်ရာ ရှိနေတာတော့ သေချာနေပြီ။

ထိုလျှို့ဝှက်ချက် ဘာလဲဆိုတာ ဖက်ဖူး ရအောင် စုံစမ်းရမည်။ အာဒံဦး ညစဉ်ညတိုင်း ဘယ်ကိုသွားနေသလဲဆိုတာ ဖက်ဖူး သိပြီးမှ ရင်ထဲက သံသယတွေကို အတိုးအလျှော့လုပ်နိုင်မှာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဗိမ်ခံကားပေါ်မှ ခပ်ကြွကြွရွရွလေး ဆင်းလာသော ဖက်ဖူးကို ကြည့်ပြီး အလင်းရောင် ကွမ်းတံတွေးကို ပျစ်ခနဲ ထွေးပြီး မဲ့လိုက်ကာ

''ဩော် သူဌေးမကြီးက ဒီလို အနုတ်စုတ်ဂုတ်စုတ်နေရာကို လာသေးတာကိုး''

ခနဲ့လိုက်သော အလင်းရောင်အသံကြောင့် ဖက်ဖူး ခြေလှမ်းတွေ တုံ့သွားကာ နောက်ကိုလှည့်ကြည့်လိုက်သည်။

''ဒါ ငါ့မိဘအိမ်ပဲ လာရမှာပေါ့ အလင်းရယ်၊ နင်ကလည်းလေ ငါ့ကိုတွေ့တာနဲ့ ရန်ထောင်ဖို့ပဲ''

''အောင်မလေး မထောင်ရဲပါဘူးဗျား သူဌေးမယားဖြစ်သွားတဲ့ သူဌေးမကြီးကို ငါလို အုတ်ကြားမြက်ပေါက် အလေအလွင့်ကောင်က ရန်မထောင်ရဲပါဘူး''





လက်တကာကာဖြင့် မဲ့ကာရွဲ့ကာ ခနဲ့စကားဆိုနေသော အလင်းကို စကားနိုင်ပြန်လှနေတော့ဘဲ အဖေရှိရာ အိမ်ကလေးပေါ်သို့ တက်လာခဲ့လိုက်တော့သည်။

ဖရိုဖရဲ အိပ်ရာထက်မှာ အိပ်မောကျနေဆဲဖြစ်သော အဖေ့ကို ဖက်ဖူး လှုပ်နှိုးလိုက်သည်။

''အဖေ အဖေ''

''အင်း ဘယ်သူလဲ''

''ဖက်ဖူးပါ ထတော့လေ အဖေရဲ့၊ နေပဲအတော်မြင့်နေပြီ''

''ဩော် သမီး ဖက်ဖူး''

အိပ်ရာထက်မှ လူးလဲထနေသော အဖေ့ကို ဖက်ဖူး တွဲထူလိုက်သည်။

''အား ကျွတ် ကျွတ် အဖေ ညက နည်းနည်းများသွားတယ် သမီးရ''

''အဖေရယ် အဲဒီအရက်တွေကို သိပ်မသောက်ပါနဲ့တော့ ကြာရင် အဖေ့ကျန်းမာရေး ထိခိုက်လိမ့်မယ်၊ နောက်ပြီး အဖေ့ဘေးမှာ အရင်လိုပြုစုပေးမယ့် သမီးလည်းရှိတာမဟုတ်ဘူး''

''အေးပါ ခုတလော အဖေ ပျော်နေလို့ပါ သမီးရာ၊ ညည်းဘဝ ချမ်းချမ်းသာသာနဲ့ နေသွားရပြီဆိုတဲ့ပီတိက အဖေ့စိတ်ကို လွတ်လျော့သွားစေတယ်၊ ခုချိန်မှာ အဖေ သေမယ်ဆိုရင်တောင် သေပျော်ပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ အမေကလည်း ဘာတွေပြောနေတာလဲ၊ အမေက အလတ်ကြီးပဲရှိသေးတယ်၊ ဘာကြောင့်သေရမှာလဲ၊ အခု သမီးက အမေ့ကို လာခေါ်တာ"

"ဘာ ဘယ်လို အမေ့ကိုလာခေါ်တာ ဟုတ်လား"

"အင်း ကိုအာဒံဦးက အမေ့ကို အိမ်မှာပဲ ခေါ်ထားပါဆိုလို့ ဖက်ဖူး လာခေါ်တာ"

ဖက်ဖူး စကားကြောင့် အမေ ခေါင်းတဆတ်ဆတ် ခါပြီး

"ဟာ မနေပါဘူး၊ အမေ့စရိုက် အမေ့အဆင့်အတန်း နေမှု ထိုင်မှုတွေက အရမ်းနိမ့်ကျလွန်းပါတယ်၊ အမေ့ကြောင့် ငါ့သမီး စိတ် အနှောင့်အယှက်ဖြစ်ရလိမ့်မယ်"

ဖက်ဖူး ကြိုတွက်ထားသည့်အတိုင်း အမေ ငြင်းဆန်နေသည် မို့ ဖွတ်အတင်း ခေါ်မနေတော့ဘဲ အမေသုံးဖို့ အိမ်စရိတ်အနေဖြင့် ငွေငါးသိန်းထုတ်ပေးလိုက်သည်။

"ဟင် ငွေ ငွေတွေကအများကြီးပဲ၊ အဲ အဲလောက်ငွေအများ ကြီးကိုင်ပြီး အမေ မသုံးတတ်ပါဘူး၊ မတော် သူခိုးတွေဘာတွေခိုးသွားမှ ဖြင့်ကွယ်"

"ဘယ်သူခိုးမှ မခိုးပါဘူး အမေရယ်၊ ဘာမှတွေးပြီး ပူမနေပါ နဲ့၊ နောက်ဆို အမေ ဒီအိမ်ကို ဆက်ပြီးငှားစရာမလိုတော့ဘူး၊ အမေ့ အတွက် သင့်တော်တဲ့အိမ်တစ်လုံး ဝယ်ပေးပါ့မယ်"





"အမေ့အတွက် အရမ်းကြီး ငွေအကုန်မခံပါနဲ့ သမီးရယ်၊ တော်ကြာနေ ညည်းယောကျ်ားက ညည်းကို ငြိုငြင်နေပါဦးမယ်"

သမီးတစ်ယောက်လုံး သူဌေးမယားဖြစ်သွားရုံနဲ့ အခွင့်အရေး ကို ဒီထက်ပို၍ မလိုချင်။ ကိုယ့်သမီးလေး မျက်နှာငယ်မှာကို မလိုလား။

"ကိုအာဒံဦး ကိုယ်တိုင်မှ သမီးကို ခုလိုလုပ်ဖို့ အခွင့်အရေးတွေ ပေးထားတာ အမေ၊ ဒီအတွက် ဘာမှမပူပါနဲ့၊ ကဲ ဖက်ဖူး အဘွား ဒေါ်မြအေး အခန်းဆီ ကူးလိုက်ဦးမယ်၊ အဘွားအတွက် ကွမ်းဖိုး ဆေးဖိုး လေး သွားပေးလိုက်ဦးမယ်"

"အေး အေး ခုချိန်လောက်ဆို ဆေးလိပ်တစ်တိုနဲ့ မျှော်နေ လောက်ရောပေါ့"

■ ■ ■

"အောင်မလေး ဘုရား ဘုရား ဒီလောက်များတဲ့ငွေတွေကို ဘွား မယူပါရစေနဲ့အေ၊ တစ်ခါမှလည်း မကိုင်သုံးဖူးပါဘူး"

အသံတုန်တုန်ဖြင့် ငြင်းနေရှာသော ဘွားဒေါ်မြအေးကို ဖက်ဖူး ပြုံး၍ ကြည့်လိုက်ကာ

"အရင်က မကိုင်ဖူးပေမယ့် ခုကိုင်ပြီး သုံးပါ အဘွားရယ်၊ လှူစရာရှိတာလည်း လှူပေါ့၊ အဘွားကို ဖက်ဖူး အမြဲထောက်ပံ့ပါ့မယ်"

တစ်ချိန်လုံး ငြိမ်ပြီး ကြည့်နေသော အလင်းရောင် မနေသာ တော့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဖက်ဖူး ချမ်းသာတဲ့လင်ကို ရသွားတယ်ဆိုပြီး ငါ့ရှေ့မှာ ငွေအထုပ်လိုက်ကိုင်ပြီး ဖလမ်းဖလမ်း လာထပြမနေနဲ့၊ အဲဒီငွေတွေကို နင်ပြန်ယူသွား၊ ငါ့အဘွားကို ငါရှာကျွေးနေတာ၊ ဘယ်သူ့ပေးစာကမ်းစာမှ လက်ခံစရာမလိုဘူး၊ ပြန်ပေးလိုက် အဘွား"

အဘွား ဒေါ်မြအေး အလင်းရောင်ကို မျက်စောင်းလှမ်းထိုးရင်း

"ဟဲ့ အကောင်လေး နင့်ပါးစပ်ပေါက်က ဘာလို့ အဲလောက်နံနေရတာလဲ၊ ခမျာမှာ စေတနာနဲ့ ငါ့ကိုလာထောက်ပံ့တာဟဲ့၊ ဒါကို နင်က ကြားထဲက ဘာမနာလိုဖြစ်နေရတာတုန်း၊ နင်တောင် ငါ့ကို သိန်းနဲ့ချီပြီးမပြောနဲ့ သောင်းနဲ့ချီပြီး ငါ့လက်ထဲအပ်ဖူးလား၊ အဘွား လှူချင်တာလှူပါလို့ ပြောဖူးလို့လား ဟမ်"

ဘွား ဒေါ်မြအေး အလင်းရောင်ကို အပြစ်ပြန်တင်သော စကားကြောင့် အလင်းရောင် ပို၍ပင် ရှူးရှူးရှားရှား ဖြစ်သွားကာ

"ဩော် ဘွားက ခုကျတော့ ဒီစကားမျိုး ပြောပြီပေါ့၊ သူ ခုလိုမျိုးသာ သူ့ငွေနဲ့မရဘဲ အရင်လိုမွဲကြည့်ပါလား အဘွားကို လာပေးမလား"

အလင်းရောင်၏ထိုးနှက်ချက်တွေကြောင့် ဖက်ဖူး စိတ်မကောင်းဖြစ်မိပေမယ့် ဘာမှတော့ ခွန်းတုံ့ပြန်မနေတော့၊ အဘွား အားနာသွားသဖြင့်

"ဖက်ဖူး ငါ့မြေး ဒီကောင့်ကြောင့် ဘာမှစိတ်အနှောင့်အယှက်





ဖြစ်မနေနဲ့၊ အမှန်ပြောရရင် သူက ငါ့မြေးကို ကြိတ်ကြိုက်နေတာ၊ သူ အိမ်ထောင်ပြုရင် ဖက်ဖူးကိုပဲပြုမယ်လို့ အဘွားကို မကြာမကြာ ပြောဖူးတယ်၊ ခုလို သမီးက တခြားတစ်ယောက်နဲ့ယူသွားတော့ သူ့မှာ ဖက်ဖူးကို တစ်သက်လုံး ဆုံးရှုံးရပြီဆိုတဲ့စိတ်ကြီးနဲ့ မတွေးနိုင်မအန်နိုင်တွေ ဖြစ်နေတာ"

အဘွားစကားကြောင့် ဖက်ဖူး အံ့သြတုန်လှုပ်သွားသည်။ ဖက်ဖူးကို စိတ်ဝင်စားနေကြောင်း ချစ်ကြောင်း အရိပ်အမြွက်ကလေးတောင် မပြဘဲ အမြဲတမ်း မခံချင်သောစကားတွေဖြင့်သာ ထိုးနှက်ခဲ့သော အလင်းက ဖက်ဖူးကို ချစ်နေသည်တဲ့လား။ မယုံချင်စရာပဲ အလင်းရယ်။

တကယ်ဆို နင်က အစောကြီးကတည်းက ဖွင့်လင်းခဲ့သင့်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မမလေး နေပါ အဲဒီအလုပ်တွေက ကျွန်မလုပ်ရမယ့်အလုပ်ပါ၊ ပေး ပေး ကိုယ့်ဟာကိုယ် သက်သောင့်သက်သာနေ"

ဖက်ဖူး လက်ထဲမှ အသားကြိတ်စက်ကို အတင်းဆွဲယူပြီး တားမြစ်နေသော အိမ်ဖော်မလေး မဝင်းကိုကြည့်ပြီး ဖက်ဖူး ပြုံးလိုက်ပြီး

"ဘယ့်နှယ်ကြောင့် လူကို ဘာတစ်ခုမှ ကိုင်ခွင့်မပေးနေရတာလဲ မဝင်းရယ်၊ ဖက်ဖူးလည်း ဝိုင်းလုပ်မှ မြန်မြန်ပြီးမှာပေါ့"

"ဒါဆိုရင်လည်း မပင်ပန်းတဲ့အလုပ်လောက်ပဲ လုပ်ပါနော်၊ မမလေး အရမ်းပင်ပန်းလို့မဖြစ်ဘူး၊ အစ်ကိုလေးသိရင် ကျွန်မကို သတ်မှာ"





"အင်းပါ အာဒံ မသိစေရပါဘူး"

ဆိတ်သားတွေကို အသားကြိတ်စက်ထဲထည့်ပြီး ကြိတ်နေသော ဖက်ဖူးကို မဝင်း သနားကရုဏာသက်သောအကြည့်ဖြင့် ကြည့်ကာ သက်ပြင်းကို မသိမသာ ချလိုက်သည်။

"မမလေးက အရမ်းသဘောကောင်းတယ်၊ မာနလည်း မကြီးဘူးနော်၊ မဝင်း မြင်ခဲ့သမျှ အိမ်ရှင်တွေထဲမှာ မမလေး သဘောအဖြူဆုံးပဲ"

မဝင်း စကားကြောင့် ဖက်ဖူး ခပ်တိုးတိုးရယ်လိုက်သည်။ မဝင်းနှင့်ဖက်ဖူးကြားက ဆက်ဆံရေးသည် အရင့်အရင်ရက်များကထက် ပို၍ ရင်းနှီးကျွမ်းဝင်လာသည်။

"ဟိုလေ မဝင်းကို ဖက်ဖူး တစ်ခုလောက်မေးချင်တယ်"

"မေးလေ မမလေး ဘာမေးမလို့လဲ"

"ကိုအာဒံဦးက ဖက်ဖူးနဲ့ လက်မထပ်ခင်ကရော ခုလို ညဘက် တိုင်း အပြင်ထွက်လေ့ရှိလား"

"အဲ ဒါ ဒါတော့ ကျွန်မလည်း မသိဘူး"

"ဟင် မဝင်းပြောတော့ ဒီမှာအလုပ်ဝင်တာ ကြာပြီဆို"

မဝင်း မျက်နှာပျက်သွားကာ

"တကယ်တမ်းပြောရရင် ကျွန်မ ဒီအိမ်မှာအလုပ်ဝင်တာ မကြာသေးပါဘူး မမလေး၊ နောက်ပြီး ဒီအလုပ်က ကျွန်မအတွက်



www.burmeseclassic.com

www.burmeseclassic.com



မြမယ့်အလုပ်လည်းမဟုတ်ဘူး၊ တစ်နှစ်ပြည့်ရင် ထွက်ရမှာမို့ ကျွန်မ အစ်မက ပြောတယ်''

''ဟင် မဝင်း အစ်မက ဒီမှာလုပ်ဖူးလို့လား''

''ဟုတ်တယ် ကျွန်မအရင် ဒီအိမ်မှာလုပ်သွားတဲ့ မခင်မြဆိုတာ ကျွန်မအစ်မပဲ၊ မခင်မြနဲ့ ကျွန်မ ညီအစ်မတော်တယ်ဆိုတာကိုတော့ ဒီအိမ်က အစ်ကိုလေးရော သူ့မိဘတွေရော မသိကြဘူး၊ ကျွန်မအစ်မက လစာကောင်းလို့သာ တစ်နှစ်လုပ်ရလည်း မနည်းဘူးဆိုပြီး ဒိုင်လျှိုလေး ထည့်လိုက်တာ''

''မဝင်းအစ်မက ဘယ်တုန်းက အလုပ်ဝင်ခဲ့တာလဲ''

''လွန်ခဲ့တဲ့ တစ်နှစ်ကျော် နှစ်နှစ်လောက်တော့ ရှိမယ်ထင်တယ်၊ ဒီအိမ်ကြီးက နာရေးတစ်ခါဖြစ်ပြီးရင် အလုပ်သမားတွေပါ အသစ်ပြောင်းပစ်တာလို့ အစ်မကပြောတယ်''

''ဘယ်လို နာရေးတစ်ခါဖြစ်တိုင်း ဟုတ်လား''

မဝင်း၏စကားက ထူးဆန်းလွန်း၍ ဖက်ဖူး ရင်ထဲ ဘာကြောင့်ရယ်မသိ ဒိတ်ခနဲ ဖြစ်သွားသည်။

''နာရေးက ဒီအိမ်မှာ ခဏခဏဖြစ်လို့လား၊ အဲလိုဖြစ်တိုင်း ဘာကြောင့် အိမ်ဖော်တွေကို အလုပ်ထုတ်ပစ်ရတာလဲ မဝင်း''

မဝင်း မျက်နှာ ကွက်ခနဲ ပျက်သွားသည်။ ဖက်ဖူး အပေါ် စကားတွေလွန်သွားမှန်းသိ၍ ဘရိတ်ပြန်အုပ်လိုက်ဟန်ဖြင့်





''အင်း အဲ အဲဒါတော့ မသိတော့ဘူး''

မဝင်း မျက်နှာပေါ်မှ လျှို့ဝှက်ခြင်းတွေဖြင့် ထွေးလိပ်နေမှန်း သိသာနေ၏။ ဒီလိုနည်းနှင့်တော့ မဝင်းဆီမှ ဖက်ဖူး သိချင်သည့် အကြောင်းအရာကို သိနိုင်မည်မဟုတ်ဘူးဆိုတာ ဖက်ဖူး ကောင်းကောင်း သဘောပေါက်လိုက်သည်။

ထို့ကြောင့် ထိုအကြောင်းအရာကို စိတ်မဝင်စားတော့ဟန်ဖြင့် စကားလမ်းကြောင်းလွှဲဖို့ အကြောင်းရှာလိုက်သည်။

''ဩော် မဝင်း ကြိတ်ထားတဲ့အသားထဲကို ဂျင်းနဲ့ကြက်သွန်မြိတ် ထောင်းပြီး နယ်ထားလိုက်ဦးနော်၊ ဒါမှ ညီနှံ့ပျော့ပျောက်မှာ''

''ဟုတ်ကဲ့ ထည့်လိုက်မယ် မမလေး''

''ဒီကြံမဆိုင်က ချဉ်ငံစပ်ကလေးချက်ဦးနော်၊ အာဒံက ချဉ်ငံစပ်မှကြိုက်တာ''

''စိတ်ချပါ မဝင်းတို့ချက်ရင် အစ်ကိုလေးကြိုက်သွားစေရမယ် အဟင်း ဟင်း''

မဝင်း အာရုံပြောင်းသွားသည်။

''အားလုံးချက်ပြီးရင် ဖက်ဖူး အခန်းထဲကိုလာခဲ့ဦးနော် မဝင်းကို လက်ဆောင်ပေးစရာရှိလို့''

ဖက်ဖူး၏ မက်လုံးပေးမှုကြောင့် မဝင်းမျက်နှာလေး ဝင်းထိန် သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"လက်ဆောင် ဟုတ်လား မမလေး။ ဘာလက်ဆောင်လဲဟင်"

"မနေ့က ဈေးဝယ်ထွက်ရင်း မဝင်းနဲ့လိုက်တဲ့ ပိတ်စလေးတွေ လို့ ဝယ်လာတယ်"

"ဟယ် ဟုတ်လား။ အားနာစရာကြီး မမလေးရယ်၊ အစ်ကို လေးသိရင် မမလေးပေးတာ ယူရကောင်းမလားဆိုပြီး ဆူနေပါ့မယ်"

"ဩော် မဝင်းကလည်း ဝေးရန်ကော ဖက်ဖူးက ဒီလောက် အသေးအဖွဲကိစ္စလေးကို အာဒံကို ပေးသိပါ့မလား။ ဘာမှမစိုးရိမ်ပါနဲ့၊ ဖက်ဖူး မွေးလာကတည်းက ညီအစ်ကိုမောင်နှမ မရှိတော့ အရမ်းကို အထီးကျန်ဆန်ခဲ့ရတယ်၊ အစ်မဖြစ်ဖြစ် ညီမဖြစ်ဖြစ်ရှိရင် သိပ်ကောင်း မှာပဲလို့တွေးပြီး တောင့်တခဲ့မိတယ်"

"ဒါဆို ကျွန်မကို ကိုယ့်ညီမတစ်ယောက်လို သဘောထားလိုက် ပေါ့ မမလေးရယ်"

"ဒါပေါ့ ဒါကြောင့် မဝင်းကို ဖက်ဖူးရဲ့သွေးသားရင်းချာလို သဘောထားလို့ ခုလိုမျိုး ဝယ်ပေးတာပေါ့၊ မဝင်းသာ ဖက်ဖူးကို သွေး သားရင်းလို သဘောထားတယ်ဆိုရင် ဘယ်လိုအကြောင်းအရာမျိုးကို မဆို ပွင့်ပွင့်လင်းလင်း တိုင်ပင်ပေးပါ၊ ဒီအိမ်ကြီးမှာ အရင်းနှီးဆုံးဆိုလို့ မဝင်းနဲ့ဖက်ဖူးပဲရှိတာ မဟုတ်လား"

ဖက်ဖူး၏ နွေးထွေးနှစ်လိုဖွယ်ကောင်းသော စကားကြောင့် မဝင်း တွေဝေသွားသည်။ မျက်နှာမှာ ချက်ချင်းညှိုးဖျော့၍သွားသည်ကို





ဖက်ဖူး အသေအချာလေးကို ရိပ်မိလိုက်သည်။

"ကဲ ဖက်ဖူး အခန်းထဲ ပြန်လိုက်ဦးမယ်၊ အားလုံးကျက်သွား ရင် ဖက်ဖူးကိုလာခေါ်နော်၊ ဖက်ဖူးတို့ ထမင်းအတူတူ စားကြတာပေါ့"

မဝင်း ဖက်ဖူးဘက်ပါလာအောင် စည်းရုံးသွေးဆောင်ပြီး အခန်းဆီသို့ ပြန်လာလိုက်၏။

ဖက်ဖူး ရင်ထဲမှာ အမျိုးအမည် ဖော်ပြ၍မရနိုင်သော စိုးရိမ် စိတ်ကြီးက အမှောင်ကမ္ဘာထဲမှ တစ္ဆေသရဲတစ်ကောင် စောင့်ကြည့်ခြင်း ခံရသလို နောက်ကျောမလုံ ဖြစ်နေမိသည်။

နေသာနေနေရသည်။ စိတ်ထဲမှာ မသိုးမသန့်နှင့်။

"ဖက်ဖူး ဘယ်အချိန်ရှိပြီလဲ အိပ်တော့လေ"

ခုတင်ထက်တွင် ဟိုလှည့်ဒီလှည့်ဖြင့် ဂနာမငြိမ်ဖြစ်နေသော ဖက်ဖူးကို အာဒံဦး စာဖတ်နေရင်းမှ လှမ်းပြော၏။

တစ်ဆက်တည်းမှာပင် နံရံမှ တိုင်ကပ်နာရီကို လှမ်းကြည့်လိုက် သည်။

"ဖက်ဖူး ခေါင်းနည်းနည်းမူးနေလို့ပါ"

ခေါင်းမူးနေသည်ဆို၍ အာဒံဦး လှုပ်လှုပ်ရှားရှားဖြစ်ကာ ဖက်ဖူးနားကို လျှောက်လာသည်။

"ခေါင်းမူးနေရင် ဆရာဝန်ဆီ လှမ်းမေးလိုက်မယ်လေ"

"ဟင့်အင်း အဲဒီလောက်မလိုပါဘူး၊ အိပ်ပျော်သွားရင် သက်သာ



www.burmeseclassic.com

www.burmeseclassic.com



သွားမှာပါ"

အာဒံဦး မျက်နှာပေါ်မှ စိုးရိမ်စိတ်ထက် တက်ကြွနေသောဟန်ကို အထင်းသားတွေ့လိုက်ရ၍ ဖက်ဖူး မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

အမှန်ဆို ကိုယ့်ဖနီးသည်တစ်ယောက် နေမကောင်းချင်သလို ဖြစ်နေပြီဆိုမှတော့ သူ့မျက်နှာ အမူအရာတွေဟာ စိုးရိမ်ပူပန်ခြင်းဘက်မှာ အားသာနေရတော့မှာပေါ့။

ခုတော့ ထိုသို့မဟုတ် ဖက်ဖူး၏ဝေဒနာတွေ ဘယ်လောက်အတိုင်းအတာအထိ မြင့်တက်လာသလဲဆိုသည်ကို စောင့်ကြည့်နေသည့် အနေအထားမျိုးဖြင့် သွက်လက်တက်ကြွလွန်းနေသည်။

"ဒါဆို အိပ်လိုက်လေ၊ မအိပ်ဘူးဆိုလည်း အပျင်းပြေ တီဗွီလေးဘာလေး ထကြည့်ပါလား၊ FOX လိုင်းက walking dead အရမ်းကောင်းတယ်၊ သေပြီးတဲ့သူတွေ အသက်ပြန်ရှင်ပြီး လူသားစားတဲ့ကား"

အာဒံဦး ပြောကာမှ အရင်က မမူးသည့်ခေါင်းမှာ အော်ဂလီတွေဆန်ကာ မူးချင်သလိုလို ဖြစ်သွားသည်။

"ဟင့်အင်း မကြည့်ရဲပါဘူး၊ ကြောက်စရာကြီး တော်ပြီ ဖက်ဖူးအိပ်တော့မယ်"

ဖက်ဖူး တစ်ဖက်သို့လှည့်ပြီး မျက်လုံးစုံမှိတ်ပစ်လိုက်သည်။ အာဒံဦးထံမှ သဘောတကျဖြင့် ရယ်သောအသံ ခပ်တိုးတိုးထွက်လာ





သည်။

ဖက်ဖူး တမင်ပင် မကြားဟန်ပြုလိုက်သည်။ ထို့နောက် အခန်းလေးသည် ပြန်လည်၍ တိတ်ဆိတ်သွားသည်။ အတော်ကြာသည်အထိ ဖက်ဖူး လှုပ်လှုပ်ရှားရှား မလှုပ်ဘဲ အိပ်ပျော်သွားဟန်ဖြင့် ငြိမ်နေလိုက်သည်။

အာဒံဦးမှာ ဖက်ဖူး အိပ်ပျော်သွားသည်ထင်ပြီး ခုတင်နားသို့ ခြေသံဖွ၍ လျှောက်လာသည်။ ဖက်ဖူး သိပေမယ့် တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ပြီး နားစွင့်လိုက်သည်။

အခန်းထဲတွင် ဖက်ဖူး၏အသက်ရှူသံ ခပ်မျှင်းမျှင်းနှင့်အတူ အာဒံ၏လှုပ်ရှားသံ ခပ်တိုးတိုးတို့ လုံးထွေး၍နေသည်။

သိပ်မကြာလိုက် အခန်းထဲမှ ထွက်သွားသော အာဒံ၏ခြေသံကို ကြားလိုက်ရသည်။ ဖက်ဖူး မျက်ဝန်းအစုံ ဖျတ်ခနဲ ပွင့်လာကာ အာဒံ၏နောက်ကိုလိုက်ရန် ခေါင်းအုံးအောက်မှ လယ်သာပိုက်ဆံအိတ်ကို နှိုက်ကာ အောက်ထပ်သို့ ခပ်သွက်သွက်ဆင်းလာလိုက်သည်။

ဖက်ဖူး အိမ်ပေါက်ဝရောက်တော့ အာဒံဦး ကားစက်ပင်နှိုးနေပြီ။ ကားက ခြံဝသို့ တစ်ဘီးချင်းလိမ့်နေသည့်အချိန်ထိ ဖက်ဖူး ကားနောက်မှ ပုန်းလျှိုးကွယ်လျှိုးဖြင့် ကပ်လိုက်လာလိုက်သည်။

ခြံဝရောက်၍ အာဒံ ခြံတံခါးဆင်းဖွင့်ရန် ကားပေါ်မှ ဆင်းသွားသည်နှင့် ဖက်ဖူး ကားနောက်ခန်းတံခါးကို အသံမကြားအောင် ဖွင့်၍



www.burmeseclassic.com

www.burmeseclassic.com



ကားနောက်ခန်းထဲတွင် ဝင်ပုန်းနေလိုက်သည်။

ကားနောက်ခန်းမှာ ဖက်ဖူးကိုယ်လေးကို ဝပ်ပြီး လိုက်လာသည်ကို အာဒံ နည်းနည်းမှ မရိပ်မိ။

ထိုစဉ် အာဒံဦးထံမှ ဖုန်းမြည်လာသည်။

"ဟဲလို မောင်လာနေပြီ၊ အခု လမ်းပေါ်ရောက်နေပြီ၊ နောက် ငါးမိနစ်ဆိုရင် ရောက်ပြီ"

နောက်ခန်းထဲတွင် ပုန်းနေသော ဖက်ဖူး အတိုင်းသားကြားလိုက်ရသော အကြောင်းအရာမှာ ဖက်ဖူးဘဝတစ်ခုလုံး ပြောင်းဆန်အောင် အရှင်လတ်လတ် ငုတ်တုတ်မေ့သွားလောက်၏။

ခန္ဓာကိုယ်ထဲမှ ဝိညာဉ်တွေ အဝေးကိုလွင့်ထွက်သွားရလောက်အောင်ကို အသိစိတ်တွေက ခန္ဓာကိုယ်မှာ မကပ်ချင်တော့။

ဖက်ဖူး အသံတိတ်ရှိုက်ညည်းရင်း နားနှစ်ဖက်ကို စုံပိတ်လိုက်သည်။

မကြားချင်။ ကိုယ့်ဘဝတစ်ခုလုံး ပုံအပ်မိသည့်ယောကျ်ားက တခြားမိန်းမနှင့် ပတ်သက်နေသည်ဆိုတာ သိလိုက်ရသည့်ခံစားမှုကဘာနှင့်မှ အစားထိုးနှိုင်းယှဉ်ပြ၍မရအောင်ကို နင့်သီးနက်ရှိုင်းလွန်းသည်။ စိတ်ခံစားမှုတွေ ဆောက်တည်ရာမဲ့လောက်အောင် ဖရိုဖရဲနိုင်လွန်းသည်။

လောကကြီးက ကံဆိုးခြင်းတွေထပ်ပေးဖို့အတွက် မဖြစ်စလောက် ကံကောင်းခြင်းလေးကို စာဖွဲ့ပြလိုက်တာပဲ။





ဖြစ်နိုင်လျှင် ထိုပစ္စုပ္ပန်ကို အော်ဟစ်ငိုကြွေးခြင်းတွေနှင့်သာ အားရပါးရ တုန့်ဆိုးလိုက်ချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မောင်ရယ် ကြာလိုက်တာ နီက ဒီည မောင်မလာတော့ဘူး ထင်နေတာ"

"လာမလို့ပဲ နီရာ ဒီညကျမှ ဖက်ဖူးရောင်က တော်တော်နဲ့ မအိပ်ဘူး"

"ဒါနဲ့ပဲ မောင် ချော့သိပ်ခဲ့ရရော မဟုတ်လား ဟွန်း"

နီနီနက် မကျေနပ်သော လေသံဖြင့် ခပ်ဆောင့်ဆောင့်ပြော၏။

"ဟာ ဘယ်ကလာချော့သိပ်ရမှာလဲ၊ မသိပ်ပါဘူး ခုချိန်ထိ မောင် သူ့ကိုလက်ဖျားနဲ့တောင် မတို့ရသေးပါဘူးကွာ"

နီနီနက် ကျေနပ်ရန် အာဒံဦး ယုံလောက်သောစကားလုံးအချို့ ရွေးသုံးလိုက်သည်။ အာဒံဦး လိမ်သလို နီနီနက်ကလည်း မယုံ။

လက်ထပ်ပြီးတာဖြင့် တစ်လကျော်နေပြီ လက်ဖျားနှင့်တောင်





မတို့ရသေးပါဘူးဆိုသည့်စကားက ယုံနိုင်ဖွယ်ရာ ရှိနိုင်လောက်အောင် ဖက်ဖူးရောင်ဆိုတဲ့ မိန်းကလေးက ရုပ်အင်္ဂါချို့တဲ့နေသည့်မိန်းကလေး မျိုးမှ မဟုတ်တာ။

အတိအလင်း ဝေဖန်ရမည်ဆိုလျှင် နီနီနက်၏အလှသည် ယောကျ်ားတွေအပေါ် ဆွဲဆောင်မှုရှိသည်ဆိုသော်လည်း ဖက်ဖူးရောင်၏ အလှနှင့်ယှဉ်လျှင် ကြယ်တစ်ပွင့်နှင့်လမင်းတစ်ရာသာသလို ကွာခြားနေ တာတော့ အမှန်ပင်ဖြစ်သည်။

အရှင်းဆုံးပြောရလျှင် အာဒံဦးလက်ထပ်ခဲ့သည့် မိန်းကလေး တွေထဲမှာ ဖက်ဖူးက အလှဆုံးဖြစ်သည်ဆိုသည်မှာ ဘယ်လိုမှ ငြင်းဖွယ် ရာမရှိ။

ထိုအလှက နီနီနက်အပေါ်မှာ ယိမ်းယိုင်နေသည့် အာဒံဦး၏ နှလုံးသားကို လှုပ်ကိုင်နိုင်စွမ်းရှိလာလျှင် နီနီနက်အဖို့ အာဒံဦး၏အချစ် တွေကို ဆုံးရှုံးရပေလိမ့်မည်။

"ဘာပဲဖြစ်ဖြစ် နီတော့လေ မောင်နဲ့သူ့ကို စိတ်မချတော့ဘူး ကွယ်၊ မောင်ကသာ အရင်ဘဝက ကျိန်စာဆိုတဲ့ မရေရာတဲ့အစွဲအလန်း တွေကို ယုံကြည်နေတာ၊ နီကတော့ မောင်ကြုံတွေ့ခဲ့သမျှတွေဟာ တိုက် ဆိုင်မှုတွေလို့ပဲ ယူဆချင်တာ"

အာဒံဦး ရင်ခွင်မှာ မှီနွဲ့ကာ ပြောလိုက်သော နီနီနက်ကို အာဒံဦး အလိုက်သင့် ပွေ့ဖက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အတိတ်ဘဝက လုံးဝမေ့လို့မရတဲ့ကျိန်စာဟာ အမှားတွေဆိုရင် အခု မောင်ကြုံတွေ့နေရတဲ့ ကံကြမ္မာကိုတယ်လိုပုံစံနဲ့ အသိအမှတ်ပြုမလဲ၊ နို့ကို တရားဝင်လက်ထပ်လိုက်ရင် နီလည်း သူတို့လို အဓိပ္ပာယ်မဲ့သေဆုံးသွားရမှာကို မောင် မလိုလားဘူး၊ ဒါကြောင့် မေမေတို့အိမ်ထောင်ပြုပေးတိုင်း အတိုက်အခံမလုပ်ဘဲ လက်ခံလိုက်တာ"

အပြောကောင်းလွန်းသော အာဒံဦး၏ဖြေရှင်းချက်ကို နီနီနက် ဘာမှုစောဒက မတက်နိုင်တော့။

"ဒါဆိုရင် အဲဒီ ဖက်ဖူးကရော အရင်မိန်းမတွေလို တစ်နည်းနည်းနဲ့ သေဆုံးသွားမှာပေါ့နော်"

"မောင်အမြဲမက်နေတဲ့အိပ်မက်ထဲက ကျိန်စာတွေအတိုင်းဆိုရင် ဖက်ဖူးရောင်လည်း လောကကြီးထဲက မကြာခင်မှာ ထွက်သွားရမှာပါပဲ"

အာဒံဦးစကားကြောင့် နီနီနက် ကျေနပ်စွာပြုံးလိုက်သည်။

"အဲဒီအိပ်မက်ထဲက ကျိန်စာတွေပြယ်သွားရင်တော့ နီနီနဲ့ မောင် တရားဝင်လက်ထပ်ကြရအောင်ကွယ်"

"ဟာ အဲဒါ မောင့်ရဲ့အကြီးမားဆုံးမျှော်လင့်ချက်ပဲ နီရဲ့၊ ခုချိန်မှာတော့ မောင့်ကို နားလည်ပေးပါနော်"

"နီ နားလည်ပေးနေပါတယ် မောင်ရယ်"

"အဟက် မောင့်ရဲ့တရားမဝင်သေးတဲ့မိန်းမက အရမ်းကို စိတ် မျှ





သဘောထားပြည့်ဝတာပဲကွာ၊ မောင်က ဒါကြောင့် ပိုပြီးချစ်နေရတာ"

အာဒံဦးစကားကြောင့် နီနီနက် မျက်နှာမဲ့သွားကာ

"မောင်နော် ဘာတရားမဝင်မိန်းမလဲ၊ အဲဒါဆို နီက မောင့်ရဲ့ ကီပင်ဖြစ်သွားပါပေါ့လို့ ဟွန်း ဘာမှန်းလည်းမသိဘူး"

"ဟာ ဟုတ်လား ဆော ဆောရီးကွာ မောင်က အဲလိုရည်ရွယ်ပြီးပြောတာ မဟုတ်ပါဘူး"

စကားပြောမှားသွားသောကြောင့် နီနီနက်၏ပါးပြင်ပေါ်ကို အနမ်းတို့ တရစပ်ချွေချပြီး ချွေးသိပ်ပေးလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာပြောတယ် သမီး၊ သားက ညဘက်တွေမှာ တခြားမိန်းမ တစ်ယောက်နဲ့ သွားသွားတွေ့တယ် ဟုတ်လား"

ဒေါ်သင်္ဂီရွှေ မျက်စိမျက်နှာပျက်ဖြင့် ပြန်မေးလာသည်မို့ ဖက်ဖူး တည်ငြိမ်သော အမူအရာကို ထိန်းပြီး ခေါင်းညိတ်ဖြေလိုက်သည်။

"ဖြစ်နိုင်ပါ့မလား သမီးရယ်၊ မေမေတော့ သားမှာ ဒီလိုအကျင့် မျိုးရှိတယ်ဆိုတာ တစ်ခါမှ မကြားဖူးပါဘူး"

"ဖက်ဖူးက လက်တွေ့မြင်ခဲ့ရတာပါ၊ ညက သူ့ကားနောက် ခန်းကနေ ဖက်ဖူး ခိုးပြီးလိုက်သွားခဲ့တယ်"

"ဟင် ဟုတ်လား ဘုရား ဘုရား"

ဒေါ်သင်္ဂီရွှေ မျက်နှာပေါ်မှာ တစ်စုံတစ်ရာကို လျှို့ဝှက်ထားသော အမူအရာအချို့ ပေါ်လွင်နေမှန်း သိသာနေသည်မို့ အာဒံဦးအပေါ်





မှာ မကျေနပ်ခံပြင်းသော စကားလုံးတွေကို ပြောမနေတော့ဘဲ အိမ်သို့ နှုတ်ဆိတ်ပြီးပြန်ရန် ပြင်လိုက်သည်။

"ဖက်ဖူး ပြန်တော့မယ်"

"ဟင် နေပါဦး မပြန်ပါနဲ့ သမီးရယ်၊ မေမေ သမီးကိုပြောစရာ ရှိတယ်"

ထပြန်ရန် ဟန်ပြင်လိုက်သော ဖက်ဖူးလက်ကိုဆွဲပြီး တားလိုက် သည်မို့ ဖက်ဖူး ပြန်ထိုင်လိုက်သည်။ ယောက္ခမဖြစ်သူက သူ့သား၏ လျှို့ဝှက်ချက်တွေကို ဖွင့်ပြောတော့မလားဆိုသည့် မျှော်လင့်ချက်ဖြင့် ငြိမ်ပြီးနားစွင့်လိုက်သည်။

"သမီးကို မေမေ အမိကမှာချင်တာက ခုချိန်မှာ အာဒံဘက်က ဘယ်လိုချို့ယွင်းချက်တွေပဲရှိနေပါစေ၊ သမီးသည်းခံပြီးနေပေးပါ၊ မေမေ သမီးဆီက အမျှော်လင့်ဆုံးအရာကတော့ မေမေသိပ်ချစ်ချင်တဲ့မြေးလေးကို ချီရဖို့ပါပဲ၊ ဒါမှ သမီးရဲ့ရှေ့ရေးလည်း ခိုင်မာမှာပါ"

လိုရင်းကို အမိကမရောက်ဘဲ သူ့ဆန္ဒအတွက် သူပြောသွား သော အကြောင်းအရာက ဖက်ဖူး သိချင်သောအကြောင်းအရာမျိုး မဟုတ်။

သူတို့အတွက် မြေးဦးလေး လိုချင်သောဆန္ဒက ဖက်ဖူးပေါ်မှာ မူတည်နေသည်ဟု ထင်နေတာကိုက စတင်လွဲမှားနေခြင်းဖြစ်သည်။ တကယ်ဆို ဖက်ဖူးဟာ ခုချိန်ထိ အပျိုစင်ဘဝကို ပိုင်ဆိုင်ထားဆဲပါ။

www.burmeseclassic.com

www.burmeseclassic.com



'အာဒံ ဖက်ဖူးအပေါ် ဘယ်လိုခံစားချက်နှင့် လက်ထပ်လိုက်သည်ဆိုတာကို ဖက်ဖူး ဘယ်လိုမှကို နားမလည်နိုင်တော့။

မချစ်ခဲ့ဘဲနဲ့တော့ လက်မထပ်သင့်ပါဘူး အာဒံရယ်။

■ ■ ■

"ဘယ်လို ဖက်ဖူးက ဒီအိမ်ကနေ အပြီးထွက်သွားရမယ် ဟုတ် လား"

ဘယ်လိုမှ နားမလည်နိုင်သော စိတ်ခံစားမှုတွေဖြင့် မဝင်းကို မေးလိုက်သည်။

"ဟုတ်တယ် မမလေး။ ဒီအိမ်မှာ ဆက်နေရင် မမလေးအတွက် အရမ်းအန္တရာယ်များတယ်"

"ဘယ်လိုအန္တရာယ်လဲ မဝင်းရယ်၊ ဖက်ဖူးကို နားလည်အောင် ရှင်းပြပါ"

ဖက်ဖူး ရင်ထဲမှာ မဝင်း၏ကြောက်စရာကောင်းသောစကားကြောင့် ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ ဘာကိုရည်ရွယ်ပြီးပြောနေသလဲ ဆိုတာကို နားမလည်နိုင်လောက်အောင် အာရုံအသိစိတ်တွေ ထူပူရှိန်းဖိန်း၍သွားသည်။

"ဘာကြောင့် သေရမယ်ဆိုတာ ကျွန်မ မသိပေမယ့် အစ်ကိုလေးက ကျိန်စာသင့်နေတဲ့လူတစ်ယောက်တဲ့"

မဝင်းစကားတွေက ပို၍ ပို၍ သွေးပျက်လာစေသည်။





"အစ်ကိုလေးယူတဲ့မိန်းမတိုင်း ငါးယောက်မြောက်အထိ သေမှာတဲ့၊ မိန်းမငါးယောက်ယူပြီးမှ အစ်ကိုလေးရဲ့ကျိန်စာက ပြေမယ်ဆိုလား ဘာလား မဝင်းလည်း နားစွန်နားဖျားကြားတာဆိုတော့ သိပ်တော့ မသိဘူး"

"ဘုရားရေ ဒါ ဒါဆို အာဒံက လူပျိုတစ်ယောက်မဟုတ်ဘူးပေါ့၊ ဒါ ဒါဆို ဖက်ဖူးအရင် ဘယ်နှကြိမ် လက်ထပ်ခဲ့ပြီးပြီလဲဟင်"

အံ့ဩဝမ်းနည်းလွန်း၍ ရင်ထဲမှာ ကတုန်ကယင်တွေဖြစ်ကာ ခြေအစုံက မတ်မတ်ပင် မရပ်နိုင်တော့။

ပြောဖို့နှုတ်ဆွံ့အနေသော မဝင်းကို အားမလိုအားမရကြည့်ကာ

"ပြော ပြောလေ မဝင်းရဲ့"

"မမလေးက ငါးကြိမ်မြောက်လက်ထပ်ခြင်းပါ"

"ဘုရားရေ ဒီအသက်ဒီအရွယ်နဲ့ ငါးကြိမ်တောင်လက်ထပ်ပြီးသွားပြီ ဟုတ်လား"

မဝင်း ခေါင်းညိတ်ပြသည်။

"ဒါ ဒါဆို အဲဒီလူ လက်ထပ်ခဲ့တဲ့အရင်မိန်းမတွေကရော"

"သေကုန်ပြီ"

ကိုယ့်ကိုယ်ကိုယ် ရေတွင်းထဲ အရှင်လတ်လတ် ရောက်သွားသလို ကြောက်လန့်စိတ်နှင့် သောကအပူမီးတွေက ခန္ဓာကိုယ်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ဟုန်းဟုန်းတောက်သွားသည်။

"သူ သူသတ်လိုက်တယ်"

"မဟုတ်ဘူး သူ့အလိုလို အကြောင်းအမျိုးမျိုးနဲ့ သေကုန်တာ မမလေးလည်း အဲလိုအဖြစ်ဆိုးမျိုး ကြုံချင်ကြုံရနိုင်တယ်၊ ဒါကြောင့် မမလေး ဒီအိမ်ကနေထွက်သွားဖို့ မဝင်း အရဲစွန့်ပြီးတိုက်တွန်းတာပါ"

သေခြင်းတရားက ချောင်ပိတ်ရိုက်တော့မယ့် အခြေအနေတစ်ခုမှာ ဖက်ဖူး ကူကယ်ရာမဲ့တော့မှာလား။

"ဒါဆို အာဒံက ဖက်ဖူးသေမယ်ဆိုတာ သိသိကြီးနဲ့ လက်ထပ်ခဲ့တာပေါ့၊ ငါးယောက်မြောက်ဇနီးနေရာမှာ ဖက်ဖူးကို အပြည့်ခံအနေနဲ့ အသုံးချစတေးခဲ့တာပေါ့ ဟုတ်လား"

"ကျွန်မလည်း အဲလိုပဲ ထင်ထားတယ်၊ ငါးယောက်မြောက် မိန်းမသေပြီးရင် သူ့ကျိန်စာ ပျယ်ပြီတဲ့၊ အဲဒီကျမှ သူ့ချစ်သူကို လက်ထပ်မှာတဲ့"

"မဝင်း မဝင်းရေ ဘယ်ရောက်နေတာလဲ"

ကျယ်လောင်စူးရှသော အာဒံဦး ခေါ်သံကြောင့် မဝင်းခန္ဓာကိုယ် ဆတ်ခနဲ တုန်တက်သွားပြီး

"ဟောတော် အစ် အစ်ကိုလေး ပြန်လာပြီထင်တယ်၊ ဒီ ဒီ အကြောင်းတွေကို ဖက်ဖူး စိတ်ထဲမှာပဲထားပါနော်၊ အစ်ကိုလေးသိရင် မဝင်းကို လောကကြီးထဲမှာ အရှင်ထားမှာမဟုတ်ဘူး"





ကြောက်အားလန့်အား တောင်းပန်တိုးလျှိုးပြီး မဝင်း အခန်းထဲမှ ပျာပျာသလဲ ထွက်သွား၏။

"ရှင် လာပါပြီ အစ်ကိုလေး"

■ ■ ■

"ဖြန်း ဖြန်း ဖြန်း"

"အောင်မလေး အစ်ကိုလေး ကြောက်ပါပြီ"

အာဒံ၏လက်ဝါးချက်တွေက မဝင်း၏မျက်နှာကို ဘယ်ညာလည်ထွက်သွားသည်အထိ မဝင်း ကြောက်အားလန့်အား အော်ငိုတော့သည်။

"ဘာကြောက်တာလဲ၊ ကြောက်ရင် နင် ခုလို မဆိုင်တာတွေ လျှောက်ပြောမလား"

"ဟင့်အင်း မဝင်း ဘာမှလျှောက်မပြောပါဘူး"

"နင် ငါ့ကို မညာနဲ့၊ ငါ အကုန်ကြားပြီးပြီ"

အာဒံဦး မဝင်းကို ခြေဖြင့်ဆောင့်ကန်ပြန်သည်အထိ မဝင်း နောက်ကို ဖင်ထိုင်လျက် လဲကျသွားသည်။

ဖက်ဖူး မနေသာတော့။ အခန်းကွယ်မှာ ရပ်ကြည့်နေရာမှ လဲကျနေသော မဝင်းနားသို့ လျှောက်လာ၏။

"မဝင်း ဘယ်ထိသွားသေးလဲ"

"ဖက်ဖူး သူ့ကိုသွားမထိနဲ့၊ အသာဖယ်နေ"



www.burmeseclassic.com

www.burmeseclassic.com



အာဒံစကားကြောင့် ဖက်ဖူး မကျေမနပ် မော့ကြည့်လိုက်ပြီး

"အပြစ်မရှိတဲ့သူကို ခုလိုနှိပ်စက်နေတာ ဖက်ဖူး အသာဖယ် မနေနိုင်ဘူး၊ သူပြောတာ အမှန်တရားတွေမို့ သူ့မှာအပြစ်လုံးဝမရှိဘူး"

အာဒံ၏ရှုးရဲသောအကြည့်တွေက ဖက်ဖူးဆီသို့ ကျရောက်လာပြီး

"ဘာအမှန်တရားလဲ အဲဒါ အမှန်တရားမဟုတ်ဘူး၊ သူ ကိုယ်တို့အိမ်ထောင်ရေးကို ခွဲနေတာ"

အာဒံ စကားကြောင့် ဖက်ဖူးနှုတ်ခမ်းအစုံကို နာနာကျည်းကျည်း တွန့်ကွေး၍ မဲ့လိုက်ပြီး

"ရှင်နဲ့ဖက်ဖူးရဲ့အိမ်ထောင်ရေးက သူ မခွဲလည်း ကွဲနေတာ မဟုတ်ဘူးလား၊ ဖက်ဖူးကို ရှင် တရားဝင်လက်ထပ်ထားပေမယ့် ရှင့်ဆီက ဘာမေတ္တာတရားတွေများ ရခဲ့ဖူးသလဲ၊ ဇနီးတစ်ယောက်အဖြစ် အသိအမှတ်ပြုခံရလို့လား"

ဖက်ဖူး အမေးကြောင့် အာဒံ ဘာဖြေရမှန်းမသိ ကြောင်ငေးသွားကာ ခေါင်းကိုခပ်ဖြည်းဖြည်း ခါပြီး

"မဟုတ်ဘူး မင်းဟာ ကိုယ့်ရဲ့မိန်းမပဲ၊ မင်း သူပြောတာတွေ လျှောက်မယုံပါနဲ့"

"သူပြောတာကို ယုံတာ မယုံတာထက် ရှင့်လုပ်ရပ်ကို ကျွန်မ သိဖို့က ပိုအရေးကြီးတာမဟုတ်ဘူးလား၊ ဖက်ဖူးကို ဆင်းရဲတာပဲဆိုပြီး





ရှင့်ရဲ့ကံကြမ္မာထဲကို ဝင်ခိုင်းပြီး အသုံးချဖို့ မကြိုးစားနဲ့၊ ဖက်ဖူး အသက်ကို တစ်ကိုယ်ကောင်းဆန်တဲ့ရှင့်လက်ထဲမှာ အဓိပ္ပာယ်မဲ့ အသေမခံနိုင်ဘူး"

"ဟာကွာ ဖက်ဖူး အထင်လွဲနေပြီ၊ မင်းကို တကယ်ချစ်လို့ လက်ထပ်ခဲ့တယ်ဆိုတာ ယုံပါ၊ ကိုယ်ချစ်လို့ လက်ထပ်ထားတဲ့မိန်းမ တစ်ယောက်ကို အသေမခံနိုင်ဘူး"

"ဒါဆိုရင် ညဘက်ညဘက် ကျွန်မ မသိအောင် ခိုးခိုးသွားနေတဲ့ နီနီနက်ဆိုတဲ့ မိန်းမကရော ဘာလဲ"

"ဟင် မင်း မင်း ဒါကိုသိနေတယ် ဟုတ်လား"

"ဟုတ်တယ် သိရုံတင်မကဘူး၊ ညဘက် ရှင် အဲဒီကိုသွားတိုင်း ဖက်ဖူး ရှင့်ကားနောက်ခန်းကနေ တိတ်တိတ်လေး ခိုးလိုက်လာတာ ရှင်မှမသိပဲ"

"ဟင်"

အာဒံဦး ဖြေရှင်းချက်ပေး၍ မရအောင်ကို ချောင်ပိတ်မိသွားသည်။

"ဒါကြောင့် ဖက်ဖူး ဒီကနေ အပြီးထွက်သွားတော့မယ်၊ ဖက်ဖူးကို ရှင့်ဇနီးမယားအဖြစ် မသတ်မှတ်ပါနဲ့တော့"

နာကျည်းခံခက်စွာပြောပြီး ဖက်ဖူး အာဒံရှေ့မှ ထွက်ခွာခဲ့သည်။

"ဖက်ဖူး မဟုတ်သေးပါဘူး ကိုယ် ရှင်းပြပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



အာဒံဦး၏အလောတကြီး ရှင်းပြသော အသံသည် နောက်ကျောမှ ကပ်ပါလာပေမယ့် ဖက်ဖူး လုညှိမကြည့်ဖြစ်တော့ပါ။

■ ■ ■



## အခန်း (၁၆)

ကြယ်မစုံ မှောင်မိုက်သော ည၏လမ်းမကျယ်ကြီးပေါ်တွင် အသိစိတ် ကင်းမဲ့သူတစ်ယောက်လို လျှောက်နေသော ဖက်ဖူးမှာ ကြောက်ရလန့်ရကောင်းမှန်း မသိလောက်အောင် သောကတွေ၏ဝါးမျိုခြင်းကို ခံနေရသည်။

ဘဝမှာ ထင်မှတ်မထားသော အချိန်ကာလတစ်ခုမှာ ကံကောင်းခြင်းဟန်ဆောင်ထားသော ကြမ္မာဆိုးကြီးတွေက ဘာကြောင့်များ ဖက်ဖူး ဘဝထဲကို အလှည့်ကျမရှိးနိုင်အောင် ဝင်ရောက်မွှေနှောက်နေရပြန်တာလဲ။

အေးချမ်းပြီဟု ယူဆထားမိသော ဖက်ဖူးဘဝ၏ တသက် အေးချမ်းမှုတို့သည် မုန်တိုင်းတစ်ခုကြောင့် အရာအားလုံးကို ပေါက်လွှတ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



မှုံးရပြန်သည်။

ထိုဆုံးရှုံးမှုတွေကို မမက်မောပေမယ့် အမြဲတမ်း ကံဆိုးနေသော ဖက်ဖူး ကိုယ့်ဘဝကိုယ် နာကျည်းစက်ဆုပ်လာသည်မို့ ခြေလှမ်းတွေက အနာဂတ်ကို ဆက်မလျှောက်ရဲလောက်အောင် အင်အားမဲ့ကာ ဒရွတ်ဆွဲနေသည်။

ပါးပြင်ပေါ်မှ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ဆွဲသုတ်လိုက်ပြီး နှုတ်ခမ်းအစုံ သွေးထွက်လုမတတ် ဖိကိုက်အံကြိတ်ထားလိုက်မိသည်။

ကိုယ့်ကို ငုံ့မိုးကြည့်နေသည်ဟုထင်ရသော ရှင်းနက်ဝန်းပြန့်နေသည့် ကောင်းကင်ကို အားကိုးတကြီး မော့ကြည့်လိုက်သည်။

ထိုတဒင်္ဂလေးမှာပင်။

"ဝုန်း"

"ချလွင်"

"အား"

ရုတ်တရက် အရှိန်ဖြင့် မောင်းလာကြသော ကုန်တင်ကားနှစ်စီး ဖက်ဖူးအနား ရောက်သည်နှင့် မျက်နှာချင်းဆိုင် ကျယ်လောင်စွာ တိုက်လိုက်ကြသည်။

လွင့်စင်လာသော မှန်ကွဲစများ အလန့်တကြား မော့ကြည့်လိုက်သော ဖက်ဖူး၏မျက်နှာဆီသို့ အရှိန်ဖြင့် လွင့်စင်ထိုးစိုက်လိုက်ကြသည်။





ထိတ်လန့်ခြင်း နာကျင်ခြင်းတွေက သောကတွေကို ထမ်းပွေ့ထားရသော ဖက်ဖူးကို အမှောင်ကျသွားစေသည်။

အုံလာသော လူအုပ်ကြီး ဖက်ဖူးနား ဝိုင်းအုံလာကာ တစ်ယောက်တစ်ပေါက်ပြောဆိုနေကြသော စုတ်တသတ်သတ်ဖြင့် ကရုဏာသက်နေကြသည်ကို ဖက်ဖူး မသိနိုင် မကြားနိုင်တော့။

ထိုတဒင်္ဂသည် နာကျင်နေရပေမယ့် သောကတွေကိုတော့ ခဏာဖယ်ထားခွင့်ရသေးသည်။

ဖက်ဖူး ဘာဖြစ်နိုင်သလဲ။ သေသွားနိုင်သလား ဒါမှမဟုတ် ဖက်ဖူးဘဝတစ်ခုလုံး လူတောတိုးလို့မရအောင် အရုပ်ဆိုးအကျည်းတန်သွားပြီလား။

အသိစိတ်တို့သည် ကြိုးပြတ်သွားသော စက္ကူလေတံခွန်တစ်ခုလို အမှောင်ကမ္ဘာထဲမှာ ပေါ့ပါးလွင့်မျော၍နေသည်။

လှိုင်းထန်နေသော ရင်အစုံနှင့် ဖူးရှုနာကျင်စရာကောင်းတဲ့ ခံစားချက်တွေ အသိစိတ်နှင့်ဝေးကွာခဲ့လေပြီ။

မျက်နှာတစ်ပြင်လုံး သွေးတွေရဲကာ သတိလစ်မေ့မျောနေသော ဖက်ဖူးကို ငုံ့မိုးကြည့်နေသော မိုးကောင်းကင်ကြီးထံမှ သက်ပြင်းချသံသဲ့သဲ့ကို ဘယ်သူကြားနိုင်မှာတဲ့လဲ။

■ ■ ■

မျက်နှာတစ်ပြင်လုံး တင်းကြပ်သော ခံစားမှုတို့နှင့်အတူ ဖက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံ ဖြည်းညင်းစွာဖြင့် အားယူဖွင့်လိုက်သည်။

ပထမဦးဆုံး မြင်လိုက်ရသည်က မီးပန်းဆိုင်ထွန်းထားသော မျက်နှာကြက်တစ်ခု။

ကိုယ်နှင့်စိမ်းသက်သောနေရာဆိုတာ သိလိုက်သည်နှင့် ရင်ထဲမှာ သောကအစုစုတွေက အလုံးအရင်းနှင့် အလုအယက် တိုးဝင်လာကြပြန်သည်။

"သမီး သတိရပြီလား"

ဩရှပြီး နွေးထွေးမှုအပြည့်အဝပါဝင်နေသော အသံရှင်လာရာဆီသို့ ဖက်ဖူး ငဲ့စောင်းကြည့်လိုက်ပြီး ဆရာဝန်ဟုထင်ပုံရသဖြင့်

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒါ ဘယ်နေရာလဲရှင့်၊ ကျွန်မ ဘယ်ရောက်နေတာလဲဟင်"

"သမီးရောက်နေတာ ဘဘကြီးအိမ်ကိုကွယ့်"

"ကျွန် ကျွန်မမျက်နှာတွေ အရမ်းတင်းနေတယ်၊ ကျွန်မမျက်နှာမှာ ဘာတွေဖြစ်နေလို့လဲဟင်"

ဖက်ဖူး အသံတို့မှာ ဝေဒနာတွေကြောင့် တိုးဖျော့နေသည်။

"သမီး သတိလစ်နေတာ သုံးရက်ရှိပြီ၊ သမီးမျက်နှာမှာ ပတ်တီးတွေစည်းထားလို့ မျက်နှာတစ်ခုလုံး တင်းကြပ်ကြပ်ကြီး ဖြစ်နေတာပါ"

ဒီတော့မှ ဖက်ဖူး ကိုယ့်မျက်နှာကိုယ် ပြန်စမ်းကြည့်မိသည်။





နှာခေါင်းပေါက်၊ မျက်လုံးနှင့် ပါးစပ်မှလွဲ၍ ပတ်တီးစည်ထားသည်။

"ကျွန်မ မျက်နှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားပြီလားဟင်"

ဖက်ဖူးအမေးကို မဖြေဘဲ ကုတ်အင်္ကျီအိတ်ကပ်ထဲမှ ဓာတ်ပုံတစ်ပုံကို အရင်ဆုံးထုတ်ယူလိုက်ပြီး

"ရော့ ဒီဓာတ်ပုံဟာ သမီးမျက်နှာကို ခွဲစိတ်မှုမပြုခင် ဒဏ်ရာတွေ ပရုပ္ပနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ပုံ"

ဖက်ဖူး မြင်သာအောင် ထောင်ပြလိုက်သော ဓာတ်ပုံကိုကြည့်ပြီး လိပ်ပြာလွင့်မတတ် ကြောက်ရွံ့တုန်လှုပ်သွားသည်။

မျက်နှာအသားထဲကို မှန်ကွဲစတွေ ထိုးစိုက်ဝင်ထားသော သွေးသံရဲရဲမျက်နှာတစ်ခုမှာ ဖက်ဖူးဆိုတာ မနည်းရုပ်ဖမ်းကြည့်ရသည်။ ဖက်ဖူးနားမှာပန်ထားသော စိန်နားကပ်ကြောင့်သာ ဒါဟာ ဖက်ဖူးပါလားဆိုတာကို သိတာဖြစ်သည်။

"ဘုရား ဘုရား ဒီ ဒီမျက်နှာနဲ့ ကျွန်မဘဝကို ရှေ့ဆက်ပြီး ဘယ်လိုအသက်ရှင်ရတော့မလဲ"

ဖက်ဖူးအသံတွေ ငိုသံရောကာ အက်ရှတုန်ခါလာသည်။ ကံကြမ္မာဆိုးတွေက လူကို မသေမချင်းများ မှုဦးသတ်နေလေရော့သလား။ ခုလိုမျက်နှာနှင့်နေရမည့်ဘဝထက် သေလိုက်တာကမှ ဖက်ဖူးအတွက် ပိုကောင်းမည်။

"ဒါနဲ့ သမီးက ဘယ်မှာနေတာလဲ၊ မိဘတွေကရော"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ကျွန်မမှာ မိဘလည်းမရှိဘူး။ ဆွေမျိုးညီအစ်ကို မောင်နှမလည်း မရှိဘူး။ နေစရာ သွားစရာအိမ်လည်း မရှိဘူး၊ ကျွန်မက လောကမှာ ကံအဆိုးဆုံးမိန်းကလေးတစ်ယောက်ပါ။ ကျွန်မမှာ သွားစရာ ဆိုလို့ သေမင်းနိုင်ငံပဲ ရှိပါတော့တယ်"

ဒဏ်ရာပရပ္ပဖြင့် ရုပ်ဆိုးအကျည်းတန်သော မျက်နှာကြီးဖြင့် မိဘအိမ်ကိုမပြန်ချင်တော့။ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပစ်လိုက်တော့မည်ဟူသောစိတ်ကူးကြောင့် မိဘမရှိတစ်ကောင်ကြွက်ဘဝဟု ညာပြောလိုက်တော့သည်။

"ဒါဆို သမီးအရင်က ဘယ်သူနဲ့နေလဲ"

"အိမ်ဖော်ဘဝနဲ့ နေပါတယ်၊ အိမ်ရှင်က အရမ်းနှိပ်စက်လွန်းလို့ ထွက်ပြေးလာရာကနေ ခုလို ဖြစ်သွားတာပါ"

"ဒါဆို အိမ်ဖော်မလုပ်ခင်ကရော ဘယ်ရွာမှာနေသလဲ"

"ကျွန်မ လူမှန်းသိတတ်စကတည်းက အဲဒီအိမ်မှာ အိမ်ဖော်အဖြစ်နေခဲ့ရတာပါ၊ ကျွန်မမိဘ ဘယ်သူဘယ်ဝါမှန်းတောင် မသိခဲ့ရပါဘူး"

နောက်ထပ် မေးခွန်းတွေ မမေးအောင် ယတိပြတ်ဖြေလိုက်တော့သည်။

"ဒါဆို သမီးမှာ သွားစရာ ခိုနားစရာ အရိပ်မရှိဘူးပေါ့"

"ဟုတ်တယ် ဘဘကြီး"





ဖက်ဖူး ညာပြောသမျှကို တကယ်ယုံကြည်သွားပုံရကာ သက်မတစ်ချက်ကို ဟင်းခနဲ ချပြီး

"အေးလေ ဒါဆိုရင်တော့ ဘဘက တစ်မျိုးစီစဉ်ရတော့မှာပေါ့"

"ရှင် ဘယ်လိုစီစဉ်မှာလဲ၊ ကျွန်မကို ဆေးဆက်မကုပေးတော့ဘူးလားရှင်၊ အင်းလေ ကုတော့ရော ဘာထူးမှာလဲ"

"ဆေးဆက်မကုလို့ ဘယ်ဖြစ်မလဲ သမီးရဲ့၊ ဘဘနာမည်က ဒေါက်တာရောဘတ်ဆန်းအောင်တဲ့၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးပါ၊ အခုလည်း သမီးမျက်နှာမှာ ဒဏ်ရာတွေမြင်မကောင်းအောင် မွထနေလို့ ပလပ်စတစ်ဆာဂျရီနည်းနဲ့ ခွဲစိတ်ပြုပြင်ထားတယ်၊ ဒါကြောင့် သမီးမျက်နှာတစ်ပြင်လုံး ပတ်တီးတွေဖွေးနေတာပေါ့"

"ရှင် ကျွန်မမျက်နှာကို ခွဲစိတ်ပြုပြင်ထားတယ် ဟုတ်လား"

"ဟုတ်တယ် သမီး၊ သမီးရဲ့မူရင်းရုပ်ဆင်းသဏ္ဍာန်ပြန်ရမရ ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ၊ ဒါကြောင့် ဘဘက ဘဘကြီးသမီးရဲ့မျက်နှာနဲ့ ခပ်ဆင်ဆင်တူအောင် အတတ်နိုင်ဆုံးကြိုးစားပြီး ခွဲစိတ်ထားတယ်၊ ဘာပဲဖြစ်ဖြစ် ဒဏ်ရာတွေမွထနေတဲ့မျက်နှာထက်တရင် အများကြီးပိုကောင်းသွားမှာပါလေ"

ရုပ်ရှင်ပြကွက်ဆန်သော ကိုယ့်ကံကြမ္မာက ရှေ့ဆက်ဘယ်လို ခြယ်လှယ်ဦးမည်မသိနိုင်တော့။ ထို့ကြောင့် ကိုယ့်အနာဂတ်ကို ကိုယ့်စိတ်

www.burmeseclassic.com



ကြိုက် ပုံဖော်၍ မဖြစ်နိုင်တော့မှတော့ ကံစီမံရာဟုသာ စိတ်ကိုဖုံးဖုံးချလိုက်တော့သည်။

"နောက်ပြီး သမီးကို ဘဘကြီးက သမီးအဖြစ် အမွေစားအမွေခံ မွေးစားမယ် သမီးလက်ခံမလား"

"ရှင် ဘဘကြီးက သမီးကိုမွေးစားမယ် ဟုတ်လား"

"ဟုတ်တယ် သမီး၊ သမီးဆန္ဒရှိမယ်ဆိုရင်ပေါ့၊ တစ်သက်လုံး ဘဘကြီးရဲ့တစ်ဦးတည်းသောသမီးအဖြစ် ဘဝအသစ်ထဲမှာ ပျော်ရွှင်ပါတော့"

ရင်ထဲမှာ ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လားပင် မဝေခွဲတတ်တော့။

"ကျွန်မကို ဘဘကြီးက မွေးစားမယ်ဆိုတဲ့အတွက် အရမ်းဝမ်းသာပါတယ်၊ ကျွန်မလေ ဘဘကြီးအိမ်မှာ အိမ်ဖော်တစ်ယောက်လို နေရမယ်ဆိုရင်လည်း နေပါ့မယ်၊ တစ်နေ့ကို ထမင်းနှစ်နပ်စားရရင်ပဲ လုံလောက်ပါပြီ၊ တခြား ဘာအခွင့်အရေးမှကို မလိုချင်ပါဘူး"

"သမီးရယ် ဆရာဝန်ကြီးတစ်ယောက်က မွေးစားလိုက်မှတော့ သမီးဟာ ဆရာဝန်ကြီးရဲ့သမီး ဖြစ်သွားပြီပေါ့၊ ဘယ်လိုဖြစ်လို့ ထမင်းနှစ်နပ်စားရုံနဲ့ဖြစ်မလဲ"

ကံကြမ္မာသည် ဖက်ဖူးကို ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် အရူးလုပ်နေသည်၊ ရှေ့ဆက်လျှောက်ရမယ့် အနာဂတ်ကို ဖက်ဖူး အပြည့်





အဝမယုံကြည်ရဲတော့။

ဘယ်လိုကြမ္မာဆိုးက ဘယ်လိုနေရာကနေ ခြုံခိုတိုက်ခိုက်ဦးမလဲမသိလေတော့ အေးချမ်းမှုတွေကို မမျှော်လင့်ရဲတော့။

ဘဝဟုခေါ်သည့် သင်္ချိုင်းသတ်မှတ်ချက်မရှိသော ရှည်လျားသည့် အချိန်တွေအားလုံးသည် ဖက်ဖူးအတွက် သောကနေ့ဆိုးတွေပင် ဖြစ်ခဲ့ပြီး အနာဂတ်မှာရော ထိုသို့သော နေ့ဆိုးတွေဟာ ဘယ်လိုအင်အားမျိုးတွေဖြင့် စောင့်ကြိုနေဦးမည်လဲ မသိနိုင်။

ဒီတော့ လောကကြီးကို အော်ကြီးဟစ်ကျယ်လုပ်ပြီး အံတုနေမယ့်အစား ဘာစောဒကမှ ထပ်မတက်တော့ဘဲ တိတ်တိတ်ကလေး အရှုံး ပေးလိုက်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

ဖက်ဖူး ကံကြမ္မာကို စိတ်ကြိုက်သာ ခြယ်လှယ်ပါတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကဲ ဒီနေ့တော့ သမီးမျက်နှာပေါ်က ပတ်တီးတွေကို ဖြည် တော့မယ်နော်၊ စိတ်ကိုတင်းမထားနဲ့၊ လုံးဝလျှော့ချထား ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဟုတ်ကဲ့ဟုသာ ပြောနေရသည့် ဖက်ဖူးစိတ်ထဲမှာတော့ မျက်နှာပေါ်မှ တစ်လွှာချင်းခွာနေသော ပတ်တီးစတွေအောက်မှာ ပေါ်ထွက်လာမည့် မိမိမျက်နှာအတွက် စိတ်တွေလှုပ်ရှားနေသည်။

မျက်လုံးအစုံကို မှိတ်ထားကာ ဘုရားကိုအာရုံပြုထားလိုက်သည်။ အာရုံထဲတွင် အမေနှင့်အမေမျက်နှာတွေ ပေါ်လာသဖြင့် ရင်ထဲနင့်ခနဲ ခံစားလိုက်ရသည်။

ခရိုနိုလောက်ဆို အမေခမျာ ဖက်ဖူး ပျောက်ချင်းမလှပျောက်





နေ၍ အတော်လေး စိတ်ပူနေရှာတော့မည်။ အမေကတော့ စိတ်ခေနာ ရှင်မို့လို့ ထားတော့။

"ကဲ သမီး မျက်နှာပေါ်က ပတ်တီးစတွေတော့ ကုန်ပြီ၊ ကံ ကောင်းတာက သမီးမျက်နှာက လုံးဝ အပြစ်အနာအဆာကင်းပြီး ချော မွေ့နေတဲ့မျက်နှာအလှပိုင်ရှင် ဖြစ်သွားပါပြီ၊ ကြည့်စမ်းပါဦး၊ မိုးပေါ်က နတ်သမီးလေးတစ်ပါး ဒယ်ဒီရှေ့ကို နတ်သက်ကြွလာသလားမှတ်တယ်၊ ဒယ်ဒီတော်မှန်း ခုမှပဲ အသေအချာသိတော့တယ်"

ဒေါက်တာ ရောဘတ်ဆန်းအောင်မှာ စိတ်လှုပ်ရှားနေသော ဖက်ဖူးကိုကြည့်ပြီး အာရုံပြောင်းသွားအောင် နောက်ပြောင်နေခြင်းဖြစ်သည်။

တမင်တကာ သူ့ကိုယ်သူ ဒယ်ဒီဟူသော နာမ်စားကိုလည်း နွေးထွေးစွာ အသုံးပြုလိုက်သည်။ ရင်ထဲမှာ သေဆုံးသွားသော သမီးကလေး ပြန်ရှင်လာသလို ကျေနပ်ပီတိဖြစ်မိသည်။

'မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်လို့ရပါပြီ သမီး"

ညွှန်ကြားသည့်အတိုင်း မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လိုက်သည်။ ဒေါက်တာ ရောဘတ်ဆန်းအောင်မှာ လက်ထဲတွင် အဆင်သင့် ကိုင်ထားသော မှန်ကို ဖက်ဖူးမျက်နှာရှေ့မှာ အလိုက်သင့်လေး ထောင်ပေးလိုက်သည်။

မှန်ဝိုင်းထဲတွင် ပေါ်လာသော မျက်နှာလှလှလေးကြောင့် ဖက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ပြန်မြင်နေရသည်ဟု မထင်တော့ဘဲ တခြားမိန်းကလေး တစ်ယောက်ကို မြင်နေရသလို စိမ်းသက်နေသည်။

"ဒါ ဒါ ကျွန်မ မျက်နှာလည်း မဟုတ်တော့ဘူး"

ဒေါက်တာ ရောဘတ်ဆန်းအောင်ဘက်ကို လှည့်ကြည့်ကာ စိတ်လှုပ်ရှားစွာဖြင့်ဆိုတော့ ဖက်ဖူးကို နှစ်သိမ့်သောအပြုံးဖြင့် ခေါင်း တစ်ချက် ဆတ်ခနဲ ညိတ်လိုက်ပြီး

"ဟုတ်တယ် သမီး၊ သမီးရဲ့မူရင်းမျက်နှာကို ပြန်ပုံဖော်ဖို့ ဒယ်ဒီ့အတွက် ခက်ခဲခဲ့တယ်၊ ဒါဟာ မလွယ်တဲ့ကိစ္စပဲလေ၊ အခု သမီး ပိုင်ဆိုင်လိုက်ရတဲ့မျက်နှာလေးကလည်း လှပါတယ်ကွယ်"

မွေးစားဖခင်အသစ်က အားပေးပေမယ့် ဖက်ဖူး မဖြေသိမ့်နိုင်။ စိတ်ထဲမှာ ဖက်ဖူးရောင်ဆိုတဲ့အရင်ဘဝက သပ်သပ်၊ ယခုမျက်နှာနှင့် ဖက်ဖူးရောင်က သပ်သပ် ဘာမှမဆိုင်တော့သလို စိတ်ထဲမှာခံစားလိုက်ရသည်။

ဒေါက်တာ ရောဘတ်ဆန်းအောင် ဖက်ဖူး၏ခေါင်းမှ ဆံစတို့ကို ညင်သာစွာပွတ်လိုက်ပြီး

"ကဲ ဒီနေ့ကစပြီး သမီးဟာ ဒေါက်တာရောဘတ်ဆန်းအောင်ရဲ့ တစ်ဦးတည်းသောသမီး မယ်ဒီပါလေးဖြစ်သွားပါပြီ၊ ဒါကြောင့် ဒီနေ့ဟာ တို့သားအဖနှစ်ယောက် စတင်အသိအမှတ်ပြုတဲ့နေ့မို့ ညကျရင် အပြင်မှာ ဒင်နာသွားလုပ်မယ် အိုကေ"





"ဟုတ် ဟုတ်ကဲ့ ဒယ် ဒယ်ဒီ"

မမျှော်လင့်ဘဲ ထပ်မံရရှိလာပြန်သည့် အခွင့်အရေးတွေထဲ ဖက်ဖူး အလိုက်သင့်မျောပါလိုက်တော့မည်။

■ ■ ■

မယ်ဒီပါ အပိုင်ရထားသော ကိုယ့်အခန်းလေးကိုကြည့်ပြီး စိတ် ထဲမှာ ကြည်နူးကျေနပ်နေမိသည်။

ကောင်းပေ့ဆိုသည့် အဖိုးတန် ပရိဘောဂပစ္စည်းတွေနှင့် အလှ ဆင်ထားသော ထိုအိပ်ခန်းမျိုးကို ပိုင်ဆိုင်ရလိမ့်မည်ဟု ဘယ်တုန်းကမှ အိပ်မက်တွင် မမက်ဖူးခဲ့။

အာဒံဦး၏ဇနီးမယားဘဝနှင့် နေခဲ့ရစဉ်တုန်းကတောင် ခု လောက်ထည်ထည်ဝါဝါ မနေခဲ့ရ။

မယ်ဒီပါ အိစက်နေသော မွေ့ရာကြီးပေါ်ကို လှဲချလိုက်သည်။ ဒီအိမ်ကြီးရဲ့အရှင်သခင်ဟာ မယ်ဒီပါ ဖြစ်သွားပြီဆိုတာ မယုံနိုင်လွန်းစွာ ဖြင့် ချွန်မြသော လက်သည်းဖြင့် ကိုယ့်လက်မောင်းကို ထိုးဆိတ်ကြည့် လိုက်သည်။

"အား"

ရှုးခနဲ နာကျင်မှုက တကယ့်ပစ္စုပ္ပန်ဆိုတာကို သက်သေပြ၍ နေသည်။ ထို့ကြောင့် သေချာသလိုရှိသော ဘဝတစ်ခုကို ပျော်ရွှင်လှုပ်ရှား နိုင်ဖို့အတွက် မယ်ဒီပါ ကိုယ့်သမိုင်းကို ကိုယ်ပြန်ရေးရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မာသော ဆုံးဖြတ်ချက်နှင့်အတူ ခုတင်ထက်မှထကာ မှန်တင်ခုံရှိရာသို့ လျှောက်လာလိုက်သည်။

ကွေးညွှတ်သွယ်တန်းနေသော မျက်ခုံးနက်နက်အောက်မှ ရွှန်းလက်ပြာရီနေသောမျက်ဝန်းလှလှတစ်စုံနှင့် လိုက်ဖက်လွန်းသည့် ပြည့်တင်းသော နှုတ်ခမ်းဖူးဖူးက ပြုံးရိပ်သမ်းပြီး ကိုယ့်ကိုပြန်ပြီး အားပေးနှစ်သိမ့်နေသည့်နှယ်။ ဒီလောက်လှတဲ့မျက်နှာလေးကို ဖက်ဖူးရသက်ပန်ပိုင်ဆိုင်ရတော့မှာပါလားဟူသော အသိတရားကြောင့် ရင်ထဲမှာ လှုပ်ခတ်၍နေသည်။

မှန်တင်ခုံပေါ်တွင် အစီအရီရှိနေသော နှုတ်ခမ်းနီတောင့်တွေထဲမှ မယ်ဒီပါ တစ်ခါမှမမြင်ဖူးသည့် အမျိုးအစားကောင်းကောင်း နှုတ်ခမ်းနီတစ်တောင့်ကို လှမ်းယူကာ နှုတ်ခမ်းသားပေါ် တင်ဆိုးလိုက်သည်။

စိုအိရွှန်းလဲ့သွားသော နှုတ်ခမ်းသားကို စိတ်ကျေနပ်မှုအပြည့်ဖြင့် ကြည့်မဝနိုင်တော့။

မယ်ဒီပါ မှန်တင်ခုံရှေ့ အတန်ကြာထိုင်ပြီးမှ ထကာ ကြက်ဥနှစ်ရောင် ခန်းဆီးစတပ်ထားသော မှန်ပြတင်းနားသို့ လျှောက်သွားပြီး ခန်းဆီးစကို ဆွဲဖယ်ပြီး ခြံထဲသို့ စီးမိုး၍ကြည့်လိုက်သည်။

အရောင်စုံအောင်ပွင့်နေသော ပန်းမျိုးစုံတို့နှင့် စိမ်းဖန့်ကာ မြစိမ်းရောင်လွှမ်းနေသော မြက်ခင်းနုနုစိမ်းစိမ်းတွေက နေခြည်အောက်မှ တောက်ပလဲ့ဝင်းနေသည်။





ခပ်မှျင်းမှျင်းတိုက်ခတ်လာသော လေပြည်နုနုတွေက ပန်းရနံ့တွေကို ဆင့်ကဲခေါ်ဆောင်လာပြီး မယ်ဒီပါ၏မျက်နှာပြင်အနှံ့ကို ပွေ့ဖက်နမ်းရှုံ့ကြသည်။

ဆံစအချို့ ပျော့ရှင်စွာဝေ့ရမ်းလှုပ်ခတ်ကုန်ကြသည်။

ခြံထဲတွင် အသက်ငါးဆယ်ခန့် အမျိုးသမီးကြီးတစ်ယောက်သစ်ခွတွေ ခူးနေတာကို တွေ့ရသည်။ ထိုအမျိုးသမီးကြီးသည် ဒယ်ဒီပြောသော ကြီးကြီးခန့်ဟု သိထားရမည့်သူဖြစ်လိမ့်မည်။

ထိုတဒင်္ဂသည် အတိတ်ကို ခဏမေ့ထားသော အချိန်ကာလတစ်ခုလည်း ဖြစ်ကောင်းဖြစ်လိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ကြီးကြီးခန့်"

"ဟယ် သမီးလေး"

ရင်းနှီးဖော်ရွေချိုသာလွန်းသော ကြီးကြီးခန့်၏မျက်နှာသည် မယ်ဒီပါကိုမြင်တော့ ပို၍ပြုံးရွှင်ချိုမြသွားသည်။

"မယ်လည်း သစ်ခွတွေ ဝိုင်းရှူးပေးမယ်လေ"

ပန်းရောင်သစ်ခွခက်ကြီးတစ်ခက်ကို လှမ်းကိုင်ပြီး ပြောလိုက်သည်။

"ကိုယ့်ဟာကိုယ် သက်သက်သာသာ နေပါကွယ်၊ ကြီးကြီးခန့်ဖာသာ လုပ်ပါ့မယ်"

"ဒါနဲ့ သစ်ခွတွေ ဒီလောက်အများကြီး ဘာလုပ်ဖို့လဲ လက်ဆောင်ပေးဖို့လား"





"မနက်ဖြန် မယ်လေးရဲ့သုံးနှစ်ပြည့်တဲ့နေ့လေ၊ ဒါကြောင့် ဒီပန်းတွေကို ဆရာကြီး ကိုးကွယ်နေတဲ့ ဘုန်းကြီးကျောင်းမှာ သွားလှူရမယ်"

"မယ်လေး သုံးနှစ်ပြည့် ဟုတ်လား"

"မယ်လေးဆိုတာ ဘယ်သူလဲဟင် ကြီးကြီးခန့်"

မယ်ဒီပါ အလျင်လိုစွာဖြင့် မေးလိုက်သည်။

"မယ်လေးဆိုတာ ဒယ်ဒီရဲ့ဆုံးသွားတဲ့သမီးပါ"

အနောက်ဘက်မှ ဖြေလိုက်သော ဒယ်ဒီအသံကြောင့် ကြီးကြီးခန့်ရောမယ်ပါ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

"ဒယ်ဒီ ခြံထဲလမ်းဆင်းလျှောက်တာလား"

"ဟုတ်တယ် သမီးမယ်၊ ဒီလို ညနေခင်း ဆေးရုံမသွားတဲ့နေ့ ဒါမှမဟုတ် ဆေးရုံက စောစောပြန်လာတဲ့နေ့တွေဆိုရင် ခြံထဲမှာ နာရီဝက်လောက်တော့ လမ်းဆင်းလျှောက်နေကြလေ"

"ဆရာကြီး ပန်းတွေ ဒီလောက်ဆို တော်ပြီလား၊ ထပ်ရှူးဦးမလား"

"အေး တော်လောက်ပါပြီကွာ"

ကြီးကြီးခန့် သစ်ခွတွေ တပွေ့ကြီးဖြင့် အိမ်ဘက်သို့ လျှောက်သွားသည်။

"ကဲ သမီးရယ် ဒယ်ဒီတို့ ဟောဟို ခုံတန်းမှာ စကားပြောင်းခံရင်း



www.burmeseclassic.com

www.burmeseclassic.com



စကားအေးအေးဆေးဆေး ပြောကြရအောင်''

''ဟုတ်ကဲ့ ဒယ်ဒီ''

မယ် ဒယ်ဒီညွှန်ပြသော မြက်ခင်းစိမ်းစိမ်းပေါ်က ခုံပိုင်းလေးတွေဆီသို့ ဒယ်ဒီ့နောက်မှ လိုက်လျှောက်ရင်း ဝင်ထိုင်လိုက်သည်။

''ဒယ်ဒီ့မှာ အရင်က မယ်ဒီပါဆိုတဲ့ သမီးလေးတစ်ယောက်ရှိခဲ့တယ်၊ အဲ ရှိတာကတော့ သားတစ်ယောက် သမီးတစ်ယောက်ဆိုပါတော့ကွာ၊ သူတို့က အမြွှာမွေးထားကြတာလေ''

ခုရော ဒယ်ဒီ့ဆီမှာ သူတို့တွေ ဘာကြောင့်မရှိကြတော့တာလဲ ဟူသော အကြည့်ဖြင့် ကြည့်လိုက်သည်။

''အဲဒီ သားလေးဆိုရင် ဒယ်ဒီ မြင်တောင် မမြင်ဖူးလိုက်ပါဘူးကွယ်၊ အမြွှာမွေးခဲ့တယ်ဆိုတာလည်း ဒယ်ဒီမိခင် မသေခင်ပြောပြခဲ့လို့ သိခဲ့ရတာပါ''

''ဒါဆို သူတို့ ဘယ်ရောက်သွားလဲ ဒယ်ဒီ''

''ဒယ်ဒီလည်း အဲဒါကို လိုက်စုံစမ်းနေတာပဲ၊ ဒီအကြောင်းတွေကို ဒယ်ဒီ သမီးနားလည်အောင် ရှင်းပြမယ်''

ဒယ်ဒီ ပြောလာမည့်အတိတ်အကြောင်းတွေကို မျက်လုံးလေးဝင့်ကာ နားစွင့်လိုက်သည်။

''ဒီလို သမီးရဲ့ ဒယ်ဒီ့မိဘတွေက ဒယ်ဒီ့ကို ကလေးတွေရဲ့အမေနဲ့ သဘောမတူဘူးလေ၊ အဲဒီအချိန်မှာ ဒယ်ဒီက နယ်မှာတာဝန်





ကျနေတဲ့အချိန်၊ ဖုန်ရရချင်း ပြန်လာတော့ ဒယ်ဒီ့အမေဆီမှာ သမီးလေးတစ်ယောက်ပဲ တွေ့ရတော့တယ်''

''ဒါဆို သားတစ်ယောက်ကရော ဘယ်ရောက်သွားလဲ ဒယ်ဒီ''

''ဒီလို သမီးရဲ့ ပထမဆုံး သားကို အရင်မွေးလိုက်တော့ ဒယ်ဒီ့အမေက အမြွှာပူးမွေးလိမ့်မယ်လို့ ထင်မထားဘူးလေ၊ အဲဒီကလေးနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် သုံးနာရီကြာ ခြားမွေးတယ်၊ ဖြစ်ချင်တော့ ပထမကလေးကို အမေက တိုးတိုးတိတ်တိတ် ပေးပစ်လိုက်တယ်၊ သူ့စိတ်ထဲ ဒီကလေးတစ်ယောက်ထဲ မွေးတယ်ထင်တာကိုး၊ ကံကောင်းချင်တော့ ဒုတိယသမီးလေး သူ့အမေဝမ်းက မကျွတ်ခင် ဒယ်ဒီရောက်သွားလို့ သမီးလေးကိုတော့ အစဖျောက်ပစ်လို့ မရတော့ဘူးလေ၊ သမီးလေးမွေးပြီးပြီးချင်းမှာပဲ ကလေးတို့အမေလည်း ဆုံးသွားတော့တာပါပဲ''

လူတစ်ယောက်ဆီတိုင်းမှာ အပူသောကတစ်မျိုးဆီ ရှိနေတတ်ကြတာ ယခုမှ လက်တွေ့ပင်မြင်တွေ့ခွင့်ရခဲ့သည်။

''ဒယ်ဒီ့အမေလည်း သူ့အပြစ်ကြီးကို ဖုံးကွယ်ခဲ့ရာကနေ အချိန်ကြာလာတာနဲ့အမျှ သူ့အမှားကို သူသိပြီး နောင်တရလို့မဆုံးဘူးဆိုပြီး အဖြစ်မှန်ကို ဖွင့်ပြောပြရှာတယ်၊ ပေးလိုက်တဲ့အမေ့ရဲ့အိမ်ဖော်အမျိုးသမီးကိုလည်း ရှာလို့ကို မတွေ့တော့ပါဘူး၊ အမေက လုပ်ကိုင်စားသောက်ဖို့ ငွေအလုံအလောက်ပေးပြီး တစ်မြို့တစ်ရွာမှာ ဖာတ်သွား



www.burmeseclassic.com

www.burmeseclassic.com



မြှုပ်နိုင်းလေတော့ ရှာဖို့ဘယ်လွယ်တော့မလဲ''

''ဒါဆို ခုချိန်ထိ ဒယ်ဒီ့သားကို ရှာမတွေ့သေးဘူးပေါ့နော်''

''ဟုတ်တယ် သမီး၊ ဒါပေမဲ့ ဒယ်ဒီ အားမလျှော့ပါဘူး ဒယ်ဒီ မသေမချင်း သားကို ရှာနေဦးမှာပါ''

''ဒယ်ဒီ့အကြောင်း ကြားရတာ မယ် စိတ်မကောင်းပါဘူး။ တကယ်တော့ ဘဝဆိုတာ စက်ဝိုင်းတစ်ခုလိုပါပဲ ဒယ်ဒီရယ်၊ ထင်မှတ်မထားတဲ့အကြောင်းအရာတွေက အမြဲတမ်း လည်ပတ်နေတာလေ၊ ဒါပေမဲ့ အဲဒီလည်ပတ်နေတဲ့ စက်ဝိုင်းကြီးရပ်သွားရင်တော့ အရာအားလုံးဟာ လည်း သူ့အလိုလိုရပ်သွားမှာပါလေ''

ဒဿနဆန်သော မယ့်ရဲ့နှုတ်ထွက်စကားတွေကြောင့် ဒယ်ဒီ ပြုံးကာ

''သမီးမယ်က ဘယ်ဆိုးလို့လဲ၊ ဘဝကို ဒဿနဆန်ဆန် တွေး တတ်သားပဲ အေးကွာ ဒယ်ဒီလည်း ခုမှပဲ အထီးကျန်ဆန်တဲ့အခြေအနေ တစ်ခုကနေ ရုန်းထွက်နိုင်ခဲ့တယ်၊ အဲဒါ သမီးမယ်ကြောင့်ပဲ''

''မယ်က ဒယ်ဒီ့ကို ဘာမှပြန်ပြီး မပေးဆပ်ရသေးပါဘူး ဒယ်ဒီ ရယ်''

''ဒယ်ဒီ့သမီးနေရာမှာ အစားဝင်နေပြီး ဒယ်ဒီ့ကို အဖေလို ချစ်ခင်ပေးတာဟာ ဒယ်ဒီ့ကို ပြန်ပေးဆပ်တာပဲပေါ့ သမီးရဲ့''

ဖခင်တစ်ယောက်၏မေတ္တာတရားတွေ ပြည့်နှက်နေသော ဒယ်ဒီ မ



ကို မယ် လေးစားချစ်ခင်စွာဖြင့် မော့ကြည့်လိုက်ပြီး

''ရှေ့လျှောက် ဒယ်ဒီ့ဘေးမှာ မိဘအပေါ်ကျေးဇူးသိတတ်တဲ့ သမီးကောင်းတစ်ယောက်အဖြစ် နေပေးပါ့မယ်လို့ မယ် ကတိပေးပါတယ်''

''ဒယ်ဒီ ယုံပါတယ် သမီးမယ်ရယ်၊ သမီးကို ကယ်တင်လိုက် ကတည်းက ဒယ်ဒီ့စိတ်ထဲမှာ သမီးလေးမယ့်ကို ပြန်ရလိုက်သလိုမျိုး ခံစားရပြီးသားပါ''

သားအဖနှစ်ယောက် အပြန်အလှန် နားလည်မှုယူကာ ပြုံးတူ ရယ်မောလိုက်ကြသည်။

''ကဲ မနက်ဖြန်ကစပြီး သမီးမယ် ကားမောင်းသင်ရတော့မယ် နော်၊ ဒါမှ ကိုယ်သွားချင်တဲ့နေရာကို ဘယ်သူ့အကူအညီမှမလိုတဲ့ သွား နိုင်မှာ''

ကားမောင်းသင်ရမည်ဆို၍ မယ် ရင်ထိတ်သွားသည်။

''မယ် ကားမောင်းလို့ ဖြစ်ပါ့မလား ဒယ်ဒီ''

''ဘာလို့ မဖြစ်ရမှာလဲ သမီးရယ်၊ အရွယ်ရောက်ပြီးသူတိုင်း ကားမောင်းခွင့်ရှိတာပဲ၊ မနက်ဖြန် ဒယ်ဒီ့တပည့်တစ်ယောက် သမီးကို ကားမောင်းသင်ပေးဖို့ လာလိမ့်မယ်''

''ဟုတ်ကဲ့ပါ ဒယ်ဒီ''

အစစအရာရာ လိုအပ်ချက်မရှိအောင် ဖြည့်ဆည်းပေးနေသော ဒယ်ဒီ့ရဲ့မေတ္တာတရားကို မယ် ထပ်ပြီး ငြင်းဆန်ဖို့ မသင့်တော့၍ ငြိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။

ခွဲစိတ်ပါရဂူကြီး၏သမီးတစ်ယောက် ဖြစ်မှတော့ နေထိုင်မှုပုံစံကိုလည်း အထက်တန်းကျအောင် ပြောင်းလဲပစ်ရတော့မှာပေါ့။

မယ်ဒီပါဆိုတာ အရင်က သောကဆင်းရဲဒဏ်တွေပိနေတဲ့ ဖက်ဖူးရောင်မှ မဟုတ်တော့တာ။

■ ■ ■



## အခန်း (၁၉)

မယ် ကိုယ်တိုင် မောင်းလာသော ကားလေးသည် မယ်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည့် မယ့်ရဲ့မွေးရပ်မြေရပ်ကွက်ငယ်ကလေးထဲသို့ ခပ်ငြိမ့်ငြိမ့်လေး မောင်းဝင်လာခဲ့လိုက်သည်။

ရွှေရောင် နတ်မိမယ်လေးတမျှ လှပနေသော မယ့်ကိုရောသစ်လွင်တောက်ပနေသော ဗင်မ်ခံကားကိုပါ ရပ်ကွက်သားတွေက မမြင်ဖူးကြသလို အားလုံးဝိုင်း၍ အကဲခတ်ကြည့်နေကြသည်။

ထိုအထဲတွင် မယ်နှင့်ရင်းနှီးပြီးသားသူတွေပါသည်။ မယ် နှုတ်ဆက်ချင်ပေမယ့် သူတို့အားလုံး မယ့်ရဲ့မျက်နှာအသစ်ကို သိကြမည်မဟုတ်။

သူတို့နှင့် တစ်ရပ်ကွက်ထဲ အတူကြီးပြင်းလာခဲ့သည့် ဖက်ဖူး



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပါဆိုလျှင်တောင် ယုံကြမည်မဟုတ်။

ထို့ကြောင့် မယ် နှုတ်ဆက်မနေတော့ဘဲ ပြုံး၍သာ ကြည့်ခဲ့ပြီး အိမ်ဘက်ကို မောင်းလာခဲ့လိုက်သည်။

မယ် အိမ်ရှေ့မှာ ကားကိုငြိမ့်ခနဲ ရပ်လိုက်သည်။ အိမ်ထဲမှ ညင်းသိုးသိုးပုံစံဖြင့် ထွက်လာသော အဖေ့မျက်နှာကို မယ် အရင်ဆုံး တွေ့ခွင့်ရလိုက်၍ ဝမ်းသာအားရ အဖေဟုခေါ်ချင်မိသော ဆန္ဒတွေကို မနည်းချိုးနှိမ်ထားလိုက်ရသည်။

အိမ်ရှေ့တည့်တည့်တွင် လာရပ်သော ကားမို့ အဖေ မယ့်ကို လှမ်းကြည့်သည်။ မယ် ကားပေါ်မှ ဆင်းလိုက်ပြီး ဇဝေဇဝါအကြည့်တွေဖြင့် ရပ်ကြည့်နေသော အဖေ့နားသို့ လျှောက်သွားလိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ကလေးမ"

အဖေ့အကြည့်တွေထဲမှာ ရင်းနှီးမှု အရိပ်သဏ္ဌာန်တွေ တွေ့နေရပေမယ့် အဖေ့နှုတ်မှထွက်လာသော မေးခွန်းက စိမ်းတောက်နေသည်။

လှမ်းနေသော ခြေလှမ်းတွေပင် အားလျော့သွားသည်။ ရုတ်တရက်မို့ မယ် ဘယ်လိုဖြေရမှန်းမသိအောင် ကြောင်အမ်း၍နေသည်။

ခုချိန်မှာ အဖေ့သမီး ဖက်ဖူးလေးလို့ပြောလည်း ယုံမှာမှ မဟုတ်တာ။

"ကလေးမ ဘယ်သူ့ဆီလာတာလဲကွဲ့ ဟို အ အလင်းရောင်ဆီလာတာလား"





နောက်တစ်ကြိမ်ထပ်မေးမှတော့ မဖြေ၍ မရတော့။

"ဩော် အ အဖေ အဲ ဦးလေး ဟိုလေ ဒီ ဒီအိမ်က ဖက်ဖူး ရောင်ရဲ့အိမ်များလားရှင့်"

မယ့်အမေးကြောင့် အဖေ့မျက်လုံးအစုံ အရောင်ဖျတ်ခနဲ တောက်သွားကာ

"ကလေးမက ဦးလေးသမီး ဖက်ဖူးနဲ့ အသိတွေလားကွယ်"

"ဟုတ်ပါတယ် ဦးလေး"

အဖေ့မျက်နှာ ပြုံးယောင်သမ်းသွားပြီး ချက်ချင်း ပျာယာခတ်သွားသော အမူအရာဖြင့်

"ဩော် အေး လာကွယ်၊ အိမ်ထဲဝင်ပါဦး"

"ဟဲ့ ဘယ်သူတုန်းကွဲ့"

တဆက်တည်းမှာပင် တစ်ဖက်ခန်းမှ အဘွား ဒေါ်မြအေး အသံ ပေါ်ထွက်လာသည်။

"သမီးရဲ့သူငယ်ချင်းလို့ ပြောတာပဲ"

"ဟဲ့ ဖက်ဖူးမှမရှိတာ၊ သူနဲ့ ဘယ်လိုပတ်သက်လဲ မေးကြည့်ပါဦးကွယ်၊ ဒါမှ ဖက်ဖူးရဲ့သတင်းလေးဘာလေး ရပြီး စုံစမ်းလို့ရမှာ"

"ကဲ ကလေးမ ကြားတယ်နော် သမီးကတော့ မရှိဘူးကွယ်၊ သူ့ယောက်ျားနဲ့စကားများပြီး အိမ်ကထွက်သွားတာ ခုချိန်ထိဘာသတင်းမှ မရဘူးဖြစ်နေတယ်ကွယ့်၊ ဦးလေးတို့လူကြီးတွေလည်း သူ့ကို တော်



www.burmeseclassic.com

www.burmeseclassic.com



တော်လေးစိတ်ပူနေကြတာ''

''သူ့ယောက်ျားကို မေးမကြည့်ဖူးလားဟင် ဦးလေး''

''မေးတော့ မေးကြည့်ပါတယ်ကွယ်၊ သူလည်း သမီးထွက်သွားကတည်းက မစားနိုင်မသောက်နိုင်နဲ့ အရက်သမားကြီးလုံးလုံးကို ဖြစ်ရောတဲ့''

အဖေ့စကားကြောင့် ဖက်ဖူး မသိမသာ မဲ့သွားသည်။

အကြောင်းမသိသော အဖေက သူပြောတာကို ယုံနေသည်။ ဒါ အမှန်တရားမဟုတ်ဘူးဟု အဖေသိအောင် ပြောချင်ပေမယ့် မယ် ထိုအမှန်တရားကို စိတ်လွတ်ကိုယ်လွတ် ထုတ်ပြော၍ မဖြစ်နိုင်သေးပေ။

မယ် ဒီကိုလာသည့် ရည်ရွယ်ချက်က အဖေ့ကိုတွေ့လို၍ဖြစ်သည်။ အဖေ ဘယ်လိုနေထိုင်စားသောက်နေရသလဲဆိုတာ သိချင်ရုံသက်သက်။ ပြီးတော့ ဖက်ဖူး သေပြီဆိုတာ လာပြောရုံသက်သက်။

''ဦးလေးတို့ ဖက်ဖူးကို လိုက်ရှာကြသေးလား''

''ရောက်တဲ့နေရာတိုင်းမှာတော့ ရှာပါတယ် ကလေးမရယ်၊ ဒါပေမဲ့ ဦးလေးသမီးက ဘယ်သွားလို့ ဘယ်လာမှန်းမသိတော့ ရှာရတာ ခက်သားလေ''

''ဖက်ဖူး''

ခေါ်သံနှင့်အတူ အိမ်ပေါ်သို့ အပြေးတက်လာသော ဝရုန်းသုန်းကားခြေသံကြောင့် မယ် အလန့်တကြား လှည့်ကြည့်လိုက်သည်။





''ဟင် ဖက်ဖူးလည်း မဟုတ်ဘူး''

မယ့်ကိုမြင်တော့ အလင်းကြောင်အမ်းအမ်း ဖြစ်သွားသည်။

''ဒါ ဖက်ဖူးရဲ့သူငယ်ချင်းတဲ့''

''ကျွန်တော် အပြင်ကပြန်လာတော့ ဖက်ဖူးအသံကြားလိုက်တာနဲ့ ဖက်ဖူး ရောက်နေပြီထင်နေတာ''

စိတ်ပျက်အားလျော့သွားသောပုံဖြင့် အလင်းအိမ်ပေါက်ဝတွင် ထိုင်ချလိုက်သည်။ မတွေ့တာကြာပြီဖြစ်သော အလင်းကိုကြည့်ပြီး မယ် သတိလက်လွတ် ငေးမောလိုက်မိ၏။

အလင်းနှင့်အကြည့်ချင်းဆုံသွားသည်။ ထိုအခါ်အတွင်းမှာ ရင်ခုန်ရသူက မယ်ပဲဖြစ်သည်။ အလင်းပုံစံက မိန်းမလှလေးတွေမြင်တိုင်း စိတ်မဝင်စားတတ်သည့်ပုံစံမျိုးဖြင့် အကြည့်ကိုချက်ချင်းလွှဲသွားသည်။

သူ့ရင်ထဲမှာ ဖက်ဖူး တစ်ယောက်ထဲရှိခဲ့တာ ကိုယ်တိုင်ကလွဲပြီး ဘယ်သူသိနိုင်မှာလဲ။

''ဒါဆို ခင်ဗျားရော ဖက်ဖူး ဘယ်ရောက်နေလဲဆိုတာ သိမှာပေါ့၊ သိရင်ပြောပြပါဗျာ၊ သူ ကျွန်တော့်ကို တော်တော်လေး စိတ်ဒုက္ခပေးနေတယ်ဗျာ၊ ယောက်ျားနဲ့အဆင်မပြေတာနဲ့ပဲ အိမ်ကထွက်သွားရတယ်လို့ ခုတော့ ဒီကလူတွေ ဘယ်လောက်စိတ်ပူနေကြလဲဆိုတာ မစဉ်းစားမိဘူးလား မသိပါဘူး''

မကျေမနပ်ဖြင့် ဖက်ဖူးကို အပြစ်တင်နေသော အလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မယ့်ရင်ထဲမှာ ဝမ်းနည်းစိတ်နှင့်ကျေနပ်စိတ်တွေ တစ်ပြိုင်ထဲ ဖြစ်ပေါ်လာသည်။

"တကယ်တော့ မယ့်ကို ဖက်ဖူးက လွှတ်လိုက်လို့ မယ် ဒီကို လာခဲ့တာပါ"

ဒီတော့မှ အလင်း၏မှုန်ကုတ်နေသော မျက်နှာမှာ အသက်ပြန်ဝင်လာပြီး

"ဟမ် ဟုတ်လား၊ ဒါ ဒါဆို သူ ဘယ်မှာလဲ ဖက်ဖူးနေတဲ့ နေရာကိုပြောပါ"

အငမ်းမရဖြစ်နေသော အလင်းကိုကြည့်ပြီး ဖက်ဖူး သေပြီ ဟူသောစကား ပြောမထွက်ရက်ဘူးဖြစ်သွားသည်။ ထို့ကြောင့် မပြောတော့ဘဲနှင့်

"ဖက်ဖူးက အခု တောင်ကြီးဘက်ကို တက်သွားတယ်၊ ဒါကြောင့် သူ့ကိုစိတ်မပူဖို့လည်း မှာလိုက်ပါတယ်၊ နောက်ပြီး ဖက်ဖူးအဖေ အတွက် လိုအပ်တဲ့ငွေကြေးထောက်ပံ့မှုကိုလည်း လုပ်ပေးထားဖို့ မယ့်ကို မှာထားခဲ့ပါတယ်"

အလင်းရောင် မယ်ထိုင်နေရာသို့ အလောတကြီး ထလာပြီး

"တောင်ကြီးလိပ်စာကို ဒီကသိလား၊ သိမယ်ဆိုရင် ပြောပြပေးပါဗျာ"

"ရှင်က ဘာလုပ်မလို့လဲ"





မယ့်အမေးကို သွက်လက်တက်ကြွသော အမူအရာအပြုံးဖြင့်

"ဟာ ကျွန်တော် တောင်ကြီးလိုက်သွားရမှာပေါ့ဗျ၊ ပြီးရင် သူ့ကို ဒီပြန်ခေါ်လာမယ်၊ ဟိုကောင် လာမနှောင့်ယှက်အောင် ကျွန်တော် ကာကွယ်ပေးမယ်၊ ခုလို ရှောင်ပုန်းနေတာထက်စာရင် ကိုယ့်မိတ်အရိပ် ကိုယ်ပြန်လာနေတာ သူ့အတွက် ပိုပြီးဘေးကင်းလုံခြုံမှာပေါ့"

ကိုယ့်အတွက် စိုးရိမ်သောကတွေ ပွေနေရှာသော အလင်းကို ကြည့်ပြီး မယ်ဒီပါ ရင်ထဲမှာ ကြည်နူးလိုက်ဖို့သွားမိသည်။

"သူ ကျွန်မကို လိပ်စာပေးမသွားပါဘူး၊ မှာစရာရှိတာပဲ မှာခဲ့တာပါ"

"ဟာဗျာ ဒီဖက်ဖူးစုတ် တကယ်ပွေးတာပဲ၊ လူကိုတော့တော် ဒုက္ခပေးတယ်၊ ကျွန်တော့်မှာ သူပျောက်သွားတယ်လို့ သိရတဲ့နေ့ကတည်း က ခုချိန်ထိ တစ်ရက်မှကို စိတ်မအေးရဘူး၊ သူက လည်လည်ဝယ်ဝယ် ရှိတာမဟုတ်ဘူး၊ လူလည်တွေနဲ့တွေ့ပြီး သူ့ဘဝကို နောက်တစ်ကြိမ် ထပ်ဖျက်ဆီးခံရမှာစိုးတယ်၊ မသကာဆို လိပ်စာလေးဘာလေး ပေးခဲ့ ရောပေါ့"

တဗျစ်တောက်တောက် ပြောနေသော အလင်းကို ကြည့်ပြီး မယ်ဒီပါ စိတ်မကောင်းဖြစ်မိရုံကလွဲပြီး ဘာမှမတတ်နိုင်။

ထင်မှတ်မထားမိသော လူတစ်ယောက်ဆီက ရှိုလိုက်သော မေတ္တာတရားကို မက်မောစွာ ပိုင်ဆိုင်ချင်ပေမယ့် အခြေအနေနှင့် အချိ



www.burmeseclassic.com

www.burmeseclassic.com



အခါက အခွင့်မပေးပြန်။

သို့သော် အချိန်တစ်ခုကို စောင့်ပြီးတာနှင့် မယ်ဟာ ဖက်ဖူး ဖြစ်ကြောင်း အလင်းသိအောင်ကြိုးစားမည်။

အချစ်ကို ဆာလောင်မွတ်သိပ်နေသော မိန်းမတစ်ယောက်အဖြစ် အလင်း၏ချစ်ခြင်းမေတ္တာအရိပ်အောက်ကို စောင့်စည်းထိန်းသိမ်းခြင်းတွေအောက်မှ ခုန်ထွက်ပစ်လိုက်ချင်ပါသည်။ အဲဒီအတွက် မယ့်ရဲ့ အင်အားတွေကို စုစည်းရဦးမည်။

ငါမှားခဲ့ပါတယ် အလင်းရယ်။ တကယ်ဆို နင့်ဆီကအချစ်တွေ ဖွင့်အန်လာတဲ့အထိ ငါစောင့်ခဲ့ရမှာပါ။

''ဟို ဆောရီးနော်၊ ကျွန်တော် ဒေါသနည်းနည်းထွက်သွားမိလို့ စကားပြောမှားသွားတယ်''

''ရပါတယ်ရှင် ကိစ္စမရှိပါဘူး''

တစ်ခါဖူးမျှ မယဉ်ကျေးဖူးသော အလင်းထံမှ ဆောရီးဆိုသည့် စကားသံနှင့် အားနာသော ရယ်သံက ခြောက်ကပ်နေပြီး ခပ်အစ်အစ် ဖြစ်နေသည်။ ဖြစ်နိုင်လျှင် မယ့်စိတ်တွေရော မယ့်ခန္ဓာကိုယ်ပါ လွန်ခဲ့ပြီဖြစ်သော အတိတ်ကို ပြန်လည်ခုန်ကူးပြီး အလင်း၏အချစ်ကို မျှော်လင့်ရင်ခုန်လိုက်ချင်ပါသည်။

ခုတော့ အနားသတ်မျဉ်းကြောင်း၏ အစွန်းတစ်ဖက်ဆီမှာ ရပ် စကားပြောခွင့်ရနေသလို အရာရာဟာ သူစိမ်းဆန်နေသည်။ အရင်က





ပွင့်လင်းစွာပြောခိုရယ်မောခဲ့သော အချိန်ကာလတို့သည် အိပ်မက်တစ်ခုလို ခပ်ရေးရေးမျှသာ ကျန်ခဲ့ကြသည်။

အဲဒီအတိတ်ကို နှုမြောလိုက်တာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒယ်ဒီ ဒါ ဘယ်သွားမလို့လဲဟင်"

ဒယ်ဒီ မောင်းနေသော နေရာကို သိချင်စိတ်ဖြင့် မင့်မရဲမေး လိုက်သည်။

"ဒယ်ဒီ လူတစ်ယောက်ကို သွားတွေ့မလို့ သမီး"

"ဪ"

ဪဟု ဆိုလိုက်သော မယ်သည် ဒယ်ဒီ့ဘေးမှာ တိတ်ဆိတ် စွာ လိုက်ပါလာလိုက်၏။

"ဒယ်ဒီ အခု ဘယ်သူ့ကိုသွားတွေ့မှာလဲလို့ မမေးတော့ဘူး လား သမီးမယ်"

"ရှင် မေး မေးဖို့မှမလိုတာ၊ ဒယ်ဒီသွားတွေ့ချင်တဲ့သူကို သွား





တွေ့တာပဲ၊ မယ် ဒီလောက်ထိ မစပ်စုသင့်ဘူးလို့ ထင်တယ်လေ"

"မေးသင့်တာပေါ့၊ ဒယ်ဒီ့အရေးကိစ္စဟာ သမီးမယ်ရဲ့အရေး ကိစ္စပဲ၊ သမီးရဲ့အရေးကိစ္စကလည်း ဒယ်ဒီ့အရေးကိစ္စပဲမဟုတ်ဘူးလား"

ကားမောင်းရင်း မယ့်ကို ဖျတ်ခနဲ ကြည့်ကာ ပြောလိုက်သော စကားကြောင့် မယ်၏ သူစိမ်းဆန်သွားသောစကားကို ပြန်ပြီးအပြစ်တင် လိုက်သည်။

"ဟုတ်ပါတယ် ဒယ်ဒီ"

"အခု ဒယ်ဒီ သားကိုစုံစမ်းနိုင်မယ့်နေရာကို သွားမလို့၊ ဒါ ကြောင့် သမီးကိုပါ ခေါ်လာတာ"

"ဟင် ဒါဆို ဒယ်ဒီ့ရဲ့ဆန္ဒတွေ ပြည့်တော့မှာပေါ့နော်"

"ဒါပေါ့ သမီးရဲ့"

တဖြည်းဖြည်းနှင့် ဒယ်ဒီ ဦးတည်နေသောလမ်းကြောင်းက ဖက်ပူးတို့နေသော ဆင်ခြေဖုံးရပ်ကွက်ကလေးဆီသို့ ဦးတည်နေသည်။

မယ် စိုးရိမ်စိတ်တစ်ခု ရင်ထဲသို့ ခပ်တိတ်တိတ် တိုးဝင်လာ သည်။

ဒယ်ဒီ ဘာသဘောနှင့် ဒီဘက်ကို လာနေတာလဲ။ မယ့်ရဲ့ဘဝ မှန်ကို သိသွားလို့ မယ့်ကိုတမင်ခေါ်လာတာလား။

မရေရာ မသေချာသောအတွေးတွေနှင့် ရင်ထဲမှာ စိုးရိမ် သောက ဖြစ်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မှုက လျော့မသွားဘဲ ပို၍တိုးလာသည်။ ထိုသို့တိုးလာသောအကြောင်းအရင်းမှာ ဒယ်ဒီ မောင်းနေသော ကားလေးသည် ဖက်ဖူးနေခဲ့သောရပ်ကွက်ထဲသို့ မညီမညာ ချိုင့်ခွက်ထနေသော လမ်းကြောင်းတွေ လမ်းဘေးဈေးသည်လေးတွေ ဘုစုခရုဆော့ကစားနေသော ကလေးတွေကို ရှောင်ကွင်းရင်း ဝင်လာ၏။

မယ် မျက်နှာပျက်ယွင်းစပြုနေသည်။ စိတ်ထဲမှ ဘုရားတမိလောက်အောင် လူက ခြေမကိုင်မိလက်မကိုင်မိဖြင့် အမူအရာ ပျက်ယွင်းလာသည်။

ဒယ်ဒီ ငါ လိမ်ခဲ့တာတွေကိုသိပြီး ငါ့ဘဝအမှန်ကို သက်သေပြရအောင် ခေါ်လာတာကျိန်းသေပြီ။

"ဒယ်ဒီ"

မယ့်အသံတွေ အားဖျော့နေသည်။

"ဘာလဲ သမီးမယ် လမ်းတွေဆိုးလို့လား။ ဆင်ခြေဖုံးရပ်ကွက်ဆိုတော့ ဒီလိုပဲပေါ့ သမီးရယ်၊ ခဏတော့ သည်းခံ ရှေ့နားဆို ရောက်တော့မှာပါ"

ဒယ်ဒီ မယ့်ကိုမကြည့်ဘဲ ကားကိုဂရုစိုက်မောင်းနေရင်းမှ နှစ်သိမ့်ပေး၏။

ဘုရား ဘုရား သေချာပြီ ဒယ်ဒီချိုးကွေ့ဝင်လာတာ ဖက်ဖူးနေခဲ့သော လမ်းကျဉ်းကလေးထဲကို။





သိပ်မကြာခင်မှာ ကြုံတွေ့ရတော့မည့် မယ့်ရဲ့အနာဂတ်ကို ရင်မဆိုင်ရဲစွာဖြင့် စိတ်ထဲမှာ ဘုရားအကြိမ်ကြိမ် တနေမိသည်။

ခြေဖျားလက်ဖျားတွေ အေးစက်လာကာ အသားတွေပင် တဆတ်ဆတ် တုန်လာသည်။ မယ် မှားခဲ့တာပါ။ အစကတည်းက မယ့်မှာမိဘတွေရှိပြီး အိမ်ထောင်ဖက်ဆီကနေ ထွက်ပြေးလာတာပါဟု ကြို၍ပြောခဲ့သင့်သည်။

ဒယ်ဒီ့ကား ဖက်ဖူးတို့ အိမ်နှစ်ခန်းတွဲလေးရှေ့မှာ ငြိမ့်ခနဲထိုးရပ်လိုက်သည်။

"ကဲ ရောက်ပြီ၊ သမီးမယ် ဆင်းတော့"

"ဟုတ် ဟုတ်ကဲ့ ဒယ်ဒီ"

မူးမေ့မတတ် ကြောက်ရွံ့တုန်လှုပ်နေသော လက်အစုံဖြင့် ကားတံခါးကို တွန်းဖွင့်ပြီး ကားပေါ်မှ ဆင်းလိုက်သည်။

ပြဿနာကို ရင်ဆိုင်ဖို့အတွက် ဒယ်ဒီ့နောက်ကနေ ငြိမ်၍လိုက်ရုံသာရှိတော့သည်။ မယ် အိမ်ထဲကို လှမ်းကြည့်တော့ အဖေ့အရိပ်အယောင်မျှပင် မတွေ့ရ။

သို့သော် ဒယ်ဒီ့တရွေ့ရွေ့ လှမ်းနေသည်က အဖေ့အိမ်သို့မဟုတ်။ ဘွားဒေါ်မြအေးအိမ်ဘက်ဆီသို့ ဖြစ်သည်။

"ဒယ်ဒီ ဒီ ဒီအိမ်ကို"

မယ့် စကားမဆုံးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီးမယ်၊ ဒီအိမ်မှာရှိနေတဲ့ ဒေါ်မြအေးက သားကိုခေါ်သွားတဲ့အိမ်ဖော်မကြီးပေါ့"

"ရှင်"

စိုးရိမ်စိတ်တို့ ဝုန်းခနဲ ထပြန်ပြီး အံ့သြမင်တက်စိတ်တွေက ဝုန်းခနဲ အစားထိုးပြန်ဝင်လာသဖြင့် မယ့် မျက်ဝန်းအစုံ ဝိုင်းစက်သွားရသည်။

အံ့သြခြင်းတွေက အာရုံအသိစိတ်တွေကို လွှတ်ထွက်မတတ် အကြိမ်ကြိမ်လာရောက် တိုက်ခတ်၏။ ဘယ်လိုမှ ထင်မထားသော တိုက်ဆိုင်မှု၊ ဒါဆို အလင်းရောင်က ဒယ်ဒီ့ရဲ့သားပေါ့။

မယ် အံ့သြ၍ကောင်းနေတုန်းရှိသေးသည် ဒယ်ဒီသည် အဘွား ဒေါ်မြအေး အိမ်လေးပေါ်သို့ တက်သွား၏။

"ဒေါ်မြအေး"

ခေါ်သံကြောင့် ဘုရားဝတ်ပြုနေသော အဘွားဒေါ်မြအေး ရုတ်တရက် လှည့်ကြည့်ပြီး ဇဝေဇဝါမျက်နှာဖြင့် ဦးသုံးကြိမ်ကို အမြန်ချပြီး ဘုရားဝတ်ပြုခြင်းကို အဆုံးသတ်လိုက်သည်။

ပြီးနောက် ပခုံးပေါ်မှ ယောဂီတဘက်ကိုဆွဲယူကာ ထရုံမှာ ကပ်ရိုက်ထားသော ဘုရားစင်အောက်က စင်လေးပေါ်တင်လိုက်ပြီး မယ်တို့ရပ်နေရာသို့ ကုန်းလျှောက်လာပြီး

"ဘယ်သူတွေလဲကွယ်"





မှုန်နေသော မျက်စိက ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲ၍ မျက်မှောင်ကျုံ့ကာ အနီးကပ်ကြည့်ပြီး မေးလိုက်သည်။

အနှစ် အစိတ်ခန့်ကြာခဲ့ပြီဆိုတော့ ဒေါ်မြအေး မမှတ်မိတာ သိပ်တော့ မဆန်းပါဘူးလေဟုတွေးပြီး ဒေါ်မြအေးကို ရယ်ပြလိုက်သည်။

"ဒေါ်မြအေး ကျွန်တော့်ကို မမှတ်မိတော့ဘူးလား၊ ကျွန်တော် ရောဘတ်ဆန်းအောင်လေ၊ နှံသာမြိုင်ခြံက သူဌေးလေးပါ"

အဘွား ဒေါ်မြအေး မှတ်မိသွားဟန်ဖြင့် မှေးအစ်တွဲကျနေသော မျက်လုံးအစုံကို ခပ်ကျယ်ကျယ်ပင့်ကြည့်ပြီး

"အလို သူဌေးလေး သူဌေးလေး ရောဘတ်လား"

"ဟုတ်ပါတယ်"

အဘွား ဒေါ်မြအေး မျက်နှာမှာ အတိတ်ကို ပြန်သတိရသွားပုံဖြင့် တအံ့တသြဖြစ်ကာ

"လာ ဝင်ပါဦး မှန်းစမ်း အမလေး ငယ်ရုပ်ကို မနည်းပြန်ဖမ်းရတယ်ကွယ်၊ အင်း ဟုတ်ပ ဟုတ်ပ ဆရာဝန်လေး မှတ်မိပြီ မှတ်မိပြီ၊ အေးလေ အဒေါ်ကလည်း အဒေါ်မသေခင်မှာ မင်းကိုတွေ့သွားချင်တာကွဲ့၊ ဘုရားမှာနေ့တိုင်း သစ္စာဆို ဆုတောင်းတယ်၊ ခုတော့ အဒေါ် ဆုတောင်းပြည့်ပြီပေါ့ကွယ်၊ လာ ထိုင်ကြပါကွယ်၊ သမီးရော လာ ဝင်ထိုင်၊ ဝါးကြမ်းခင်းတွေပေါ်မှာ ဗြည့်ခံရမှာ အားတော့နာသကွယ်"

ပြောပြောဆိုဆိုဖြင့် အဆင်သင့်ခင်းပေးသော သင်ဖြူးဖျာကြမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ ဒယ်ဒီရော မယ်ပါ ထိုင်ချလိုက်ကြသည်။

"အဖြစ်အပျက်အားလုံးကို မေမေ မဆုံးခင်ပြောပြလို့ ကျွန်တော် အားလုံးသိပြီးပါပြီ ဒေါ်မြအေး"

"သြော် မမကြီးတောင် ဆုံးရှာပြီကိုး၊ အင်းလေ လူတိုင်း ဒီလမ်းသွားကြရမှာပဲကိုး။ အဒေါ်မှာသာ ဘာမှသုံးစားမရတဲ့ခန္ဓာဝန်ကြီးကို ခုထိထမ်းထားရတုန်း၊ ဒါကလည်း အလင်းအတွက် စိစဉ်ပေးခဲ့ချင်တာလေးတွေရှိနေတော့ စိတ်ကသေဖို့မေ့နေတာလည်း ပါမှာပေါ့ကွယ်"

ဒယ်ဒီ့မျက်နှာမှာ ဝမ်းသာအားရစိတ်ကြောင့် ပြုံးရွှင်သွားကာ

"ကျွန်တော့်သားလေး ရှိသေးတယ်ပေါ့နော်"

အဘွား ဒေါ်မြအေး ခေါင်းညိတ်လျက်

"အေးကွယ် အဲဒီအချိန်ကာလတုန်းက မမကြီးကို မလွန်ဆန်နိုင်လို့သာ ကလေးကိုခေါ်ပြီး ထွက်ခဲ့ရပေမယ့် အဒေါ့်စိတ်ထဲမှာ နည်းနည်းလေးမှ မကောင်းပါဘူးတော်၊ လူကြီးတွေရဲ့မဆုံးနိုင်တဲ့အတ္တတွေကြောင့် အပြစ်မရှိတဲ့ကလေးငယ်လေးဟာ မိခင်နို့ရည်ကြည်ကိုတောင် စို့ခွင့်မရခဲ့ဘဲ နယ်နှင်ဒဏ်ပေးခံခဲ့ရတယ်"

ပြောရင်းဖြင့် ဒေါ်ခင်လှ မျက်ရည်တွေ ဝဲတက်လာကာ အသံတွေတုန်လာသည်။ ဦးရောဘတ်ဆန်းအောင် ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့လောက်အောင် ရင်ထဲမှာစို့လာသည်။

"အခု ကျွန်တော့်သားလေးဘယ်မှာလဲ၊ ကျွန်တော် အရမ်းတွေ့





ချင်နေပြီ"

"ရှိပါတယ်ကွယ် ဒီကလေးကို သနားလွန်းလို့ ကိုယ့်သွေးသားရင်းလို စောင့်ရှောက်ထားပါတယ်"

"ဒါ ဒါဆို ကျွန်တော် ခုပဲ တွေ့ပါရစေ"

"အခုတော့ သူ အိမ်မှာမရှိဘူးကွယ်၊ သူ့သူငယ်ချင်းတစ်ယောက်နဲ့ တောင်ကြီးဘက်ကို ခဏလိုက်သွားတယ်"

တစ်ချိန်လုံး ငြိမ်နားထောင်နေသော မယ့်ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။ မဟုတ်မှလွဲရော အလင်း တောင်ကြီးကိုသွားတာ ဖက်ဖူးကိုသွားရှာတာများလား။

တကယ် အမှန်ဆိုလျှင်တော့ အလင်း၏သံယောဇဉ်ကြီးမားပုံကို အသိအမှတ်မပြုဘဲ ဘယ်လိုမှ မနေနိုင်တော့။

"ဘယ်တော့ ပြန်လာမှာလဲ"

"အမလေး မပြောချင်ပါဘူးတော်၊ တောင်ကြီးကို ဘာအလုပ်ကိစ္စမှမရှိဘဲ လိုက်သွားရတဲ့အကြောင်းအရင်းက သူ့ရဲ့မတော်လိုက်ရတဲ့ ရည်းစားကို သွားရှာမလို့တဲ့တော်၊ ဟိုခများမှာလည်း သောကတွေ ဒုက္ခတွေပိုက်ပြီး အလွတ်ရုန်းသွားရတာဆိုတော့ အဒေါ်လည်း သူတို့နှစ်ဦး ပြန်တွေ့ပါစေလို့ပဲ 'ဘုရားမှာဆုတောင်းပေးပါတယ်၊ အတိတ်ကံအကြောင်းပါလာကြလို့ ခုလို သံယောဇဉ်ကြီးတွေက ငြိကုန်ကြတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အဘွား ဒေါ်မြအေး စကားကြောင့် မယ်ပင် စိတ်မလုံသူလို ဖြစ်ကာ မျက်နှာကိုငုံ့ထားလိုက်သည်။ ဘွား ဒေါ်မြအေးရှေ့မှာရှိနေသော မယ်ဒီပါဟာ သူတို့သိပ်တွေ့ချင်နေကြတဲ့ ဖက်ဖူးဆိုတာကိုသာသိရင် ဝမ်းသာအားရဖြင့် အတင်းပြေးဖက်ပြီးတော့များ သူ့မြေးက ဘယ်လောက်ထိ စွဲလမ်းနေကြောင်း ပြောမလဲမသိ။

မယ့်ခံစားမှုလေးတွေ အလိုလိုနေရင်း နွေးထွေးလာကာ ဘဝကို နေပျော်သလို ခံစားလာရသည်။ အချစ်ဆိုတဲ့အရာက မယ့်ရင်ထဲကို တစိမ့်စိမ့် တိုးဝင်လာနေပြီပဲ။

"ကျွန်တော့်သားကို ဒီအရွယ်အထိ စောင့်ရှောက်ပေးခဲ့တဲ့ ဒေါ်မြအေးကို ကျွန်တော် ကျေးဇူးတင်လို့မဆုံးပါဘူးဗျာ၊ ဒါကြောင့် ကျွန်တော်က တစ်လှည့်ပြန်ပြီး ဒေါ်မြအေးကို ကျေးဇူးဆပ်ပါရစေ"

နုံချာဆင်းရဲလွန်းသော ဘဝအခြေအနေနှင့်နေခဲ့ရသော သားအခြေအနေကိုကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့သည်။ လူ့လောကထဲရောက်ကတည်းက ဒုက္ခဆင်းရဲတွေကိုသာ ရင်ဆိုင်ကြုံတွေ့နေခဲ့ရသော သားဘဝကို ခုချိန်ကစပြီး လိုအပ်ချက်ဆိုတာ မရှိရလေအောင် အရာရာကို လိုတရဖြည့်ဆည်းပေးဖို့ အဆင်သင့် ပြင်ထားရတော့မည်။

"အဒေါ်ကတော်တော် မင်းကိုပြန်ပြီး အားနာရပါတယ်ကွယ်၊ အမှန်ဆို အဲဒီအချိန်ကတည်းက မင်းတို့မိသားစုကို အဒေါ်ဆန္ဒပါပါ မပါပါ မခွဲခဲ့သင့်ဘူး၊ မင်းမိန်းမ ခင်မြဖင်ကိုလည်း အဒေါ်က တောင်းပန်ပါတယ်





လို့ ပြောပေးပါကွယ် အဒေါ်မှားခဲ့ပါတယ်"

ဒေါ်မြအေး ပြောရင်းနှင့် မျက်ဝန်းအိမ်မှကျလာသော မျက်ရည်စကို အင်္ကျီလက်မောင်းသားဖြင့် ပွတ်သုတ်လိုက်သည်။

ဦးရောဘတ် ဒေါ်မြအေး၏ကျောကို ခပ်ဖွဖွသုတ်ကာ ဖြေသိမ့်ပေးရင်း

"မြကေ ဒေါ်မြအေးကို ဘယ်တော့မှ အပြစ်မတင်နိုင်တော့ပါဘူး ဘာဖြစ်လို့လဲဆိုတော့ သူလောကကြီးထဲက ထွက်သွားခဲ့ရတာ ဒေါ်မြအေး သားကို ခေါ်ပြီးထွက်သွားတဲ့ညကတည်းကပါပဲ၊ တကယ်တော့ သားက အမြွှာမွေးခဲ့တာပါ၊ သားမွေးပြီး သုံးနာရီလောက်ကြာမှ သမီးလေး နောက်တစ်ယောက်ထပ်မွေးခဲ့တယ်"

"အလို ဘုရားရေ ခင်မြဖင်လေး ဆုံးသွားပြီဟုတ်လား။ ဒါ ဒါဆို အဲ အဲဒီ အမြွှာထပ်မွေးတဲ့သမီးကရော"

အဘွား ဒေါ်မြအေး သူ့ရင်ဘတ်ကို သူ့လက်ဖြင့် အလန့်တကြားဖိလိုက်ပြီး မျက်ကလူးဆန်ပြာဖြင့်မေး၏။

"ဟောဒီမှာလေ"

အဘွား ဒေါ်မြအေး အကြည့်တွေက မယ့်ဆီရောက်လာ၏။

"သူလေးလား"

"ဟုတ်ပါတယ် ဒေါ်မြအေး"

"သမီးက မင်းနဲ့မှ တစ်ထေရာတည်းတူတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘွားစကားကြောင့် မယ် ကိုယ့်မျက်နှာကိုကိုယ်မသိမသာ ပြန်စမ်းရင်း ဒယ်ဒီ့ကို မသိမသာ လှမ်းကြည့်လိုက်သည်။

အဘွား ဒေါ်မြအေး ပြောသလို မယ့်မျက်နှာအကျ မျက်ခုံး မျက်လုံး နှာတံကအစ ဒယ်ဒီ့မျက်နှာအချိုးအစားနှင့်တူနေသည်။ ထိုသို့ တူအောင်လည်း ဒယ်ဒီ ခွဲစိတ်ပြုပြင်ထားခြင်းဖြစ်သည်။

"အင်း ခုလိုမျိုး သမီးနဲ့အဖေကို ခုလိုမြင်ရတော့ အလင်းကို သနားလိုက်တာ၊ သူ့ခမျာ အဖေနဲ့ညီမ ရှိပါလားဆိုတာမသိတဲ့ ဘဝကို ခက်ခက်ခဲခဲ အထီးကျန်စွာနဲ့ ရုန်းကန်ရတယ်"

အဘွား ဒေါ်မြအေးကဲ့သို့ မယ်လည်း ထိုသို့ခံစားရ၏။

"ခုတော့ အထီးမကျန်တော့ပါဘူး၊ သူ့ကို အဖေနဲ့ညီမက ရှာတွေ့သွားပြီပဲ ဒေါ်မြအေးလည်း ခုချိန်ကစပြီး အနေဆင်းရဲ အစား ဆင်းရဲမဖြစ်ရတော့အောင် ကျွန်တော်ကပဲ လိုအပ်ချက်မရှိအောင် ပြန် ပြီး ကျေးဇူးပြုပါမယ်"

"အဒေါ့်အတွက်က ဒါတွေမလိုအပ်တော့ပါဘူးကွယ်၊ အဒေါ် မြေးလေး အဒေါ်မသေခင်မှာ သူ့မိသားစုနဲ့ပြန်ဆုံတွေ့သွားတာကိုပဲ အဒေါ်ဝမ်းသာလှပါပြီ၊ ခုချိန်မှာ ငေါက်ခနဲ သေမယ်ဆိုရင်တောင် သေ ပျော်သွားပါပြီကွယ်"

အဘွား ဒေါ်မြအေး ဝမ်းသာသလို မယ်လည်း အလင်းအတွက် ပျော်သည့်အပျော်တွေက စာဖွဲ့ပြလို့ပင်မရနိုင်ချေ။





ရင်ထဲမှာ သောကကင်းသော ငြိမ်းချမ်းခြင်းတွေဟာ ကိုယ့် အတွက်မဟုတ်ဘဲ အလင်းအတွက် ပို၍လှိုက်စားလာသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ကဲ ဘယ်လိုလဲ ငါ့မြေး တောင်ကြီးကိုလိုက်သွားတာ ဖက်ဖူးရဲ့အရိပ်အယောင်ကိုရော မြင်ခဲ့ရဲ့လား"

အိမ်ပေါ်တက်တက်ချင်း ဆေးပေါလိပ်တစ်တိုကို ဖွာရှိုက်ရင်း ခပ်ပြုံးပြုံးမေးလိုက်သော အဘွားအမေးကြောင့် ခရီးပန်းလာသော အလင်းမျက်နှာ ပို၍မှိုင်သွားသည်။

"အရိပ်အယောင်မပြောနဲ့ ရုပ်ချင်းဆင်တဲ့သူတောင် ရှာမတွေ့ခဲ့ဘူး၊ ဝူး မောလိုက်တာ တောင်ကြီးတခွင်လုံး နှံ့အောင်ရှာခဲ့တာမတွေ့ခဲ့ပုံထောက်ရင် ဖက်ဖူး တောင်ကြီးမှာမရှိလောက်ဘူးထင်ပါတယ် အဘွားရာ"

ပင်ပန်းနွမ်းလျစွာ ညည်းတွားပြီး ကျောမှာလွယ်ထားသော





ကျောပိုးအိတ်ကို ဝါးကြမ်းခင်းပေါ် ဘုတ်ခနဲ ပစ်ချလိုက်သည်။

"မြေး ခရီးထွက်နေတုန်း အိမ်ကို ဘယ်သူလာသွားလဲ သိလား မြေး"

အဘွား မေးခွန်းကြောင့် အလင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ

"ဟာ ဖက်ဖူးလာသွားတာလားဟင် အဘွား"

အဘွား ဒေါ်မြဲအေး ချက်ချင်းမဖြေဘဲ ခပ်မိန့်မိန့်ပြုံးနေသဖြင့် အလင်း စိတ်မရှည်တော့။

ဘဝမှာ အလိုအပ်ဆုံးအရာနဲ့ အတွေ့ချင်ဆုံးအရာက ဟိုးငယ်စဉ်ကတည်းက သံယောဇဉ်တွယ် တိတ်တခိုးချစ်ခဲ့ရတဲ့ ဖက်ဖူးဆိုတဲ့ ကောင်မလေးပါပဲ။

အခု အလင်းအကြားချင်ဆုံးက အိမ်ကိုဖက်ဖူးလာသွားတယ်ဆိုတဲ့ အဖြေစကား နောက်ဆက်တွဲက ဖက်ဖူး ဘယ်မှာနေသလဲဆိုတဲ့ အဖြေ။

"ဘွား ဖြေလေ၊ ဖက်ဖူးလာသွားတာလား သူ သူ့အဖေကိုလာတွေ့သွားတာလားဟင်"

"မဟုတ်ပါဘူး ဖက်ဖူးလာတာ မဟုတ်ဘူး၊ တခြားလူတွေလာတာပါ"

ကောက်ရိုးမီးတမျှ တောက်လောင်နေသော မျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်က ရေနဲ့ဖျန်းသလို ဟုန်းခနဲ ငြိမ်းသွားသည်။

"ဟာဗျာ အဘွားဆီကိုလာတဲ့သူက ဖက်မူးမဟုတ်ဘူးဆိုရင် ကျုန်တာ ဘယ်သူလာလာ ကျွန်တော် စိတ်မဝင်စားဘူး"

ဘောက်ဆတ်ဆတ်ဖြင့် ဖြေကာ အဘွား ဒေါ်မြအေးရှေ့မှ ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

"ဟဲ့ကောင်လေး ကြည့် စကားကို ဆုံးအောင်နားမထောင်ဘူး၊ နင့်ဘဝတစ်လျှောက်လုံး မပြောပြခဲ့မိတဲ့အကြောင်းအရာတစ်ခုရှိတယ်၊ အဲဒါကို နားထောင်ပြီးရင် နင်မရှိတုန်းလာတဲ့သူကို နင်ကိုယ်တိုင် သိချင်စိတ်ပြင်းပြသွားမယ်"

ထူးဆန်းသော အဘွားစကားကြောင့် အလင်းရောင် အဘွား မျက်နှာရိပ် မျက်နှာကဲကို စူးစမ်းသလို ကြည့်လိုက်သည်။

"ဘွား ဘာပြောတာလဲ၊ ကျွန်တော် နားမလည်ဘူး"

အဘွားနားဝင်ထိုင်ပြီး သိချင်စိတ်ဖြင့် မေးလိုက်သည်။ အဘွား သောက်လက်စ ဆေးပေါလိပ်တိုကို ဆေးလိပ်ပြာခွက်ထဲကို ထိုးခြေလိုက်ပြီး

"ဒီတစ်လျှောက်လုံးမှာ ပင်ပန်းဆင်းရဲခဲ့တဲ့ မင်းရဲ့ဘဝ ခုချိန်ကစပြီး ရွှေပုံပေါ်ခုန်တက်လိုက်သလို မင်းဟာ နေ့ချင်းညချင်းကို ပြောင်းလဲသွားတော့မှာ"

"ဘာလဲ အဘွား၊ ထီပေါက်ထားလို့လား"





"အေး ထီပေါက်ခဲ့ရင်တောင် ခုလောက်ဝမ်းသာမှာမဟုတ်ဘူး ခုဟာက ဝမ်းသာရုံတင်မဟုတ်ဘူး၊ သေပျော်နေပြီ"

"ဟာ သေတော့ မသေလိုက်ပါနဲ့ ဘွားရာ၊ သားမှာ ပြောမယ့်ဆိုမယ့် ဆူမယ့်ဆဲမယ့်သူက အဘွားတစ်ယောက်ထဲပဲရှိတဲ့ဟာကို အသေမခံနိုင်သေးပါဘူး"

ပြောင်ချော်ချော်ပြောနေသော မြေးဖြစ်သူကိုကြည့်ပြီး အဘွား မျက်နှာ အနည်းငယ်တည်သွားသည်။

"မင်းမှာ အဖေနဲ့ညီမလေးရှိသေးတယ်ဆိုတာ မင်းသိရဲ့လား အလင်း"

ဘယ်လိုမှ ထင်မထားသောစကားကြောင့် အလင်းရောင် မျက်ခုံးနှစ်ဖက် တွန့်တက်သွားကာ အဘွားကို တအံ့တသြ လှမ်းကြည့်ပြီး

"ဗျာ အဖေနဲ့ညီမ ဟုတ်လား၊ အဟက် အဘွားကလည်း အဖေနဲ့အမေလုပ်စမ်းပါဗျာ၊ အသက်ရှစ်ဆယ်ကျော်လာလို့ ညီမနဲ့အမေ ဆိုတာတောင် ခွဲခြားမပြောတတ်တော့ဘူးထင်တယ်"

"ဘွား တကယ်ပြောနေတာ မြေးရဲ့၊ ဟောဒီလောကကြီးထဲမှာ မင်းဟာ မိမဲ့ဖမဲ့နဲ့ ပျောက်ဆုံးနေတဲ့ကလေးတစ်ယောက်ပါ၊ ခုတော့ သူတို့ မင်းကိုရှာတွေ့သွားကြပြီ"

"ဗျာ"

"မအံ့သြပါနဲ့ မြေးရယ်၊ ဒါဟာ အမှန်တွေပါ၊ တကယ်တော့ အဘွားက မင်းရဲ့အဘွားအရင်းမဟုတ်ပါဘူး၊ တစ်ချိန်တုန်းက မင်းမိဘ



www.burmeseclassic.com

www.burmeseclassic.com



များရဲ့အိမ်က အနိုင်းစေမကြီးတစ်ယောက်ပါ။ မင်းကို ဝမ်းကကျွတ်ကျွတ်ခြင်း တစ်နေရာမှာသွားပြီး စွန့်ပစ်ခိုင်းခဲ့လို့ ဘွားက စောင့်ရှောက်လာခဲ့တာ ခုချိန်ထိပဲဆိုပါတော့"

"ဟင်"

ထင်မှတ်မထားသော ဘဝ၏ပြောင်းလဲခြင်းတွေက အလင်း၏ဘဝထဲကို ဝင်လာကြပြန်သည်။

အတော်ဆန်းကြယ်လှသော လူ့သဘာဝ၏ပေးဆပ်မှု ရယူမှုများကို အလင်းရောင် နာကျည်းရမည်လား၊ ဝမ်းသာရမည်လား၊ ဒါမှမဟုတ် ဝမ်းနည်းလှိုက်ဖို ငိုကြွေးရမည်လား။

အရင်ဆုံးလုပ်ဖြစ်လိုက်သည်ကတော့ ခြောက်ကပ်သော ရယ်သံတွေကို လည်ချောင်းဝမှတဆင့် နှုတ်ဖျားသို့ လွှင့်ထုတ်လိုက်ခြင်းပင်ဖြစ်သည်။

ဘာကြောင့် ရယ်သံတွေထွက်ပေါ်လာမိသလဲဆိုတာတော့ အလင်း အသေအချာ မဝေခွဲတတ်တော့။

ထိုညက အလင်းရောင် အိပ်မရသည်မှာ ဘာမှမထူးဆန်း။ လရောင်တွေထိုးကျနေသော ပြတင်းပေါက်ကလေးနားမှာ ခပ်တွေတွေထိုင်ပြီး မနက်ဖြန်တွေ့ရတော့မည့် အဖေနှင့်ညီမလေးမျက်နှာကို စိတ်ကူးနှင့် ပုံဖော်ကြည့်နေမိတာ မိုးကိုလင်းရောပဲ။

■ ■ ■



## အခန်း (၂၂)

အိမ်ရှေ့မှ ရပ်လိုက်သော ကားသံကြောင့် မယ် အခန်းတံခါးဝမှာ အသာရပ်ကြည့်လိုက်သည်။

ကားပေါ်မှ အရင်ဆုံးဆင်းလာသူက ဒယ်ဒီ။ တစ်ဖက်တံခါးချပ်ကို ဖွင့်ဆင်းလာသူက အလင်းဖြစ်သည်။ အလင်း၏မျက်နှာပေါ်မှာ ပျော့ပျောင်းအခြေအနေကို မယုံကြည်ရဲသူလို အကြည့်တွေက အေးစက်နေသည်။

လက်ရှိအခြေအနေနှင့်ဆန့်ကျင်စွာ ပြောင်းလဲလိုက်သော ကံကြမ္မာ၏လိုက်လျောမှုက မျက်လှည့်ဆန်လွန်းတာတော့ အမှန်ပင်။

"သား လာလေ ဒီအိမ်က သားအိမ်ပဲ"

အလင်းရောင်၏ပခုံးကို သိုင်းဖက်၍ ခေါ်လာသော ဒယ်ဒီ့မျက်နှာပေါ်မှာ ကျေနပ်ပျော်ရွှင်ရိပ်တွေ ထင်ဟပ်၍နေသည်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မယ် သတိထားမိပါသည်။

"သမီး မယ်ရေ"

ဒယ်ဒီ့ခေါ်သံကြောင့် မယ် အခန်းဝမှာ ကွယ်ရပ်နေရင်းမှ အိမ်ရှေ့ဧည့်ခန်းဆီသို့ စိတ်လှုပ်ရှားစွာ ထွက်လာလိုက်သည်။

"ဒီမှာ သမီးကိုကို ပါလာတယ်ကွ"

"သား ဒါ သားညီမလေး မယ်ဒီပါလေ"

အလင်း မယ့်ကိုမြင်တော့ ဖက်ဖူး၏လူငယ်ချင်းအဖြစ် သိထားသူက သူ့ညီမဖြစ်နေ၍ အံ့ဩသွားသည်။ သို့သော် ဒယ်ဒီ့ရှေ့မှာမို့ နှစ်ယောက်စလုံး ခုမှမြင်ဖူးသလိုဟန်ဖြင့် မယ်ကပင် စတင်ကာ ဖော်ရွေစွာ နှုတ်ဆက်လိုက်သည်။

"ခုလို အိမ်ကိုအသာတကြည် လိုက်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုကို၊ မယ်တို့နဲ့ ဒီမှာပဲ တစ်သက်လုံးနေသွားပါနော်"

ညီမတစ်ယောက်ကဲ့သို့ ခပ်ချွဲချွဲပြောကာ အလင်း၏ရင်းနှီးချစ်ခင်မှုကို ယူလိုက်သည်။

"စိတ်ချပါ ညီမလေး၊ ကိုကို ဖေဖေနဲ့ညီမလေးကို ခုချိန်ကစပြီး စောင့်ရှောက်သွားမှာပါ"

မျှော်လင့်ချက်တွေ အရာထင်တော့မည်မို့ မယ် ကလေးငယ်တစ်ယောက်လို ပျော်ရွှင်စွာ ရယ်မောလိုက်သည်။

"ဒယ်ဒီ အဘွား ဒေါ်မြအေးကိုရော ခေါ်မလာဘူးလားဟင်"





မယ် ခေါ်လိုက်သော အဘွား ဒေါ်မြအေးဆိုသော နာမ်စားကြောင့် အလင်းရောင် မယ့်ကိုဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ရုတ်တရက် ဖက်ဖူးကို မို၍သတိရသွားသည်။ အဘွားကို နာမည်ပါတပ်ခေါ်သော အသုံးအနှုန်းမျိုးကို ဖက်ဖူးကလွဲ၍ ဘယ်သူမှမသုံးနှုန်း။ နားထဲတွင် ပြန်ကြားယောင်လာသည်မို့

"နင်ကလည်းဟာ ငါ့အဘွားကိုခေါ်တာ ဘွားဒေါ်မြအေးတဲ့ အဘွားဖြင့် အဘွား ဒေါ်မြအေးဖြင့် ဒေါ်မြအေးပေါ့"

"ဟဲ့ ငါ့ဟာငါ ခေါ်ချင်သလိုခေါ်မယ်၊ နင့်အပူဘာပါလဲ"

အလင်းရောင်၏နားထဲသို့ ဖက်ဖူး၏အသံတို့ တိုးဝင်လာ၏။ မယ်ဒီပါသည်လည်း အသံလေယူလေသိမ်းက ဘာကြောင့် ဖက်ဖူးနှင့် ချွတ်စွတ်လာတူနေရတာလဲ။

"ဒေါ်မြအေးကို ဒီမှာလာနေဖို့ ဒယ်ဒီ ခေါ်ပါတယ် သမီးရယ်၊ သူလိုက်မနေပါရစေနဲ့လို့ ငြင်းပြီး အတင်းကျန်ရစ်ခဲ့တာလေ၊ ဒါပေမဲ့ ဒယ်ဒီ လိုအပ်တာတွေအားလုံး စီစဉ်ပေးခဲ့ပါတယ်၊ တကယ်လို့ ဘိုးဘွားနိုင်သာမှာပဲ ငြိမ်းငြိမ်းချမ်းချမ်း နေချင်တယ်ဆိုလည်း ဒယ်ဒီ အားလုံးစီစဉ်ပေးရမှာပေါ့၊ သမီးကိုကိုက သူ့အဘွား မလိုက်လာတဲ့အတွက် ဒီမှာ သိပ်ကြာကြာမနေဘူးတဲ့၊ အဘွားကို တစ်လှည့်ပြန်စောင့်ရှောက်ခဲ့ ဘယ် လုပ်နေတယ်"

"အင်း ဒါလည်း ကောင်းတာပဲ ဒယ်ဒီရဲ့၊ ကိုကို့ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



မယ်လည်း သွားစောင့်ရှောက်ပေးလို့ရတာပေါ့ ဟုတ်တယ်မဟုတ်လား ကိုကို"

ရသည့်အခွင့်အရေးကို မယ် လက်လွှတ်ခံ၍မဖြစ်။ ကိုယ့်အဖေဆီ မကြာခဏ သွားတွေ့ဖို့အရေး ဉာဏ်ကိုလိုသလို အသုံးချရမှာပင်။

ဒယ်ဒီ ကျေနပ်စွာပြုံး၍

"အေးပါကွာ မောင်နှမနှစ်ယောက် ခုကတည်းက အတိုင်အဖောက်ညီနေကြတယ်ပေါ့"

ဒယ်ဒီ သဘောတကျရယ်တော့ မယ်နှင့်အတူ အလင်းရောင်ပါ လိုက်ရယ်၏။

"ကဲ သမီးမယ် ကိုကို့ကို သူ့အခန်းစီစဉ်ထားတာကို လိုက်ပြလိုက်ပါ၊ သူ စိတ်တိုင်းမကျတာရှိရင်လည်း သမီးပဲ တာဝန်ယူဖြေရှင်းပေးလိုက်၊ ဒယ်ဒီ့သားကြီးကို သမီးငယ်လက်ထဲ အပ်ခဲ့ပြီ"

"ဟင် ဒယ်ဒီက ဘယ်လဲ"

"OSC မှာ ဆေးခန်းထိုင်ဖို့ အချိန်နီးပြီလေ"

"ဩော် ဟုတ်သားပဲ၊ ကိုကိုရောက်လာတာနဲ့ မယ်တောင် ဒယ်ဒီဆေးခန်းထိုင်မယ့်အချိန်ကို မေ့သွားတယ်၊ ကဲ လာ ကိုကို မယ်လေး ကိုကို့အခန်းကိုရှယ်ပြင်ဆင်ထားတယ်"

မယ် ပြင်ဆင်ထားသော အိပ်ခန်းအသစ်ဆီသို့ ခေါ်လာလိုက်၏။





အိမ်ကြီး၏ခမ်းနားထည်ဝါပုံတွေကို ဟိုကြည့် ဒီကြည့်ငေးမောရင်း မယ့်နောက်မှ ခပ်တိတ်တိတ်လိုက်လာခဲ့လိုက်သည်။

"ကဲ ကိုကို ကြည့်ပါဦး၊ စိတ်တိုင်းကျရဲ့လား"

ထည်ဝါလွန်းသော အခမ်းအနား အဆောင်အယောင်တွေဖြင့် စိတ်ဖိစီးတောက်နေသော အိပ်ခန်းကိုကြည့်ပြီး အလင်းရောင် အပြောင်းအလဲမြန်လွန်းသော ကိုယ့်ကံကြမ္မာကို အံ့ဩ၍မဆုံးတော့။

အရင် အိပ်ခဲ့ရသော အနားစတွေ ဖွာလန်ကြဲနေသည့် သင်ဖြူးဖျာအစုတ်ကလေးနှင့် အရောင်အဆင်းမဲ့ကာ ညစ်ပတ်နံစော်နေသည့် အိပ်ရာနှင့်ယှဉ်၍ မတန်မရာဖြစ်လောက်အောင် သပ်ရပ်လွန်းနေသော ယခု ပစ္စုပ္ပန်အိပ်ရာအပြင်အဆင်ကိုကြည့်ပြီး အိပ်ရမှာပင် ကိုယ့်အဆင့်နှင့်မတန်မရာဟုပင် တွေးမိသည့်အဖြစ်။

သို့သော် ခုချိန်မှာ ဒါထက်အရေးကြီးတာတစ်ခုကို မယ့်ဆီမှာ စုံစမ်းရဦးမည်။

"မယ် နှင့်ကိုငါမေးစရာရှိတယ် အဲ ဟို စကားပြောရိုင်းသွားရင်ဘော့ ဆောရီးနော် ညီမလေးတွေ ကိုကိုတွေ ဆိုတဲ့နာမ်စား သုံးမှာထက်စာရင် ခုလို နင်နဲ့ငါနဲ့ပြောရတာ ပိုပြီးအားရသလိုဖြစ်လို့ပါ၊ နောက်ပြီး သုံးနာရီလောက်ပဲ အသက်ကကွာတာဆိုတော့ နင်နဲ့ငါနဲ့ ပြောပြီး ဆက်ဆံရတာ ပိုပြီးနွေးထွေးပွင့်လင်းတာပေါ့"

"ရပါတယ် ကိုကို့စိတ်ထဲရှိတဲ့အတိုင်း ခေါ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ဒါဆို ငါ နင့်ကိုမေးစရာရှိတာ မေးတော့မယ်၊ ငါ အခိက သိချင်တာက ဖက်ဖူးရှိတဲ့နေရာအမှန်ကို သိချင်တယ်၊ ဖြစ်နိုင်ရင် ပြောပြပေးပါ၊ အရင်တစ်ခါလို တောင်ကြီးသွားတယ်ဆိုတဲ့ မရေရာတဲ့ အဖြစ်မျိုးတော့ မဖြေနဲ့၊ တောင်ကြီးကို ငါရောက်ခဲ့ပြီးပြီ၊ ဖက်ဖူးကို လုံးဝ ရှာမတွေ့ဘူး၊ နောက်ပြီး ဖက်ဖူးနဲ့နင်နဲ့ ဘယ်လိုပတ်သက်ခဲ့ပြီးမှ ခင်ခဲ့တာလဲ၊ အရင်က ဖက်ဖူးမှာ ပိုက်ဆံချမ်းသာတဲ့သူငယ်ချင်းအပေါင်း အသင်း မရှိဘူး၊ ခုမှ ရှိတယ်ဆိုတော့ နည်းနည်းထူးဆန်းနေတယ်"

"အို ကိုကိုကလည်း သူ အိမ်ထောင်ကျပြီးမှ သိတာပေါ့လို့ ကိုကိုက ဖက်ဖူးကို မယ့်ထက်တော် ပိုပြီး သံယောဇဉ်ကြီးနေသလိုပဲ နော်"

"သူက ငါငယ်ငယ်ကတည်းက သံယောဇဉ်တွယ်ခဲ့ရတဲ့သူ၊ နောက်ပြီး ငါချစ်တဲ့သူ"

"ဒါဆို ကိုကို့ချစ်သူလား"

"မဟုတ်ဘူး"

မယ် အူကြောင်ကြောင် မျက်နှာဖြင့် ကြည့်ပြီး

"ဟင် ဘယ်လိုကြီးလဲ၊ ကိုယ့်ချစ်သူလည်း မဟုတ် နောက်ပြီး အိမ်ထောင်ကျသွားတဲ့မိန်းကလေးတစ်ယောက်ကို စွဲလန်းနေတယ်ဆို တော့ ကိုကို ငရဲကြီးမှာပေါ့"

"အရင်ကတော့ ငရဲကြီးချင်ကြီးမယ်၊ ခုတော့ မကြီးတော့ဘူး





ဘာဖြစ်လို့လဲဆိုတော့ သူလည်း လူလွတ်တစ်ယောက်ဖြစ်သွားပြီလေ၊ ခုဆို သူ့ယောကျ်ားက ဖက်ဖူးကို လိုက်မရှာဘဲ နောက်မိန်းမတောင် ယူလိုက်ပြီ"

အာဒံဦး နောက်အိမ်ထောင်ထပ်ယူလိုက်ပြီဆိုတာ သိလိုက်ရ ပေမယ့် ဖက်ဖူး ရင်ထဲမှာ ဝန်တိုစိတ်နှင့် နှမြောတသခြင်းတွေ မရှိ။ အချုပ်အနှောင်တစ်ခုမှ လွတ်မြောက်သွားသူလို စိတ်ထဲပေါ့ပါး၍တောင် သွားသည်။

"သမီး မယ်ရေ၊ ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီနော်၊ သမီး ကိုကို ကို ထမင်းစားခန်းထဲ ခေါ်ခဲ့တော့"

"ကဲ ကြီးကြီးခန့် ထမင်းစားဖို့ လာခေါ်ပြီ၊ သွားကြရအောင် ကိုကို့ မယ် ဗိုက်ဆာနေပြီ"

ညီမတစ်ယောက်လို အလင်းရောင်၏လက်ကိုဆွဲပြီး ထမင်းစား ခန်းဆီသို့ လျှောက်လာလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဗျာ ဒါဆို မယ်က ကျွန်တော့်ညီမအရင်း မဟုတ်ဘူးပေါ့"

အလင်းရောင် မယုံကြည်နိုင်စွာဖြင့် နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။ ဦးရောဘတ်ဆန်းအောင် မျက်မှန်ကိုပင့်တင်ပြီး သက်ပြင်းခပ်လေးလေးကို ချလိုက်သည်။

"ဟုတ်တယ် သား၊ မယ်ဟာ သမီးမယ်သီတာ မဟုတ်ဘူး။ ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ရုတ်တရက် အက်ဆီးဒင့်ဖြစ်ပြီး မျက်နှာတစ်ခုလုံး ရုပ်ပျက်ဆင်းပျက် ဒဏ်ရာတွေရသွားရှာတဲ့ မိန်းကလေးတစ်ယောက်ပါ၊ သူ့မျက်နှာကို ခွဲစိတ်ပြုပြင်ဖို့ အခြေအနေက ဖန်တီးလာတော့ ဒယ်ဒီလည်း သမီးမယ့်ကို သတိရတဲ့ စိတ်နဲ့ မျက်နှာချင်းတူအောင် ခွဲစိတ်ပြုပြင်လိုက်မိတယ်"





သွေးရင်းသားရင်းဖြစ်သော ညီမလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားရှာသည်ဆိုသည့် သတင်းကြောင့် အလင်းရောင် စိတ်မကောင်းဖြစ်မိသည်။

ကံကြမ္မာက ကောင်းတာတစ်ခုပေးပြီး ဆိုးတာတစ်ခုပြန်ယူနေပါလား။

"ညီမလေးက ဘယ်အချိန်က ဘာကြောင့် ဆုံးသွားတာလဲ အဖေ ကျွန်တော် စိတ်မကောင်းဘူး"

"သားရဲ့ညီမလေးဆုံးတာ သိပ်မကြာသေးပါဘူး သားရယ်၊ ချောင်းသာသွားရင်း လမ်းမှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားတာ"

အတိတ်က အကြောင်းပါလို့ မိခင်ဝမ်းထဲမှာ အမြွှာသန္ဓေသားအဖြစ် အတူတူ ရှင်သန်ခဲ့ကြပြီး လူ့လောကရောက်ရောက်ချင်း တကွဲတပြားစီဖြင့် မိုးကောင်းကင်အောက်ထဲမှာ တစ်နေရာစီ ရှင်သန်နေထိုင်ကြရပြီး တစ်ယောက်ကိုတစ်ယောက် မမြင်ဖူးလိုက်ကြရဘဲ လောကကြီးထဲကနေ သေကွဲကွဲခဲ့ရသည့်အဖြစ် ဘယ်လောက်ဆိုးဝါးတဲ့ ကံကြမ္မာလဲလို့။ ဘာပဲဖြစ်ဖြစ် အမေ့ဗိုက်ထဲမှာ အတူတူ အဖော်လုပ်ပေးခဲ့တဲ့ ညီမလေးကို ကျေးဇူးတင်လို့မဆုံးတာတော့ အမှန်ပါ။

"သားရဲ့ညီမလေး သက်ရှိထင်ရှားမရှိတော့ပေမယ့် သားနဲ့ ဒယ်ဒီ့မှာ ညီမလေးရဲ့ကိုယ်ပွားလေး ရှိနေပြီပဲ၊ သူကလေးကို သားရဲ့ ညီမအရင်းလေးလို စောင့်ရှောက်လိုက်ပါသား။ ဒယ်ဒီကတော့ သူ့ကိုမွေး



www.burmeseclassic.com

www.burmeseclassic.com



တားလိုက်တာဟာ သား ညီမလေး ဒယ်ဒီတို့သားအဖဆီကို ပြန်လာသလို ပါပဲ၊ နောက်ပြီး မယ်လေးရဲ့မျက်နှာနဲ့ လုံးဝကို ချွတ်စွပ်တူနေတော့ သွေးရင်းသားရင်းစိတ်မွေးလို့ အဆင်ပြေပါတယ် သားရယ်''

''ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ်''

အဖေ့ကို ကတိပေးလိုက်ပေမယ့် အလင်းရောင်စိတ်ထဲမှာ မယ့်ကို ညီမလေးတစ်ယောက်လို မေတ္တာမျိုး ပေး၍မရသေးတာတော့ အမှန်ပင်ဖြစ်သည်။

မယ့်တွင် ဘယ်သူမှမသိနိုင်သော လျှို့ဝှက်ချက်တွေ ရှိနေသလို ခံစားနေရသည်။ ဒါ့အပြင် ဖက်ဖူး ရှိနေတဲ့နေရာကို သိနေရက်နှင့် တမင် မပြောပဲထားသည်ဆိုတာ သူ့မျက်နှာရိပ်ကိုကြည့်ရုံနှင့် သိသာနေသည်။

စိတ်ထဲတွင် မယ်နှင့်စကားပြောတိုင်း ပြောတိုင်း ဖက်ဖူးနှင့် စကားပြောနေရသလို ခံစားနေရသည့်အတွက် ကိုယ့်ခံစားချက်ကိုလည်း ကိုယ်ပြန်အံ့ဩနေမိသည်။

တကယ်ဆို မယ်က ဖက်ဖူးမှမဟုတ်တာ၊ ဘာကြောင့် ဒီလို ခံစားမှုမျိုးတွေက ဝင်လာရတာလဲ။

■ ■ ■

''ကြီးကြီးခန့်''

''ဪ သား ဒီနေ့ အစောကြီးနိုးပါလား''





''ကျွန်တော် အပြင်သွားစရာရှိလို့ မယ်ရော မနိုးသေးဘူးလား''

''နိုးနေပြီ သားရဲ့၊ အပြင်ခဏသွားတယ်၊ ခုလေးတင် ခု လောက်မှ ခြံထဲမှာပဲ ရှိလောက်ဦးမယ်''

''ဟုတ်လား ဒါဆို ကျွန်တော် ဖုန်းဆက်ပြီး ပြန်ခေါ်လိုက်မယ်''

''ဘာဖြစ်လို့လဲ သားရဲ့''

နားမလည်ဟန်ဖြင့် မေးလာသော ကြီးကြီးခန့်အမေးကို ရယ် ကျဲကျဲဖြင့်

''ကျွန်တော် သွားစရာရှိတာကို သူနဲ့ကပ်လိုက်သွားမလို့''

''ဟောတော် သားလည်း ကိုယ့်ကားကိုယ်သုံးပြီး သွားပေါ့ သားဒယ်ဒီက သားကို ကားတစ်စီးဝယ်ပေးထားတာပဲ''

''ကျွန်တော် လောလောဆယ်တော့ ကားမောင်းဖို့ စိတ်မရဲသေး လို့ပါ ကြီးခန့်၊ ဆင်းရဲတဲ့ဘဝကနေ ချမ်းသာတဲ့ဘဝထဲကို ရုတ်တရက် ခုန်ကူးလိုက်ရတော့ ပြီးပြည့်စုံခြင်းတွေက ကျွန်တော်နဲ့ နေသားမကျသေး ဘူးလေ''

အလင်းရောင် ဖုန်းဖြင့် မယ့်ဆီလှမ်းဆက်လိုက်သည်။

''ဟဲလို မယ် ဘယ်သွားမလို့လဲ၊ ငါပါလိုက်မယ်''

တစ်ဖက်မှ မယ် ဘာပြောလိုက်သည်မသိ အလင်းရောင် မျက် မှောင်အနည်းငယ်ကျုံ့ကာ

''ဟာ ငါ မမောင်းချင်ပါဘူး ဒါကြောင့် နင့်ကိုလိုက်ပို့ခိုင်းမလို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်မို့လား အင်း ကောင်းပြီ အိုကေ''

အလင်းရောင် ဖုန်းပိတ်ပြီး ပြုံးလိုက်သည်။ ခုမှ တော်ရသည့် ညီမကို အစ်ကိုဆိုသည့် ဂုဏ်ပုဒ်နှင့် စတင်အနိုင်ယူမိချေပြီ။

တအောင့်ကြာတော့ မယ့်ကား ပေါ်တီကိုအောက်ကို ပြန်၍ မောင်းဝင်လာသည်။ မယ် ကားပေါ်မှဆင်းကာ

''ကဲ ကိုကို မယ့်ကားနဲ့ ဘယ်ကိုလိုက်ပို့ရမလဲ ပြော''

''အရှုံးထောင်''

''အယ်''

မယ့်နှုတ်ခမ်း စုတွေးတွေးလေး မယ်နိုင်စွာ ဟလိုက်ပြီး

''မနောက်ပါနဲ့ ကိုကိုရာ''

''မနောက်ပါဘူး တကယ်ပြောတာ ဖက်ဖူးရဲ့အမေကို သွားတွေ့မလို့၊ ညည်းလေးကရော ဘယ်ကိုသွားမလို့လဲ''

မယ် ဟိုလိုလို ဒီလိုလိုနဲ့ ဘာပြန်ဖြေရမှန်းမသိ၍ နားထင်ကို လက်ညှိုးနှင့် အသာကုတ်ခြစ်နေ၏။

''ဘာလဲ ကောင်လေးနဲ့ချိန်းထားလို့လား''

''အာ ဟုတ်ပါဘူး။ မယ့်မှာ ဘာကောင်လေးမှ မရှိဘူး''

''ဒါဆို ဘယ်သွားမှာမို့လဲ ဒီလောက်မျက်နှာပျက်နေရတာလဲ''

''ဟို ဟိုလေ မယ်လည်း ဖက်ဖူးအမေဆီကို သွားမလို့''

''ဘာ ညည်းလေးကလည်း ဖက်ဖူးအမေဆီ သွားမလို့ ဟုတ်





လား''

အလင်း၏တအံ့တသြ အမေးကြောင့် မယ် စိတ်မလုံစွာဖြင့် ခေါင်းညိတ်လိုက်ပြီး

''ဟုတ်တယ် ဆေးရုံစရိတ်လေးဘာလေး သွားပြီး ထောက်ပံ့မလို့ပါ''

အလင်းရောင် ရင်ထဲမှာ တိတ်တိတ်ကလေး ခိုဝင်နေသော သံသယတစ်ခု ပို၍ကြီးထွားသွားပြန်သည်။ ဖက်ဖူးအကြောင်းကို ခရေစေ့တွင်းကျ သိနေသော မယ့်ကို တိတ်တဆိတ်စောင့်ကြည့်ဖို့ လိုပြီမို့ အတွေးထဲကို အကြံတစ်ခု လှစ်ခနဲ ဝင်လာသည်။

''ဒါဆို တို့မောင်နှမတွေ အတူသွားကြတာပေါ့''

အလင်းရောင် ဘာမှထပ်မပြောတော့ပဲ ကားရှိရာသို့ အရင်ဦးစွာ ထွက်လာလိုက်သည်။ မယ် အလင်းရောင်နောက်မှ ငြိမ်၍လိုက်လာခဲ့လိုက်သည်။

သိပ်မကြာခင်မှာ မယ်နဲ့ပတ်သက်ပြီး ဖက်ဖူး၏သတင်း အစအနကို သိရတော့မည်ဖြစ်သလို မယ့်အနေနှင့်လည်း သူဟာ ဖက်ဖူးဆိုတာကို အလင်းမကြာခင် သိတော့မည်မို့ စိတ်လှုပ်ရှားနေမိတာတော့ အမှန်ပင်။ သို့သော် မယ်ဟာ ဖက်ဖူးဆိုတာကိုတော့ ဖယ်ဒီကိုပေးသိ၍ ခြွင်း

မယ့်အပေါ်မှာ ယုံကြည်မှုနှင့် မေတ္တာတရားတွေ လုံးဝပျက်ကွက်



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သည့်အခြေအနေကို မယ် မလိုလား။

"ဟော့ မြန်မြန်လာလေ ဒီကောင်မလေး အစ်ကိုလိုက်မယ်ဆို တာနဲ့ သွက်သွက်လက်လက်ကို မရှိတော့ဘူး။ ငေးတိငိုင်တိုင်နဲ့ ရှိုးမှ မှိုးရဲ့လားမသိဘူး"

အလင်း တွတ်ပွတွတ်ပွံရေရွတ်ရင်း ကားမောင်းသူဘေးရှိ ထိုင် ခုံမှာ ဝင်ထိုင်လိုက်သည်။

မတူညီသော အတွေးကိုယ်စီဖြင့် စိတ်ကျန်းမာရေးဆေးရုံသို့ ဦးတည်နေကြ၏။

"ဟာ ခုမှသတိရတယ်၊ အဖေ နိုင်းထားတဲ့ကိစ္စ သွားရဦးမယ် ကားရပ် ကားရပ်"

တောင်မြောက်လမ်းဆုံကျော်လောက်တော့မှ အလင်းရောင် ကားကို ရပ်နိုင်းလိုက်သည်။

မယ် ကားကိုအရှိန်လျှော့ပြီး လမ်းဘေးမှာထိုးရပ်လိုက်ပြီး

"ဘာဖြစ်လို့လဲ ကိုကိုရ"

"နောက်နေ့မှပဲ သွားတော့မယ်၊ အဖေ နိုင်းထားတဲ့ကိစ္စက ဒီနေ့လုပ်ရမှာ ပျက်လို့မဖြစ်ဘူး"

အလင်းရောင် ကားပေါ်မှ ကပျာကယာ ဆင်းလိုက်သည်။

"ဟွန်း ကိုကိုကလေ ဘာမှန်းလည်းမသိဘူး။ အတူတူလာတုန်း ကလာပြီး ကဲပါ တက်ပါ လိုက်ပို့ပေးပါမယ်"





"ဆောရီး ဆောရီး မယ်ရာ ငါလည်း ခုမှသတိရလိုက်လို့ မပို့ပေးနဲ့တော့ ငါ့ဟာငါ ကားပဲပြန်ငှားသွားတော့မယ်"

အလင်းရောင် ပြောပြောဆိုဆို တစ်ဖက်ကားလမ်းကိုကူးပြီး တက္ကစီတစ်စီးကို လှမ်းတားလိုက်သည်။

အလင်းရောင် တက္ကစီပေါ်တက်သွားမှ မယ့်ကားလေးကို စိတ် ကျန်းမာရေးဆေးရုံရှိရာသို့ ထွက်ခဲ့လိုက်သည်။ ခုချိန်ထိ တဖွတ်ထိုးဆန် သော အကျင့်က မပျောက်သေးသော အလင်းရောင်အကြောင်းတွေးရင်း မယ် ပြုံးလိုက်မိသည်။

အမေ့ဆီကို သူနှင့်အတူ မသွားဖြစ်တာလည်း ကောင်းပါတယ် လေ။ နို့မို့ဆို အမေ့ကို အကျိုးအကြောင်းပြောပြနေရတာနှင့် မယ့် အဖြစ်မှန်ကို အလင်း သိသွားနိုင်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

အမေ့ကိုထားသည့် အခန်းကျဉ်းလေး၏အဝတွင် ရပ်လိုက်သည်နှင့် တစ်ယောက်ထဲ ငူငူကြီးထိုင်နေသော အမေ့ မျက်နှာသည် ဝင်ပေါက်ရှိရာသို့ လှည့်လာသည်။

"ဟင် သမီး"

မယ့်ကိုမြင်သည်နှင့် အမေ့မျက်နှာ လင်းလက်သွားသည်။ ပြီးမှ ချက်ချင်း မျက်နှာညှိုးသွားကာ

"ဟင် ငါ့သမီးလည်းမဟုတ်ဘူး"

အမေတစ်ဖက်ကို ပြန်လှည့်ပြီး ထိုင်လိုက်ကာ ခပ်ညည်းညည်း ပြောသည်။

မယ် အမေ့နားဝင်ထိုင်လိုက်ပြီး





"အမေ သမီးက ဖက်ဖူးပါ အမေရဲ့"

အမေ သေချာပြန်လှည့်ကြည့်ပြီး ခေါင်းခါသည်။

"အို ဟုတ်ပါဘူး ငါ့သမီးဖက်ဖူးမဟုတ်ဘူး၊ အဲ နေပါဦး ညည်းက မိုးဟောက်လား အဟိ ခစ် ခစ် ငါ့ဆီကိုမိုးဟောက်ထောင် လာတွေ့ရပါလား"

"မိုးဟောက် မဟုတ်ပါဘူး အမေရယ်၊ ဖက်ဖူးပါ အမေ့သမီး ဖက်ဖူးအစစ်ပါ"

ကိုယ့်ကိုမွေးထုတ်ထားသည့်အမေကတောင် ဖက်ဖူးဆိုတာကို ပြန်မမှတ်မိနိုင်တော့သဖြင့် စိတ်မကောင်းဖြစ်ရသည်။

"အိုအေ ညည်းက ကျုပ်သမီးနဲ့အသံပဲ တူတာပါ၊ ရုပ်က မတူပါဘူး။ ဒါနဲ့ နေပါဦး ညည်းက သူဌေးသမီးလား ပြင်ထား ဆင်ထားလိုက်တာ လန်ပျံထွက်နေတယ်"

ဒေါ်ရွှေစည် မဲ့ကာရွဲ့ကာဖြင့် မယ့်ကိုဝေဖန်သည်။ မယ် မှားသွားတာပါ။ အမေ မှတ်မိစေရန် ဖက်ဖူး ဝတ်စားဆင်ယင်သလိုမျိုး ဝတ်စားလာရမှာ။

"အမေရော့ အမေကြိုက်တဲ့ ပန်းသီးအနီရဲရဲကြီးတွေ ဝယ်လာတယ် စားလိုက်ဦး"

စားစရာမျိုးစုံ ထည့်လာသောခြင်းထဲမှ ပန်းသီးတစ်လုံးကို အရင်ဆုံးထုတ်ပေးလိုက်သည်။ ဒေါ်ရွှေစည် အငမ်းမရ လှမ်းယူပြီး ငုံခနဲ



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ကိုက်စားလိုက်သည်။

"အင်း ကောင်းတယ် စားလို့အရမ်းကောင်းတယ်၊ သိုင်းကျူး သိုင်းကျူး"

ပန်းသီးကို အားရပါးရ ကိုက်စားနေရင်းမှ ပလုပ်ပလောင်းအသံဖြင့် ပြောနေသော ဒေါ်ရွှေစည်ကိုကြည့်ပြီး မယ့်ရင်ထဲမကောင်း။

"အမေရယ် ဝဋ်ကြွေးက ကြီးလိုက်တာ"

ခပ်တိုးတိုး ရေရွတ်ရင်း ကျလာလာမျက်ရည်တွေကို ပုတ်ခတ်သိမ်းလိုက်ပြီး

"အမေ သမီးလေ အမေ့သမီးအကြောင်းကို ပြောပြမယ် အမေ နားထောင်မလား"

ပန်းသီးကို ပလုပ်ပလောင်း ဝါးနေရင်းမှ အမေ မယ့်ကို မျက်ခုံးနဲ့ လှမ်းကြည့်ပြီး

"သမီးအကြောင်း ဟုတ်လား။ သမီးဆိုတာ ငါ့သမီးဖက်မှူးကို ပြောတာလား"

"ဟုတ်တယ် အမေ၊ ဖက်မှူးအကြောင်းပြောပြမယ်၊ တကယ်တော့ သမီးက အမေ့သမီးဖက်မှူးပါ၊ ယုတ်မာတဲ့ယောကျ်ားတစ်ယောက်ကို ယူမိလို့ သေရမယ့်အခြေအနေမှာ ရှန်းထွက်ဖို့ကြိုးစားရင်း လမ်းမှာ ကားအချင်းချင်းတိုက်မိကြလို့ လွင့်ထွက်လာတဲ့ မှန်ကွဲတွေက ဖက်မှူး မျက်နှာအနှံ့ကို ထိုးစိုက်သွားတယ် အမေ"





"ဟင် ငါ့ ငါ့သမီးလေးကို ကားတိုက်တယ် ဟုတ်လား အမလေး ဘုရား ဘုရား"

ဒေါ်ရွှေစည်၏ပုံမှန်မဖြစ်သေးသော စိတ်တွေက သမီးအတွက်တော့ ပူပန်ဖော်ရသေးသည်။ ရင်ဘတ်ကိုဖိကာ ဘုရားတလိုက်ရင်း စားလက်စ ပန်းသီးကိုပင် ဆက်စားချင်စိတ်မရှိတော့လောက်အောင် ပူပင်သောကတွေ ဝေသွားသော မျက်နှာမှ မျက်ရည်တို့ ပြိုဆင်းကျလာသည်။

"အခု ဘယ်လိုနေလဲ သေသွားပြီလား၊ ငါ့သမီးလေး သေသွားပြီလား"

ပြောရင်းမေးရင်းဖြင့် တဟီးဟီး ချုံးပွဲချငိုတော့လည်း အမေ ငိုတာကိုကြည့်ပြီး မယ်ပါ လိုက်ငိုချင်သွားသည်။ သို့သော် ငို၍မဖြစ်သေး။ အမေ သဘောပေါက်နားလည်အောင် ရှင်းပြရဦးမည်။

"မငိုပါနဲ့ အမေရယ်၊ အမေ့သမီး မသေပါဘူး"

မယ့်စကားကြောင့် အမေ ငိုလက်စကို ရပ်ပြီး

"အယ် ငါ့သမီး မသေဘူးလား"

"အင်း မသေဘူး သူ့မျက်နှာမှာ မှန်ကွဲစတွေ အများကြီး စိုက်ပြီး သူ ကြောက်အားလန့်အားနဲ့ သတိလစ်သွားတယ်၊ သူ သတိရသာတော့ သူ့မျက်နှာမှာ ပတ်တီးစတွေ တပြင်လုံးပတ်ထားတဲ့အခြေအနေနဲ့ ဆရာဝန်ကြီးတစ်ယောက်ရဲ့အိမ်မှာ ရောက်နေခဲ့တယ် အမေ"

www.burmeseclassic.com



ဒေါ်ရွှေစည် အင့်ခနဲ တစ်ချက်ရှိုက်လိုက်ပြီး မယ့်ကို မျက်လုံးလေး ပြူးကြည့်ကာ မယ့်စကားတွေကို နားထောင်ဖို့ စိတ်စောနေ၏။

သူ့မျက်နှာမှာ သူ့သမီးမသေဘူးဟူသော မျှော်လင့်ချက်ကြောင့် အရောင်တွေ တဖျတ်ဖျတ်လက်နေသည်။

"အဲ အဲတော့ ငါ့ ငါ့သမီး ဘာဖြစ်သွားလဲ၊ ပြော ပြောစမ်း မြန်မြန်"

နားထောင်ဖို့ စိတ်လောနေသော အမေ့ကိုကြည့်ပြီး မယ် စိတ်အားတက်သွားသည်။

"ဆရာဝန်ကြီးက ဖက်ဖူးရဲ့မျက်နှာမှာ စိုက်နေတဲ့ မှန်ကွဲစတွေကို ခွဲထုတ်ပြီး ဒဏ်ရာတွေ ပြည်နက်နေတဲ့ ရုပ်ဆိုးတဲ့မျက်နှာနဲ့ တစ်ဘဝလုံးနေသွားရမှာစိုးလို့ ဖက်ဖူးမျက်နှာကို ခုလိုရုပ်မျိုးပြောင်းလဲသွားအောင် ခွဲစိတ်ပြုပြင်ပေးခဲ့တယ်"

အမေ့လက်ကိုကိုင်ကာ မယ် သူ့ပါးကို ပွတ်သပ်နိုင်းကြည့်သည်။

"ဖက်ဖူး မျက်နှာကို ကြည့်ပါဦး အမေ၊ ဒဏ်ရာတွေရှိသေးရဲ့လား"

ဒေါ်ရွှေစည် မယုံတစ်ဝက် ယုံတစ်ဝက်မျက်နှာဖြင့် ဖက်ဖူးမျက်နှာပြင်ကို စေ့စေ့ကြည့်သည်။ နေရာအနှံ့ကိုင်တွယ် ပွတ်သပ်ကြည့်သည်။





ချောမွတ်ဖွေးသန့်နေသော ဖက်ဖူး မျက်နှာသည် အရင်က ဖက်ဖူးမျက်နှာနှင့် မတူတော့၍ အမေ မယုံကြည်မှာကို ဖက်ဖူး အစိုးရိမ်ကြီး စိုးရိမ်နေသည်။

ဖက်ဖူး စိတ်လှုပ်ရှားလွန်းစွာဖြင့် နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ယင်လာသည်။

"ထူးဆန်းလိုက်တာ မျက်နှာမှာ ဒဏ်ရာရှာလို့မရအောင်ကို တော်တော်လေး လှသွားတယ်၊ အဲဒီ ဆရာဝန်ကြီးက မှော်ဆရာကြီးလား။ မလှတဲ့သူတွေကိုရော သမီးလိုမျိုး လှအောင်ပြင်ပေးလားဟင်"

အမေ ယုံကြည်စပြုလာပြီမို့ ဖက်ဖူး အားတက်သွားသည်။

"အင်းပေါ့ အမေရဲ့ ခွဲစိတ်လို့ရတဲ့အခြေအနေမျိုးဆိုရင် ခွဲစိတ်ပေးမှာပေါ့၊ အခုတော့ သမီးဟာ ဖက်ဖူးဆိုတာကို ယုံသွားပြီမဟုတ်လား"

"အင်း ယုံတယ် လုံးဝကို ယုံသွားပြီ၊ အမေ့သမီး ဖက်ဖူးရဲ့ နားမှာ နားသံသီးလေးတစ်ခုပါတယ်လေ၊ နောက်ပြီး အသံကလည်း အမေ့သမီးရဲ့အသံ"

မယ့်ရင်ထဲမှာ ဝမ်းသာခြင်းတွေက ဖော်မပြနိုင်လောက်အောင် ဘို သိပ်သည်းသွားသည်။ အမေ့ကို တော်တော်လေး နားလည်အောင် ရှင်းပြရမည်ဟု ထင်ထားတာ ခုတော့ လူကောင်းတစ်ယောက်ကို ရှင်းပြရတာထက်တောင် ပို၍ လွယ်ကူနေ၍ ဖက်ဖူး စိတ်အေးရသည်။

"အဲဒီ ဆရာဝန်ကြီးကိုလည်း ပြောလိုက်စမ်းပါ၊ ကျွန်မအမေ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကိုလည်း ဝတ်မှုံရွှေရည်လို လှသွားအောင် ပြင်ပေးပါလို့ ပြော လိုက်စမ်းပါအေ”

“ရှင် အ အမေ့မျက်နှာကို ဝတ်မှုံရွှေရည်လို ပြင်ပေးရမယ် ဟုတ်လား”

အမေ့စကားက မယ့်အတွက် ငိုအားထက် ရယ်အားသန်စေ သည်မို့ မယ် တခစ်ခစ်ဖြင့် ရယ်လိုက်သည်။

အမေကတော့ မရယ်။ အတည်ပေါက်ဖြင့်ပင် မျက်နှာကို ခွဲ စိတ်ပြုပြင်ပေးဖို့ပဲ ကလေးတစ်ယောက်လို တတွတ်တွတ် ပူဆာနေ၏။

“အမေ့ကိုပါ ခွဲစိတ်ပေးဖို့ ပြောဖြစ်အောင် ပြောပေးစမ်းပါအေ နော် နော်လို့”

“အင်းပါ ဖက်ဖူး ပြောပေးပါ့မယ်၊ ဒီကြားထဲမှာ အမေသာ ဆရာဝန်တွေ တိုက်တဲ့ဆေးကို ပုံမှန်သောက်၊ အမေ့ရောဂါအမြန်ပျောက် မှ မျက်နှာခွဲစိတ်လို့ရမှာပေါ့ ဟုတ်ဘူးလား”

“အင်းပါ သောက်မှာပါ သမီးရယ်၊ ညည်းသာ ပြောဖြစ်အောင် ပြောပေးစမ်းပါ”

“ပြောပေးပါ့မယ် အမေရယ်”

ဖက်ဖူး အမေ့ကို ချွေးသိပ်ပြီး အမေ့ခေါင်းမှ ရှုတ်ပွနေသော ဆံပင်တွေကို ဘီးဖြင့်ဖြီးပေးနေလိုက်သည်။

“ဖက်ဖူး”





ဖက်ဖူးဟု ခေါ်သံကြောင့် မယ့်ရင်ထဲ ထိတ်ခနဲ ဖြစ်ကာ စိတ် လှုပ်ရှားသွားသည်။ လောကကြီးထဲမှာ မယ့်ကို ဖက်ဖူးဆိုတာ သိသွားသူ အမေတစ်ယောက်ထဲ ရှိသေးသည်။

ခုတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"နင်ဟာ ဖက်ဖူးပါလို့ ငါ့ကိုဘာလို့ စောစောက ကြိုမပြောခဲ့ရတာလဲ ဖက်ဖူးရယ်"

အလင်းရောင်မေးတာကို ဖက်ဖူး ချက်ချင်းမဖြေပဲ

"နင် နင်ကရော ပြောတော့ ဒယ်ဒီခိုင်းတာလုပ်ရမယ်ဆိုပြီး ခုမှ ဘာလို့ လိုက်လာတာလဲ"

"ဖက်ဖူးရှိတဲ့နေရာကို သူ့အမေကိုတော့ အမှန်အတိုင်းပြောမှာပဲဆိုပြီး တမင်နောက်ချန်နေခဲ့လိုက်တာလေ၊ ခုတော့ နေရာတင်မဟုတ်ဘူး၊ ဖက်ဖူးကိုပါ တန်းပြီးတွေ့ရတော့တာပဲ"

မယ် ဘယ်လိုမှ ငြင်းဆန်၍မရတော့မှန်း သိ၍ ငြိမ်နေလိုက်သည်။

"နင် ငါ့ကိုတော်တော် ဒုက္ခပေးတယ် ဖက်ဖူးရာ၊ နင်ပြောလို့





ငါ့မှာ တောင်ကြီးအထိ နင့်ကို တက်ရှာရတာ ပါသွားတဲ့ငွေမလောက်လို့ နှစ်ရက်တိတိ ထမင်းငတ်ခဲ့တယ် နင်သိလား၊ နင့်ကိုငါ ဘယ်လောက် စိတ်ပူတယ်မှတ်လဲ"

ဒေါသထွက်လွန်း၍ အလင်းရောင်အသံ ကျယ်လောင်သွားသည်။

"အလင်း ဒါဆေးရုံနော် အဲ စိတ်ကျန်းမာရေးဆေးရုံနော်၊ နင် ခုလို ဒေါသတွေကြီးနေရင် ဒီကလူတွေက နင့်ကိုစိတ်လွတ်လာတဲ့ စိတ်ဝေဒနာသည်လို့ ထင်သွားကြလိမ့်မယ်"

"ထင်ပစေပေါ့ ငါက အရူးစစ်ရူးပဲ၊ နင့်ကြောင့် နင့်ကိုချစ်တဲ့ စိတ်တွေ ဆုံးရှုံးရပြီဆိုတဲ့စိတ်တွေက မထွေးနိုင်မအန်နိုင်ဖြစ်ပြီး ငါ့ကို အရူးတစ်ပိုင်းလို ဖြစ်စေတယ်၊ ဟွန်း သူကတော့ ငါ့အဖေဆီမှာသွားပြီး သူ့သမီးလုပ်ရင်း စည်းစိမ်တွေယစ်မူးနေတယ်၊ တူပါတယ် သူဌေးသမီးနဲ့ အကြောင်းမသိတဲ့သူဆိုရင် မွေးရာပါ သူဌေးသမီးပဲ"

"အလင်းနော် နင် မနာလိုတိုင်း စကားနာလာမထိုးနဲ့ ဒီဘဝကိုရောက်လာအောင် ငါကိုယ်တိုင်ဖန်တီးထားတာမဟုတ်ဘူး၊ ကံကြမ္မာက ဖန်တီးထားတာ၊ အင်းပေါ့လေ ခုချိန်မှာ ငါက နင့်အဖေအရိပ်မှာ မှီခိုနေရပြီဆိုတော့ နင့်အနေနဲ့ မာန်တက်ပြနိုင်ပြီပေါ့"

"ပါးစပ်ထဲတွေ့ကာရာ လျှောက်မပြောနဲ့ ငါ့အဖေအရိပ်အောက်မှာ နင့်ကို မနေစေချင်တာ မာန်တက်တာမဟုတ်ဘူး၊ ဒါ့ကြောင့် နင်



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေရဲ့သမီး မလုပ်နဲ့"

"ဟင်"

အလင်းစကားကြောင့် မယ် မျက်နှာပျက်ယွင်းကာ အလင်းကို သိမ်ငယ်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

"အေးပေါ့လေ ခုချိန်မှာ နင်က ဒယ်ဒီ့သားအရင်းဖြစ်သွားပြီဆိုတော့ နင့်မှာပြောပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့်တွေ ရှိသွားပြီပေါ့၊ စိတ်ချပါ ငါ နင်တို့သားအဖနဲ့ဝေးတဲ့နေရာကို ထွက်သွားပေးပါမယ်"

ကျလုလုမျက်ရည်စကို ပုတ်ခတ်သိမ်းဆည်းလျက် အသံတို့ မတုန်အောင် သတိထားပြီး ထိန်းပြောလိုက်သည်။

"ကြည့် နင်တို့မိန်းကလေးတွေကလေ ဆတ်ဆိတ်ရှိ မျက်ရည်ကို လက်နက်အဖြစ် အသုံးချတတ်ကြတယ်၊ အံ့သြပါရဲ့ ငါပြောတဲ့စကားကျတော့ ဆုံးအောင်နားမထောင်ဘူး"

"နင် စိတ်ရင်းအမှန်ကို သိနေမှတော့ ဘာကိုများ ဆုံးအောင် နားထောင်ရဦးမှာလဲ"

"နားထောင်ရမှာပေါ့ ငါ့အဖေရဲ့သမီးမလုပ်စေချင်တဲ့ ရည်ရွယ်ချက်ကို နင်သိမှဖြစ်မယ်"

"ဘာလဲ နင့်အမွေတွေ ငါ့ကိုခွဲပေးရမှာစိုးလို့ မဟုတ်လား၊ ငါကလည်း ဒါတွေမမက်ပါဘူး"

မယ့်စကားကြောင့် အလင်း ခွက်ထိုးခွက်လန် အော်ရယ်သည်။





မယ် မျက်စောင်းထိုးကာ

"ဘာရယ်တာလဲ ငါပြောတာမှန်နေလို့မှတ်လား"

"အမွေ ဟုတ်လား၊ အဲဒီအမွေကို နင်မမက်သလို ငါကလည်း မမက်ဘူး၊ ငါမက်တာ နင့်ဆီကအချစ်"

"ဟင်"

သိပြီးသားဖြစ်ပေမယ့် ကိုယ်တိုင်နားနှင့်ဆက်ဆက် ကြားလိုက်ရတော့ မယ့်ရင်ထဲ အသည်းထဲထိအောင် ကြက်သီးမွေးညင်းတွေ စိမ့်ဖြာ၍သွားသည်။

"ဟုတ်တယ် နင် အဖေ့ရဲ့အမီးလုပ်ရင် နင်နဲ့ငါနဲ့ မောင်နှမပဲ တော်ရမှာ၊ အဖေ့သမီးမလုပ်မှ ငါ့မိန်းမဖြစ်မှာပေါ့၊ ဒါကြောင့် ငါ့အဖေကို ဖွင့်ပြောပြီး နင့်ကိုလက်ထပ်မယ်"

အလင်းစကားကြောင့် စောစောက ဝမ်းနည်းတာတွေ ကြေကွဲတာတွေ ဘယ်ရောက်ကုန်ပြီလဲတောင် မသိတော့။ မျက်စောင်းကို ခပ်စွေစွေထိုးကာ အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး

"အို ငါ့လို တစ်ခုလပ်က နင့်လိုလူပျိုကောင်ကို လက်မထပ်သေးဘူး သိလား၊ ဘာဖြစ်လို့လဲဆိုတော့ ခုတောင် ငါ့အပေါ် အမြဲအနိုင်ယူချင်နေတာ၊ လက်ထပ်ပြီးရင် နင့်ရှေ့မှာ အမြဲတမ်း ခေါင်းငုံ့ခါးကိုင်းနေရမှာ"

မယ် ထိုသို့ စကားနာထိုးပြီး အလင်းရှေ့မှ ရင်ဖိုစွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်ခဲ့သည်။

အနောက်မှ အလင်း၏ရယ်သံတွေက မယ့်ရင်ခုန်သံတွေကို ဖမ်းယူဆုပ်ကိုင်ပြီး ကျန်ရစ်ခဲ့၏။

နွမ်းနေတဲ့ ပန်းကြွေတစ်ပွင့်မို့ နွမ်းတယ်လို့ ငြိုငြင်မှာကိုတော့ မယ် စိုးထိတ်မိပါသေးသည်။

■ ■ ■

"ဟာ အလင်း မင်းလည်း အထူးကုဆရာဝန်ကြီးရဲ့သားလည်း ဖြစ်ရော ငါတို့ဆင်ခြေဖုံးရပ်ကွက်ကို ပေါ်ကိုမလာတော့ဘူး"

"ဟာ မဟုတ်ပါဘူး ဦးလေးရာ၊ ကျွန်တော် ခဏခဏလာပါတယ်၊ ဦးလေးကဖြင့် ကားတွေထောင်ပြီး ကားအုံနာကြီးဖြစ်လို့ အလုပ်တွေများနေတာနဲ့ ကျွန်တော်လာတိုင်း မတွေ့ဖြစ်ကြတာပါနော်"

မယ်ပါ အလင်းနောက်မှ အိမ်ပေါ်ကို လိုက်တက်လာလိုက်သည်။ အဖေ မယ့်ကိုတစ်ချက်လှမ်းကြည့်ပြီး အလင်းကို မေးဆတ်ပြပြီး

"မင်းက သူဌေးသားဖြစ်တာ မကြာသေးဘူး။ သူဌေးသမီးတစ်ယောက်ကို တန်းပြီး ကပ်လိုက်တာပါလား၊ ပြောတော့ ငါ့သမီးကိုတွေ့အောင်ရှာပြီး လက်ထပ်မယ်ဆို"

စိတ်လည်းမဆိုး ဒေါသလည်းမထွက်သောလေသံဖြင့် စိတ်မကောင်းစွာ ပြောလိုက်သောစကားကြောင့် အလင်းရောင် တဟားဟားဖြင့်ရယ်ရင်း ကြမ်းခင်းပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ပြီးနောက်





မယ့်လက်ကို လှမ်းဆွဲပြီး

"ဟဲ့ လာလေ ကိုယ့်အဖေအိမ်ကိုလာတာ တွန့်ဆုတ်တွန့်ဆုတ် လုပ်မနေနဲ့"

အလင်းစကားကြောင့် အဖေ နားမလည်ဟန်ဖြင့် မယ့်ကိုကြည့်လိုက်ပြီး ပါးစပ်ထဲမှ ကွမ်းတံတွေးကို ပြတင်းပေါက်မှ အပြင်သို့ ပျစ်ခနဲ ထွေးပြီး

"ဟေ့ကောင် မင်း ငါ့ကိုအဖေငှားလာတာ။ ဒါဆိုရင်တော့ ကြေးကြီးကြီးမှရမှာနော်၊ ငါက အရင်ကလို ငမွဲမဟုတ်တော့ဘူး၊ ကားအုံနာဖြစ်သွားပြီကွ နားလည်လား"

အဖေ့စကားကြောင့်အလင်း အသံပို၍ ကျယ်လောင်ကာ ရယ်လိုက်ပြန်သည်။

"ဘော့စ်ကို အဖေငှားလာတာ မဟုတ်ဘူး၊ သမီးလာပြပြီး ပြန်တောင်းသွားမလို့၊ အဟဲ အပြန်အလှန် ယောက္ခမနဲ့သားမက်တော် ကြရအောင်"

"ဟေ့ကောင် လာမနောက်နဲ့၊ မင်းကောင်မလေး လာကြွားချင် ကြွားတယ်ပြော၊ ငါကတော့ မင်းကို ငါ့သမီးနဲ့လုံးဝသဘောမတူတော့ဘူး၊ မင်းက မျက်နှာများတဲ့ကောင်"

"အဖေ"

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



မယ့်ထံမှ အဖေဟုခေါ်သံနှင့်ထပ်တူ ဟေ ဟူသော အသံက ထပ်ကြပ်မကွာ လိုက်လာသည်။

"နေ နေပါဦး ခုမှ သေချာကြည့်မိတယ်၊ ညည်းက ငါ့သမီး သူငယ်ချင်းပဲ၊ စိတ်မရှိနဲ့နော် သမီး၊ ဒီကောင်နဲ့က အဲလို အမြဲနောက်နေကျမို့ နောက်လိုက်တာ"

"အဖေ သမီးက ဖက်ဖူးပါ"

ဖက်ဖူးပါဟု ဆိုလိုက်သည်နှင့် အဖေ၏ရယ်ကျဲကျဲမျက်နှာ ချက်ချင်းတည်သွားပြီး ဖက်ဖူးကို ခပ်ကြောင်ကြောင် ငေးကြည့်နေရာမှ အလင်းဘက်ကိုလှည့်ကာ

"အလင်း သူက သူ့ကိုယ်သူ ဖက်ဖူးလို့ပြောနေပါလား"

"ဟုတ်တယ် ဦးလေး သူပြောသလို သူက ဦးလေးရဲ့သမီး ဖက်ဖူးရောင်ပဲ၊ ကဲ ဖက်ဖူး နင့်အဖေ အာရုံတွေလည်မသွားခင် အမြန် ရှင်းပြလိုက်လေဟာ"

"ဘယ် ဘယ်လို သူ သူက ဖက်ဖူး ဟုတ်လား"

"ဟုတ်တယ် အဖေ"

"ဟေ မင်းတို့လူကြီးကို လာမနောက်နဲ့၊ ငါ့မျက်စိတွေက ဟိုး တစ်မိုင်လောက်ထိကို ကောင်းကောင်းမြင်ရပါသေးတယ်"

"ဟာ ဟုတ်ပါတယ် သူ ဖက်ဖူးပါ ဦးလေးရဲ့"

"သမီးမျက်နှာ ခုလို ပြောင်းလဲသွားရတဲ့အကြောင်းအရင်းကို





သမီးရှင်းပြပါ့မယ် အဖေရယ်"

နာကျင်ခဲ့ရသောအတိတ်ကို ပြန်မသွားချင်ပေမယ့် အဖေ မယ့်ကို ဖက်ဖူးအဖြစ် လက်ခံလာအောင် မယ် အတိတ်တွေကို ပြန်ပြောပြရတော့မှာပေါ့။

အာဒံဦးနှင့်အတူနေခဲ့စဉ်က ကြုံခဲ့ရသည့် ပြဿနာမှအစချီ၍ အဖြစ်မှန်အားလုံးကို ရှင်းပြလိုက်၏။ အဖေ့မျက်နှာပေါ်မှာ မယုံချင်သေးသည့် မျက်နှာဖြင့် မယ့်ကို အသေအချာ အကဲခတ်ကြည့်သည်။

"အသံနေအသံထားနဲ့ လှုပ်ရှားပြောဆိုဟန်တွေက ငါ့သမီးနဲ့ တူတယ်ဆိုတာ ငါလက်ခံပါတယ်၊ ဒါပေမဲ့ မျက်နှာက ခုလို လုံးဝကွဲပြားသွားတာကိုတော့ ငါသိပ်လက်မခံချင်ဘူး"

"ယုံလိုက်ပါ အဖေရယ်၊ ဖက်ဖူး အမေ့ဆီရောက်ပြီးပါပြီ အမေက ဖက်ဖူးဆိုတာကို ယုံကြည်တယ်"

"ဘယ်လို ညည်းအမေက ယုံတယ် ဟုတ်လား"

အဖေ တအံ့တသြဖြင့်မေးသည်။

"ဟုတ်တယ် အဖေ ဖက်ဖူးရဲ့နားက နားသံသီးလေးတစ်ခုကို အမေ မှတ်မိပြီး ယုံလိုက်တာပါ"

ဒီတစ်ခါတော့ အဖေ မယုံဘူးဟု ငြင်းမနေဘဲ မယ့်နားက နားသံသီးကို ကိုင်ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ

"အေးလေ ဒီခေတ်ကြီးမှာ ဆေးပညာတွေက တိုးတက်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း နတ်ဒေဝါတွေ ဖန်ဆင်းလိုက်သလို မယုံကြည်လောက်အောင် ပြောင်းလဲနိုင်တာပဲ၊ အံ့ဩလောက်ပါရဲ့ တောက် ဟိုကောင် အာဒံဦး ယုတ်မာပက်စက်တဲ့ကောင်၊ ဒါကြောင့် ငါ့သမီးအပေါ် အပြစ်တွေပုံချပြီး ဒင်းကနောက်မိန်းမတစ်ယောက် ထပ်ယူလိုက်တာကိုး၊ အဟွန်း ခုတော့ သူ့မိုက်ပြစ်နဲ့သူခံရတော့မှာပေါ့၊ ဒီကောင့်မှာ အခု သွေးကင်ဆာဖြစ်နေပြီလေ၊ အလွန်ဆုံး နောက်ခြောက်လပဲ ခံမယ်တဲ့''

အာဒံဦးအကြောင်းပြောနေသော အဖေ့စကားကြောင့် အလင်း မယ့်မျက်နှာပေါ်မှ အရိပ်ကို ဖျတ်ခနဲ အကဲခတ်လိုက်သည်။ မယ့်အဖို့ တော့ ဝမ်းလည်းမနည်းသလို ဝမ်းလည်းမသာမိပါဘူး။ မယ့်အပေါ်မှာ ယုတ်မာခဲ့တဲ့ အကြွေးကို မယ်က ဥပေက္ခာပြုထားပေမယ့် သူဖန်တီးခဲ့ တဲ့ ကံကြမ္မာက သူ့ကို ဒီအတိုင်းမထားဘဲ ဒဏ်ခတ်လိုက်ပြီ။

''ဒါသတ္တက်မနေပါနဲ့တော့ အဖေရယ်၊ သူနဲ့ကွဲခဲ့ရတာ သမီး သေတွင်းက လွတ်လာတယ်လို့ပဲ သဘောထားလိုက်ပါ''

''အေးပါ သမီးရယ် အဖေတော့လေ သမီးနဲ့အလင်းရဲ့ကံကြမ္မာ ပြောင်းလဲပုံကို အတော်လေး ထူးဆန်းတယ်လို့ထင်တယ်၊ ဒါဟာ တော်ရုံ သမားရိုးကျအတိတ်ကံကြောင့်တော့ မဟုတ်လောက်ဘူး၊ မင်းတို့ရှေးဘဝ က အတူတူဆုတောင်းခဲ့ကြလို့ ဒီဘဝမှာ ခုလို အထူးအခွင့်အရေးတွေနဲ့ အတူပြန်ဆုံကြရတာ၊ ဒီတော့ သမီးအနေနဲ့ သမီးရဲ့မွေးစားအဖေအပေါ် ကျေးဇူးအမြဲသိပါလို့ အဖေ မှာချင်တယ်''





''ဟုတ်ကဲ့ အဖေ၊ သမီးအဖေ့စကားကို နားထောင်ပါ့မယ်''

''ကဲ ဦးလေး ကျွန်တော့်ကို ဦးလေးသမီးနဲ့ သဘောတူသွား ပါပြီနော်''

အလင်းစကားကြောင့် အဖေ အလင်းပခုံးကိုဖက်ပြီး သဘော တကျ အော်ရယ်ပြီး

''မင်းတို့နှစ်ယောက်ကို ငါ သဘောမတူလည်း လောကကြီးက မင်းတို့နှစ်ယောက်ကို ပေါင်းစည်းခွင့်ပေးလိုက်ပြီပဲလေ''

အဖေ့ဆီမှ ခွင့်ပြုချက်ရသည်နှင့် အလင်း၏လက်က မယ့်၏ လက်ကိုဆုပ်ကိုင်၍လာသည်။ တစ်ယောက်လက်ကို တစ်ယောက်ဆုပ် ကိုင်လိုက်ကြသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"မယ် နှင့်မျက်နှာကို ခွဲစိတ်ပြီးမှ နင် ပိုပြီးခေတ်ဆန်လာသလို ပဲ ပိုပြီးလှလာတယ်"

"သြော် ဒါဆို ဖက်ဖူးဘဝတုန်းက မျက်နှာကတော့ မလှဘူး ပေါ့"

နှုတ်ခမ်းလေးရှုကာ ခပ်ဆတ်ဆတ်လေးမေးလိုက်သော မယ့် ရဲ့ချစ်စဖွယ်ဟန်လေးကိုကြည့်ပြီး အလင်း ဟက်ခနဲ ရယ်လိုက်သည်။

"လှတာပေါ့ ငုတ်တုတ်မေ့အောင်ကို လှခဲ့တယ်၊ အဲဒီတုန်းက ဘာအဆောင်အယောင်မှမပါတဲ့ သဘာဝအလှ၊ ခုအလှက အဆောင် အယောင်တွေ မွမ်းမံထားတဲ့အလှ၊ ဒါပေမဲ့ ငါ နင့်ကိုစွဲလမ်းခဲ့တဲ့ ခံစားမှု က ဖက်ဖူးရဲ့လှပတဲ့မျက်နှာလေးကို"

အလင်းရင်ထဲ အမှန်တကယ် ထွက်ကျလာသော စကား





ကြောင့်ထင်သည့်,မယ့်ရင်ထဲ သိမ့်ခနဲ လှုပ်ရှားသွားသည်။

ဘယ်အချိန်ကတည်းက စိုက်ကြည့်နေမှန်းမသိသော အလင်း ၏ မျက်ဝန်းနှင့် အကြည့်ချင်းဆုံသွားကြသည်။

ယခင်က အနိုင်ယူနေကျ မျက်ဝန်းတွေမှာ ယခုတော့ နှောင် တွယ်ရိုပ်တွေ ခိုဝင်ကာ နူးညံ့စွာ သိမ်မွေ့နေသည်ဟု ထင်ရသည်။

မယ် ခုမှ အသေအချာ စေ့စေ့ကြည့်မိသော အလင်း၏မျက်နှာ မှာ ယောက်ျားပီသပြီး ချောမောပြေပြစ်နေ၏။ တောက်ပသော မျက်ဝန်း တွေက မိန်းကလေးတွေကို စွဲဆောင်နိုင်စွမ်းရှိသော အင်အားတို့ အပြည့် ဖါဝင်နေသည်။

ဒါကို မယ် ဟိုအရင်တုန်းကဲ ဘာကြောင့် သတိမထားခဲ့မိတာ လဲ၊ ဘဝကို အချစ်မပါဘဲ ထွက်ပေါက်တစ်ခုလို သဘောထားပြီး အာဒံ ဦးနှင့် လက်ထပ်ဖြစ်ခဲ့တာဟာ မယ့်ရဲ့မဟာအမှားကြီးတစ်ခု။

"အားနာလိုက်တာ အလင်းရယ်"

ရင်ထဲမှာပဲ ပြောဖို့ရည်ရွယ်ထားပေမယ့် နှုတ်က အသံထွက် သွားသည်။

"ဘာရယ် အားနာတယ်ဟုတ်လား၊ ဘာကိုအားနာတာလဲ"

မယ့်မျက်နှာတည့်တည့်ကို စိုက်ကြည့်ပြီး မေးလာသော အလင်း အကြည့်တွေကို ရင်မဆိုင်ရဲ။

"ငါက အရင်လိုအပျိုစင်မှ မဟုတ်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာဆိုင်လဲ ငါချစ်တာ ငါပိုင်ဆိုင်ချင်တာ နင့်ရင်ထဲက ငါ့အတွက် ရည်ရွယ်ထားတဲ့ စစ်မှန်တဲ့အချစ်ပဲ၊ နင့်ခန္ဓာကိုယ် အပျိုစစ်တာမစစ်တာကို ငါစိတ်မဝင်စားဘူး၊ နင် တစ်ခုလပ်မကလို့ အခုတစ်ရာပဲလပ်နေပါစေ ငါ့ရင်ထဲက နင့်ကိုချစ်တဲ့အချစ်တွေ ပြောင်းလဲမသွားဘူး။ အဲဒါကို နင်ယုံ"

"ငါယုံပါတယ် အလင်းရယ်၊ ငွေကြေးနောက်ကို လိုက်ပြီး ဘဝကို ရေစုန်မျောခဲ့မိတဲ့ ငါ့ကိုယ်ငါပဲ မသတီဖြစ်မိတာပါ"

"နင့်ကိုယ်နင် သတီဖို့မလိုပါဘူး၊ အဓိကက နင့်ကို ငါသတီဖို့ပဲ မဟုတ်လား၊ ငါ ဖေဖေ့ကိုဖွင့်ပြောပြီး နင့်ကိုလက်ထပ်မယ်"

"ဟင့်အင်း အဲ အဲလို အရင်မလိုပါနဲ့ဦး၊ ငါ့ကိုယ်ငါ တစ်ကောင်ကြွက်ဆိုပြီး ငါက ညာထားတာ၊ နင်သာ အားလုံးကိုပြောလိုက်ရင် ဒယ်ဒီ ငါ့ကိုအထင်သေးသွားမယ်၊ ခုချိန်မှာ နင်နဲ့ခုလို အနှောင်အဖွဲ့ကင်းကင်းနဲ့ နေကြည့်ချင်သေးတယ်၊ တစ်နာရီ တစ်စက္ကန့်ဖြစ်ဖြစ်ပေါ့"

တောင်းတောင်းပန်ပန် ပြောနေရှာသော မယ်ကိုကြည့်ပြီး အလင်း စိတ်မကောင်းဖြစ်သွားသည်။ စိုးရွံ့သိမ်ငယ်နေသော မယ့်ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်သည်။

ဖြိုးပျပျလရောင်အောက်တွင် အနမ်းတို့သည် ရှည်ကြာလွန်း၏။ ရင်ခုန်သံတို့သည် ဂီတသံကဲ့သို့ သာယာငြိမ့်ညောင်းကုန်၏။ နှုတ်ခမ်းသားတို့ နွေးထွေးကုန်ကြ၏။



နွေညများထဲတွင် သစ်ရွက်ကလေးတွေ အချင်းချင်း တို့ထိဆော့ကစားသံကို နှစ်ဦးသားကြားနေရသည်။ သို့သော် သူတို့အနမ်းတွေလောက် ပျော်စရာကောင်းပါ့မလား။

■ ■ ■

ဦးရောဘတ်ဆန်းအောင် ခြံထဲတွင် လေညင်းခံကာ ဂျာနယ်ထိုင်ဖတ်နေရင်း ခြံတံခါးမှ ခေါင်းလောင်းသံကြောင့် လှမ်းကြည့်လိုက်သည်။ လူတစ်ယောက်ခြံရှေ့တွင် ရပ်နေသည်။

"ဘယ်သူပါလိမ့်"

တစ်ယောက်ထဲ ခပ်တိုးတိုးပြောရင်း ဂျာနယ်ကို စားပွဲဝိုင်းပေါ်တင်ကာ ခြံတံခါးဆီသို့ ခပ်သွက်သွက်လျှောက်လာလိုက်သည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

ခြံတံခါးကြားထဲမှ အိမ်ကြီးထဲကို လှမ်းကြည့်နေသော ဦးခင်ကျော်ကို ပြုံး၍မေးလိုက်သည်။

"ကျွန်တော့်သမီး ဖက်ဖူးရောင်နဲ့ တွေ့ချင်လို့ပါ"

တစ်ခါမှ မကြားဖူးသောနာမည်မို့ ဦးရောဘတ်ဆန်းအောင်ထိုနာမည်ကို စဉ်းစားလိုက်ပြီး ခေါင်းကိုခပ်ဖြည်းဖြည်း ခါလိုက်သည်။

"ဖက်ဖူးရောင်ဆိုတာ ဒီမှာ မရှိဘူးဗျ"

"ရှိပါတယ်ဆရာကြီးရဲ့၊ ကျွန်တော်က ဆရာကြီးမွေးစားထားတဲ့ ဖက်ဖူးရောင်ရဲ့အဖေအရင်းပါ"

www.burmeseclassic.com

www.burmeseclassic.com



ဦးခင်ကျော် စကားကို ဦးရောဘတ် မယုံကြည်စွာဖြင့် မျက်မှန်ပင့်ကာ သံသယအကြည့်ဖြင့် အသေအချာအကဲခတ်သည်။

"ဒီကမိတ်ဆွေက ဖက်ဖူးရောင်ရဲ့အဖေဆိုတာ ဘယ်လို သက်သေပြနိုင်လဲ၊ အဲဒီလိုမေးလို့ စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော် မွေးစားထားတဲ့ မယ်ဒီပါဆိုတဲ့ကလေးက သူ့ကိုယ်သူ တစ်ကောင်ကြွက် မိဘမဲ့ပါလို့ ပြောထားလို့ပါ"

"ဟင် သမီးက ဆရာကြီးကို အဲဒီလိုပဲ ပြောထားတာလား"

ဦးရောဘတ် လုံးဝမလွဲနိုင်သော သေချာခြင်းတွေဖြင့် ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။ ထင်မှတ်မထားသော အခြေအနေတစ်ခုကြောင့် ရှေ့ဆက် ဘာမှပြောလို့မရအောင် ချောင်ပိတ်မိသွားသည်။ သမီးက ထိုသို့ပြောထားမှတော့ သူဟာ ဖက်ဖူးရဲ့အဖေပါဆိုတာကို ပြောဖို့မှမလိုတော့တာ။

"အင်း ဒါ ဒါဆိုရင်တော့ ကျွန်တော် အိမ်မှားလာတာထင်တယ် ကျွန်တော့်ကို ခွင့်ပြုပါဦး ဆရာကြီး"

"နေပါဦး ခြံထဲဝင်ပါဦး၊ ဒီကိစ္စမှာ တစ်ခုခုတော့လွဲနေပြီထင်တယ်"

ဦးခင်ကျော် ပြန်မည်ဆိုတော့လည်း ဦးရောဘတ် ပြန်ခွင့်မပြုနိုင်သေး။ ခြံတံခါးကို ဖွင့်လိုက်ပြီး

"အိမ်ထဲကို ဝင်ပါဦးဗျာ"





ဦးခင်ကျော် မဝင်ရဲ။

"နေပါစေ မဝင်တော့ပါဘူး ဆရာကြီး၊ ကျွန်တော် လူမှားသွားတာပါ"

"ဝင်ပါ ကျွန်တော်တို့ကြားမှာ တစ်ခုခုတော့ လွဲနေပြီဆိုတာ သေချာတယ်၊ ဒါကြောင့် စကားအေးအေးဆေးဆေးပြောဖို့တော့ လိုလိမ့်မယ်၊ ဒီနားမှာ ဆရာဝန်ကြီး ဦးရောဘတ်ဆန်းအောင်ဆိုတာလည်း တစ်ယောက်ထဲရှိသလို မယ်ဒီပါဆိုတာကလည်း တစ်ယောက်ထဲပဲရှိတယ်"

"ဦးလေး"

အိမ်ကြီးထဲမှ လှမ်းခေါ်သံနှင့်အတူ ခပ်သုတ်သုတ်ထွက်လာသော အလင်းရောင်ကိုမြင်တော့ ဦးခင်ကျော် ဘယ်လိုမှ ရှောင်ထွက်၍ မရတော့။

အလင်းရောင်ကို အရိပ်အကဲမသိသူဆိုပြီး အပြစ်ပြော၍လည်း မရ။ ခုမှ ပို၍ အကျပ်ရိုက်သွားရသည်။ ဝမ်းသာအားရ နှုတ်ဆက်လာသော အလင်းရောင်ကို ပြန်မနှုတ်ဆက်၍လည်း မဖြစ်ချေ။

သမီး ဖက်ဖူးနှင့်ပတ်သက်မှုကို ဘယ်လိုမှ ရှောင်လွှဲ၍ မရနိုင်တော့။

"အလင်း"

"ဦးလေး မယ့်ဆီလာတာလား၊ မယ် မရှိဘူး၊ ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းသွားတယ်''

အလင်းနှင့်ဦးခင်ကျော်၏ တရင်းတနှီး ပြောဆိုဆက်ဆံမှုကို အံ့ဩနေသူက ဦးရောဘတ် ဖြစ်သည်။

''သား သူက သမီးမယ်ရဲ့အဖေလား။ ဒါဆို အိမ်ထဲခေါ်လေ''

ဦးရောဘတ်၏အမေးကြောင့် အလင်း အခြေအနေမှန်ကို သတိရပြီး ဘာပြန်ပြောရမှန်းမသိအောင် နှုတ်တွေဆွံ့အသွားသည်။ ဦးလေးကိုမြင်ပြီး ဝမ်းသာအားရ ထွက်နှုတ်ဆက်မိလိုက်တာနှင့် မယ် ဖုံးကွယ်ထားသော အတိတ်ကို ပြန်ဖော်ပေးသလို ဖြစ်သွားရပြီ။

ထိုရှုပ်ထွေးမှုတွေကို သိထားသော အလင်းရောင်အဖို့ ဘယ်လိုမှ ပြန်၍ ဖုံးကွယ်ပေးရန် မဖြစ်နိုင်တော့။ ထို့ကြောင့် တစ်လက်စတည်း ဖခင်ဖြစ်သူကိုရှင်းပြပြီး မယ်နှင့်လက်ထပ်ရန် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

''ကဲ ဦးလေး ရောက်လက်စနဲ့ အိမ်ထဲဝင်ပါဦး။ ဖေဖေ ကျွန်တော်အိမ်ထဲရောက်မှ အားလုံးကို ရှင်းပြပါမယ်''

မယုံကြည်နိုင်ခြင်းတွေ အံ့ဩခြင်းတွေနှင့်အတူ ဦးရောဘတ် အိမ်ထဲသို့ ဦးဆောင်ပြီး ဝင်လာလိုက်သည်။ ဦးခင်ကျော်ပါ မျက်စိမျက်မျက်နှာပျက်ဖြင့် အလင်းရောင် ဆွဲခေါ်လာရာ အိမ်ထဲသို့ ခပ်ကုတ်ကုတ် လိုက်လာလိုက်သည်။

■ ■ ■



## အခန်း (၂၇)

''သား သူက မယ့်ရဲ့အဖေဆိုတာ တကယ်ပေါ့''

ဦးရောဘတ် သေချာစေရန် ထပ်မေးလိုက်သည်။ သေချာပြီ ဆိုရင်တော့ သမီးမယ် သူ့ကို ညာထားတာပေါ့။

''ဟုတ်ပါတယ် ဖေဖေ''

''ဟင် ဘာဖြစ်လို့ မယ်က ဒယ်ဒီ့ကို မိဘမရှိဖမရှိ တစ်ကောင်ကြွက်ပါလို့ ညာပြောရတာလဲ၊ ဒယ်ဒီက လိမ်ပြောတာကို လုံးဝမကြိုက်ဘူး''

မနှစ်မြို့သော အမူအရာဖြင့် ဦးရောဘတ် မယ့်ကို အပြစ်တင် စကားပြောလိုက်သည်။ ဦးခင်ကျော် သူ့ကြောင့် သမီးလေးကို မွေးစား ဖခင် မုန်းသွားမှာကို မလိုလား။ ငြိမ်နေသည့်ကန်ရေပြင်ကို လှိုင်းကယက်



www.burmeseclassic.com

www.burmeseclassic.com



ထအောင်လုပ်ခဲ့သူက သူကိုယ်တိုင်မို့ ဒီကိစ္စကို သူကိုယ်တိုင် ဖြေရှင်းမှ ဖြစ်တော့မည်။

"ဒါက ဒီလိုရှိပါတယ် ဆရာကြီးရယ်၊ သမီးက မွေးကတည်းက သူ့မိဘ သူ့အသိုင်းအဝိုင်းက အဆင်မပြေမှုတွေနဲ့ချည်းပဲ ရုန်းကန်နေရတဲ့သူပါ။ ဒါကြောင့် သူ့ဘဝကို သူ စိတ်ပျက်ငြီးငွေ့လွန်းလို့ သူ့ကိုယ်သူ မိမရှိဖမရှိ တစ်ကောင်ကြွက်လို့ ညာခဲ့တာဖြစ်မှာပါ။ ကျွန်တော့် သမီးလေးကို ခွင့်လွှတ်ပေးပါ ဆရာကြီးရယ်"

"ဆင်းရဲမွဲတေတိုင်း ကိုယ့်ဘဝကို စိတ်ကုန်တာ လူညံ့လူဖျင်းတွေရဲ့အလုပ်ပါ၊ ဒီလောက်ကလေးနဲ့တော့ သူ့ဘဝထဲကို သူ ပြန်မဝင်ချင်တာ မဖြစ်နိုင်လောက်ပါဘူး"

"တခြား နာကျည်းစရာ စိတ်ပျက်စရာတွေ အများကြီးရှိပါသေးတယ် ဒယ်ဒီ၊ မယ့်ဘဝအကြောင်းကို ဒယ်ဒီ့ကိုပြောပြဖို့ မလိုအပ်ဘူးထင်လို့ မယ် ဖွင့်မပြောခဲ့တာပါ"

"ဟင် ဖက်ဖူး"

"သမီးမယ်"

အားလုံး ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော မယ့်ကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"မရည်ရွယ်ပဲနှင့် ဒယ်ဒီ့ကို လိမ်မိတဲ့အတွက် မယ့်မှာ အပြစ်ရှိပါတယ် ဒယ်ဒီ၊ မယ်လိမ်ခဲ့ရတဲ့အကြောင်းအရင်းက ဆိုးဝါးလှတဲ့





မယ့်ရဲ့ အတိတ်တစ်နေရာကို ပြန်လှည့်မသွားချင်လို့ ဒယ်ဒီ့ကိုလိမ်မိခဲ့တာပါ၊ မယ်သာ အဲဒီအချိန်တုန်းက မလိမ်ခဲ့မိဘူးဆိုရင် ဒယ်ဒီက မယ့်မိဘတွေ ဆီကို အကြောင်းကြားပေးခဲ့မှာဝဲ၊ အဲဒီအချိန်ကျရင် ရက်စက်ယုတ်မာ တဲ့ အာဒံဦးရဲ့ဘဝထဲကို မယ် အလိုလိုပြန်ရောက်သွားလိမ့်မယ်၊ ဒါကြောင့် သူ့ကျွန်စာထဲမှာ မယ်ဟာ အဖြည့်ခံသက်သက်နဲ့ သေရမယ့်အစား မယ့်ဖာသာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မယ်ဆိုပြီး မိဘမဲ့တစ်ကောင် ကြွက်လို့ ပြောခဲ့မိတာပါ"

ရှည်လျားသော ဖြေရှင်းချက်တွေ ဖွင့်ဟရင်း မယ်သည် ဦးရောဘတ်နားသို့ လျှောက်လာပြီး ပုဆစ်တုပ်ထိုင်ချလိုက်သည်။

ဝဲတက်လာသော မျက်ရည်တို့နှင့်အတူ လက်အုပ်ချီလျက် ဒယ်ဒီ့ကို မော့ကြည့်လိုက်ပြီး

"ဒယ်ဒီ့လို ဂုဏ်သိက္ခာ သမာဓိအပြည့်အဝရှိတဲ့ ပုဂ္ဂိုလ်ကို မထီမဲ့မြင် လိမ်ခဲ့မိတဲ့အတွက် မယ့်မှာအပြစ်ရှိပါတယ်၊ မယ့်ကို ခွင့်မလွှတ်ပါနဲ့ ဒယ်ဒီရယ်"

အပြစ်မရှိမဲ့ လောကဓံကို လိမ့်ခံခဲ့ရသော မယ့်မှာ အပြစ်မရှိမှန်းသိရတော့ ကရုဏာစိတ် ဝင်ရုံကလွဲပြီး အပြစ်တင်လိုစိတ် မဝင်တော့။

"အင်းလေ သမီးဘက်က ဒယ်ဒီ့ကို တမင်ရည်ရွယ်ပြီး ညာခဲ့တာမဟုတ်ဘူးဆိုရင် ဒယ်ဒီ့သမီးကို အပြစ်မတင်ရက်တော့ပါဘူး"

သမီးအတွက် ဦးခေါင်းကျော် ခုမှပင် စိတ်ပေါ့သွားကာ မြူးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်နိုင်တော့၏။

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်၊ ကျွန်တော်တို့လို အစွမ်းအစမရှိတဲ့ မိဘတွေ လက်ထဲမှာနေရတာထက်စာရင် ဆရာကြီးအရိပ်အောက်မှာ သမီးလေး ခိုလှုံခွင့်ရတာ အရမ်းကံကောင်းလို့ပါ၊ ဆရာကြီးအနေနဲ့ သမီးနဲ့မဆက်သွယ်ပါနဲ့ဆိုရင်လည်း ကျွန်တော် သမီးနဲ့လာပြီးမဆက်သွယ်ပါဘူးလို့ ကတိပေးပါမယ် ဆရာကြီးရယ်"

"ကျုပ်မှာ အဲဒီလို သဘောထားသေးသိမ်တဲ့စိတ်မျိုး မရှိပါဘူး မယ့်ကို ကျွန်တော်မွေးစားထားပေမယ့် ခင်ဗျားတို့မိဘတွေနဲ့လည်း အချိန်မရွေး တွေ့ခွင့်ရှိပါတယ်၊ ခင်ဗျားတို့လည်း ဒီအိမ်ကို အချိန်မရွေး ဝင်နိုင်ထွက်နိုင်ပါတယ်"

ဦးရောဘတ်၏သဘောတူခွင့်ပြုချက်ကြောင့် အားလုံး အပြုံးမျက်နှာဖြင့် ရယ်မောနိုင်ကြ၏။

ဦးရောဘတ်ကလည်း ဦးခင်ကျော်ကို တိတ်တဆိတ်ပြန်၍ အားနာနေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သမီး၏မူရင်းရုပ်ကို ပျောက်စေပြီး ကိုယ့်သမီး၏မျက်နှာနှင့်တူအောင် ခွဲစိတ်ပြုပြင်ထားမိသောကြောင့်ဖြစ်သည်။

အမှန်ဆို ကိုယ်ကတောင် ပြန်ပြီး တောင်းပန်ရမှာလေ။

■ ■ ■



## အခန်း (၂၈)

သားဆီမှ ကြားလိုက်ရသော စကားကြောင့် ဦးရောဘတ် ခေါင်းနပန်းကြီးကာ ခေါင်းမွေးများပင် ထောင်ထသွားရလောက်အောင် ထိတ်လန့်ချောက်ချားသွားရသည်။

"ဘာပြောတယ် သား၊ မင်းနဲ့မယ်နဲ့ လက်ထပ်ကြတော့မယ်ဟုတ်လား၊ ဒီစကားက ဒယ်ဒီ့ကို အသိပေးတာလား၊ ဒယ်ဒီ့ဆီက ခွင့်ပြုချက်ယူတာလား"

"ခွင့်ပြုပါ ဒယ်ဒီ ကျွန်တော်နဲ့မယ်နဲ့ ချစ်သူတွေဖြစ်နေကြပါပြီ"

"တော် သား မင်းဆက်မပြောနဲ့၊ အားလုံး မိုးကြိုးလေသွပ်ပစ်ကုန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးရောဘတ် တယ့်သန်အစွဲကြီးဖြင့် အပြင်းအထန် ကန့်ကွက်တော့သည်။

"ဘာ ဘာဖြစ်လို့လဲ"

"သားနဲ့မယ်က မောင်နှမတွေလေ၊ အားလုံးကလည်း မောင်နှမတွေလိုပဲ သတ်မှတ်ထားတာ"

"ဒါပေမဲ့ ကျွန်တော်နဲ့မယ်က မောင်နှမအရင်းမှ မဟုတ်တာ ဒယ်ဒီရယ်၊ ဒယ်ဒီ့သားအရင်းပေမယ့် မယ်က ဒယ်ဒီ့သမီးအရင်းမှ မဟုတ်တာ"

အလင်းရောင် ရအောင် ဈာဒကာတက်၏။ သူ့အနေနှင့် အစောကြီးကတည်းက မယ်နှင့်မောင်နှမလိုစိတ်မျိုး မွေးခဲ့သည်မှမဟုတ်တာ။ ဒါ့အပြင် ကိုယ်ချစ်နေသော အလင်းရောင်ဟု သိရတော့ အံ့ဩစိတ်နှင့် အတူ ချစ်သူတစ်ယောက်လိုပဲ စိတ်မှာမြင်မိတော့၏။

"မယ်ဟာ ဒယ်ဒီ့သမီးအရင်းမဟုတ်ပေမယ့် ဒယ်ဒီ့စိတ်ထဲမှာ ခံစားရတယ်၊ အဲဒါကြောင့်လည်း ဒယ်ဒီ သူ့ကို မယ်သီတာလေးရဲ့မျက်နှာ ပုံစံမျိုး အထူးခွဲစိတ်ပြုပြင်ခဲ့တာပေါ့၊ ပြီးတော့ ဒယ်ဒီ့စိတ်ထဲမှာ သမီးလေး မသေဘူးလို့ပဲ နှလုံးသွင်းခဲ့မိတယ်"

"ဒယ်ဒီရယ် အဲလောက်ထိ အစွဲအလမ်း မထားပါနဲ့၊ ညီမလေး မယ်သီတာ တကယ်သေသွားခဲ့ပါပြီ၊ နောက်ပြီး ဖက်ဖူးကိုချစ်ခဲ့တာက လည်း ခုမှမဟုတ်ပါဘူး ဒယ်ဒီ၊ ဟိုးအရင်ကတည်းက ကျွန်တော့်ရင်ထဲ





မှာ အမြစ်တွယ်နေခဲ့တာပါ"

"အဲဒါက ဒယ်ဒီ့သားဆိုတာ မသိခဲ့တဲ့အချိန်တုန်းက ခုချိန်မှာ သားဟာ ဒယ်ဒီ့သားဖြစ်သွားပြီ၊ နောက်ပြီး ကိုယ့်ညီမအရင်းတစ်ယောက်ရဲ့မျက်နှာမျိုးနဲ့ အသက်ဆက်ရှင်နေတဲ့မိန်းကလေးကို လက်ထပ်ယူဖို့ သား လိပ်ပြာရော သားလုံရဲ့လား၊ ဖက်ဖူးဟာ သားချစ်ရတဲ့သူပါဆို ပေမယ့် အရင်ဖက်ဖူးရဲ့ရုပ်မှမဟုတ်တော့တာ၊ သား ညီမလေးရဲ့မျက်နှာနဲ့ သားညီမနေရာမှာဝင်နေပြီး ဒယ်ဒီ့ကို အဖေတော်နေတဲ့သူ၊ ဒီတော့ ဒယ်ဒီရယ် သားရယ် ညီမလေးမယ်ရယ် ပြန်ပြီး စုစည်းနေတဲ့ ချမ်းမြေ့တဲ့ကာလလေးကို သား မဖျက်ဆီးလိုက်ပါနဲ့လို့ ဒယ်ဒီတောင်းပန်ပါတယ်၊ အဲဒီ စိတ်ချမ်းမြေ့မှုလေးတွေ ဒယ်ဒီ့ဆီကနေ လုယူမသွားပါနဲ့ကွာ"

အစွန်းတစ်ဖက်ရောက်နေသော ဒယ်ဒီ၏မေတ္တာတရားတွေကို အလင်းရောင် ဘယ်လိုအရာနှင့် အစားထိုးယှဉ်ပြိုင်ရမလဲ။

ဒါဟာ ဘဝအတွက် စိန်ခေါ်မှုတစ်ခုဖြစ်ကောင်းဖြစ်နေပေမယ့် အလင်း ဒယ်ဒီနှင့်ပြိုင်ပြီး ဘယ်လိုအင်အားမျိုးနှင့် ယှဉ်ပြိုင်ရမှာလဲ။ ဖက်ဖူးကို ဒီတစ်ကြိမ်ပါ ထပ်ပြီးအဆုံးရှုံးခံရမယ်ဆိုရင်တော့ အလင်းဘဝ ဘယ်မှာလာပြီး အဓိပ္ပာယ်ရှိတော့မှာလဲ။ ဖက်ဖူးကိုဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်တာ အလင်းဘဝရဲ့လိုအပ်ချက်တစ်ခု။

"သား တောင်းပန်ပါတယ် ဒယ်ဒီရာ၊ သားကို [illegible]ပြီး ဖက်ဖူးနဲ့လက်ထပ်ခွင့်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အလင်း ဖခင်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ အဖေနှင့်သားကြားမှ အနုတ်လက္ခဏာကို ဖယ်ရှားပြီး ညီမျှခြင်းချရန် ကြိုးစားကြည့်သည့်အနေဖြင့် ဒယ်ဒီ့ဆီမှာ တောင်းပန်တိုးလျှိုးကြည့်သည်။

သားတစ်ယောက်၏ နှလုံးသားခံစားချက်ကို ဒယ်ဒီ နားလည်ပေးနိုင်လိမ့်မည်ဆိုသည့် မျှော်လင့်ချက်က ရင်ထဲမှာ အလင်းရောင်တစ်ခုသဖွယ်။

"သားရယ် ဒယ်ဒီ့ကို နားလည်ပေးပါ၊ ဒယ်ဒီရင်ထဲ ဝင်ကြည့်ပေးပါ၊ မယ်ဟာ ဒယ်ဒီ့ရဲ့မွေးစားသမီးလေးပါ၊ ကိုယ့်သမီးကို ကိုယ့်သားနဲ့ မောင်နှမချင်း ပြန်ပေးစားရလောက်အောင် ဒယ်ဒီ မမိုက်မဲပါရစေနဲ့"

ဦးရောဘတ် ငိုသံပါကြီးဖြင့် ပြန်၍ တောင်းပန်တိုးလျှိုးသည်။

အလင်း၏မျှော်လင့်ချက်တွေ အပိုင်းပိုင်းကျိုးပျက်ကုန်ပြီ။ ဒယ်ဒီ့ကို နောက်ထပ်စကားလုံးတွေနှင့် အတိုက်အခံ ဆက်မလုပ်လိုတော့။

ဒူးထောက်ထိုင်နေရာမှ လေးပင်စွာဖြင့် အားယူထလိုက်သည်။ မျှော်လင့်ချက်တွေ ဆိတ်သုဉ်းကုန်မှတော့ လှုပ်ရှားမှုတိုင်း ဘယ်လာပြီး အသက်ဝင်တော့မှာလဲ။

ထို့နောက် ဒယ်ဒီ့အနားမှာ ခပ်တိတ်တိတ် ထွက်လာခဲ့လိုက်သည်။

■ ■ ■



# အခန်း (၂၉)

မယ် ဘာမှပြန်၍ ငြင်းဆန်ခြင်း စောဒကတက်ခြင်း မပြုနိုင်လောက်အောင် ရင်ထဲမှာ မွန်းကျပ်တစ်ဆို့နေသည်။

လောကကြီးက မယ့်ကို အခွင့်အရေးနှစ်ခု မပေးဘူးပဲ။ အရာအားလုံး ပြည့်စုံမှုပေးပေမယ့် နှလုံးသားရေးရာမှာတော့ မယ့်စိတ်ကြိုက်ဆုံးဖြတ်ခွင့်ယ်လှုယ်ခွင့်မရှိ။

ကျေးဇူးရှင် ဒယ်ဒီ့ရဲ့ဆန္ဒကို မယ် ငြင်းဆန်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်။

"သမီးမယ် ဒယ်ဒီပြောတာ သဘောပေါက်ရဲ့လား။ ဒယ်ဒီက သမီးကို ချွေးမအဖြစ် မတော်ချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ [illegible] ဒယ်ဒီ့သမီးဖြစ်နေလို့ပဲ၊ ကိုယ့်သမီးနဲ့ကိုယ့်သားကိုပြန်ပြီး [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရမယ့်အခြေအနေကို ဒယ်ဒီ ဘယ်လိုစိတ်ခံစားချက်မျိုးနဲ့ ရင်ဆိုင်ရမှာလဲ၊ ဒယ်ဒီ့ရင်ထဲကိုဝင်ပြီး ခံစားကြည့်ပေးပါ သမီးရယ်''

အသနားခံ တောင်းဆိုနေသော ဒယ်ဒီ့ကိုကြည့်ပြီး မယ့်ရင်ထဲ ဝမ်းနည်းလှိုက်ဖိုလာသည်။ ဒယ်ဒီ့ကို သနားလိုက်တာ ခုချိန်မှာ ဒယ်ဒီ စိတ်ချမ်းသာမယ်ဆိုရင် မယ် ဘာပဲလုပ်ရလုပ်ရ မယ့်အသက်ကို ပေးရမယ်ဆိုရင်လည်း မယ် ပေးဝံ့ပါတယ်။

ဒီတော့ မယ့်အနေနှင့် ဘာကိုတွေဝေနေတော့မလဲ။

''စိတ်ချပါ ဒယ်ဒီ မယ်လေ အလင်းကိုလုံးဝ လက်မထပ်ပါဘူး၊ 'ဒယ်ဒီ့ရဲ့မေတ္တာတရားနဲ့ ခံစားချက်ကို မယ် အပြည့်အဝ နားလည်တဲ့ သမီးတစ်ယောက်အနေနဲ့ ဒယ်ဒီ့ဆန္ဒအတိုင်း အလင်းကို မယ့်အစ်ကို အရင်းတစ်ယောက်လို စိတ်ထဲမှာ မှတ်ထားပါမယ်''

ဒယ်ဒီ စိတ်မကောင်းဖြစ်မည်စိုး၍ မယ် အသံမတုန်အောင် မနည်းသတိထား၍ ကတိစကားဆိုလိုက်သည်။ မယ့်ထံမှ ကတိပေးစကား ကြားတော့ ဒယ်ဒီ၏သောကဖိစီး၍ ညှိုးမှောင်နေသော မျက်နှာမှာ ချက်ချင်းလင်းလာကာ မယ့်ခေါင်းလေးကို ညင်သာစွာပုတ်လိုက်ပြီး

''ကျေးဇူးတင်ပါတယ် သမီးမယ်ရယ်၊ တကယ့်ကို မွေးစားရကျိုးနပ်ပါတယ်၊ သမီးမယ်ရဲ့ဘဝတစ်လျှောက်လုံး လိုအပ်ချက်ဆိုတာ မြူတစ်မှုန်တောင် မရှိအောင် ဒယ်ဒီ အရာအားလုံးကို ဖြည့်ဆည်းပေးပါ့မယ်၊ ဒယ်ဒီ ပိုင်ဆိုင်သမျှအရာအားလုံးဟာ သမီးနဲ့သားအတွက်ပဲ၊





ဒယ်ဒီ့ရင်ထဲက စိမ့်ထွက်လာတဲ့ မေတ္တာတရားတွေနဲ့ ဒယ်ဒီ့သားနဲ့သမီးကို အမြဲတမ်း လုံခြုံနွေးထွေးစေရပါမယ်လို့ ကတိပေးပါတယ်ကွာ''

''ဒယ်ဒီ ကတိမပေးလည်း မယ် ယုံပြီးသားပါ၊ ဘာဖြစ်လို့လဲဆိုတော့ မယ့်ဘဝမှာ မယ်တစ်ခါမှမပိုင်ဆိုင်ဖူးတဲ့ ရပိုင်ခွင့်တွေ နွေးထွေးချိုသာပြီး ဖြူစင်တဲ့မေတ္တာတရားတွေက မယ့်ဘဝမှာ ဘာနဲ့မှအစားထိုးလို့မရနိုင်အောင် နွေးထွေးလုံခြုံနေလို့ပဲ ဒယ်ဒီ''

အသိတရားကို ဦးစားပေးသည့်အနေနှင့် မယ့်စိတ်ထဲမှာ အချစ်နှင့် ငြိမ်းအေးသော မိသားစုမေတ္တာတရားကို တံတိုင်းတစ်ခုလို ခြားလိုက်နိုင်သည်။

ကျေးဇူးတရားကို မယ့်ဘဝကို ရင်သန်ဖို့အတွက် မယ့်နှလုံးသားကို ရက်စက်စွာ စတေးနိုင်ရမှာပေါ့။

မယ့်ကို ခွင့်လွှတ်ပါ အလင်းရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

မယ် အိမ်ကလေးပေါ် တက်တက်ချင်း အဖေ့ဆီမှ ဝမ်းသာလှိုက်လှဲသောအသံကြီး ထွက်ပေါ်လာသည်။

"ဟာ သမီး ညည်းလာတာနဲ့ အတော်ပဲ၊ ညည်းကို ဝမ်းသာစရာသတင်းတစ်ခု ပြောရဦးမယ်"

အိမ်ကလေးပေါ်တက်လိုက်ပြီး လွယ်ထားသော စလင်းဘတ်အိတ်နှင့် လက်ထဲမှ မုန့်နှင့်အသုံးအဆောင်ပစ္စည်းတွေကို ဘုရားစင်အောက် ကြမ်းခင်းတွင် အသာချလိုက်ပြီး ဝမ်းသာအဲလဲဖြစ်နေသော အဖေ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

"ဘာတွေ ဝမ်းသာနေတာလဲ အဖေ၊ ထီပေါက်လို့လား"

အပြုံးနှင့်အတူ ခပ်အေးအေး မေးလိုက်တော့ အဖေ့မျက်နှာ





ပေါ်မှ အရယ်တွေအနည်းငယ်လျော့သွားပြီး

"သမီး ညည်းမျက်နှာ ညှိုးနေပါလား၊ နေမကောင်းဘူးလား၊ ဒါမှမဟုတ် နေပူထဲကလာလို့များလား"

အဖေ ပြောပြောဆိုဆိုဖြင့် အိမ်ရှေ့ခန်းထောင့်တွင်ရှိသော သောက်ရေအိုးထဲမှ ရေတစ်ခွက်ခပ်ပြီး မယ့်ကိုလှမ်းပေး၏။

မယ် ရေမဆာပေမယ့် အဖေ ခပ်ပေးသောရေမို့ လှမ်းယူပြီး သောက်လိုက်သည်။ ရင်ထဲမှာ အေးမြသွားသည်။

"ကဲ ပြောပါဦး အဖေ၊ သမီးကို ဘာတွေဝမ်းသာစရာစကား ပြောမလို့လဲ"

"ရော့ ဒီမှာကြည့်"

"အဖေ လှမ်းပေးသော ဖိုင်တွဲအပြာရောင်လေးကို မယ် နားမလည်သောအကြည့်ဖြင့် အဖေ့ကို ဖျတ်ခနဲ ဝေ့ကြည့်ပြီး လှမ်းယူလိုက်သည်။

"ဒါ ဘာလဲ အဖေ"

"သိချင်ရင် ဖတ်ကြည့်လေ သမီးရဲ့"

ဦးခင်ကျော်၏အသံတွေ ခါတိုင်းနေ့တွေထက် ရွှင်နေသည်။ သူ့ဘဝမှာ ဒီလောက်တစ်ခါမှ မပျော်ဖူးခဲ့။

"ဟင် ဒါအိမ်ပိုင်ဆိုင်မှုစာချုပ်ပဲ အဖေရဲ့ ဒါကို ဘယ်က[illegible]တာလဲ၊ ဟိုကောက် ကောက်ရတာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေး ကလယ်ကလယ်ဖြင့် ဘာမှနားမလည်သော အမေ့ကြောင့် ဦးခင်ကျော် မယ့်ကိုပြုံးပြီး ကြည့်ကာ

"ဒီပိုင်ဆိုင်မှုအိမ်စာချုပ်က ကောက်စရာလားလို့ အဲဒါ ညည်းရဲ့ မွေးစားအမေက အဖေ့ဆီကိုလွှဲပြောင်းပေးတာ"

"ဟင် အဖေ့ကို ဒယ်ဒီက လွှဲပြောင်းပေးတာ ဟုတ်လား"

မယ် မယုံကြည်နိုင်လွန်း၍ အသံတွေပင် တလှိုက်လှိုက်တုန်နေသည်။

"ဟုတ်တယ် သမီးရ၊ အဖေတို့ ခုလို အိမ်ခန်းကျဉ်းကျဉ်းလေးနဲ့နေရတာကို သူ စိတ်မကောင်းဘူးတဲ့၊ နောက်ပြီး သမီးအနေနဲ့လည်း ကိုယ့်မိဘအရင်းကို ဒီလိုဆင်းဆင်းရဲရဲပုံစံနဲ့ မြင်ချင်မှာမဟုတ်ဘူးဆိုပြီး သူ့ရဲ့ရှေ့နေကို ခေါ်လာပြီး အဖေ့ကို ပေးဒီအိမ်ပိုင်ဆိုင်မှုစာရွက်စာတမ်းတွေကို တစ်ခါတည်း အပြီးလွှဲပေးသွားတယ်၊ နောက်ရက်ကျမှ အမည်ပေါက်ပြန်လွှဲပေးမယ်လို့လည်း ပြောသွားတယ်"

မယ့် ရင်အစုံမှာ ဝမ်းသာလွန်း၍ နိုင့်ချည်မြင့်ချည် ဖြစ်ကာ အဖေ့ကို ကြည့်လိုက်သည်။

"အဖေရယ် သမီး ဝမ်းသာလိုက်တာ၊ ဘယ်လိုပြောပြရမှန်းတောင် မသိတော့ပါဘူး"

"နေဦး သမီး နောက်ထပ် ဝမ်းသာစရာနှစ်ခုတောင် ရှိသေးတယ်"





"ဟင် ဘာ ဘာလဲဟင်"

"အဲဒါက အဖေ့ရဲ့တက်တူးပညာကို နိုင်ငံခြားက သူ့မိတ်ဆွေတွေဆီမှာ ဆက်ပြီးအသုံးချဖို့ အဖေ့ကိုကူညီမယ်တဲ့"

"ဟယ် ဟုတ်လား၊ ဒါဆို အဖေ ပိုက်ဆံတွေအများကြီး ရမှာပေါ့"

"ဒါပေါ့ သမီးရ၊ အဖေတို့မြန်မာ့ရိုးရာ ဆေးမင်ကြောင်က ဘယ်တော့မှ မတိမ်ကောပါဘူးလို့ အဖေ ပြောခဲ့သားပဲ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ နောက်ထပ် ဝမ်းသာစရာတစ်ခုကရော"

သားအဖနှစ်ယောက် ပြိုင်တူဝမ်းသာနေကြ၍ စကားလုံးတွေက လောကြီးနေသည်။

"နောက်ဝမ်းသာစရာတစ်ခုက ညည်းအမေကို အကောင်းဆုံး စိတ်ရောဂါဆရာဝန်ကြီးတွေနဲ့ အသေအချာ ကုသပေးမယ်တဲ့"

"ဟယ် ဝမ်းသာလိုက်တာ ဒါဆို အမေ့စိတ်ရောဂါတွေ ပျောက်တော့မှာပေါ့နော် အဖေ"

"ဒါပေါ့ သမီးရ ဆရာကြီးကတော့ ပျောက်ကင်းရမယ်လို့ လုံးဝကတိပေးသွားတယ်ကွ"

"မယ်တို့မိသားစုဘဝ ခုလိုပြောင်းလဲသွားတာ ဒယ်ဒီ[illegible] တွေကြောင့် အဖေရဲ့၊ ဒီနေရာကနေ မယ် ဒယ်ဒီ့ကို ကန်တော့ပါတယ်"

ဖော်မပြနိုင်သော ပီတိတွေဖြင့် ဒယ်ဒီ့ကို စိတ်မှန်းဖြင့် ထက်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချိကာ ကန်တော့လိုက်သည်။

စိတ်ချပါ ဒယ်ဒီနဲ့အမေရယ်၊ မယ့်ကြောင့် အားလုံး ကျေနပ်ပျော်ရွှင်ရမယ်ဆိုရင်လေ မယ့်နှလုံးသားတွေ သွေးစိမ်းရှင်ရှင်ထွက်စမ်းပါစေ မယ် မမှုပါဘူး။

■ ■ ■



## အခန်း (၃၁)

"ကြီးကြီးခနို့ မယ်ဘယ်သွားလဲ၊ သူ့အခန်းထဲမှာ မရှိဘူး"

"သူ့အမေဆီသွားမယ်ဆိုပြီး ထွက်သွားတာပဲ သားရဲ့၊ သွားတာတော့ ကြာပြီ ပြန်တောင်လာခါနီးပြီ"

"ကျွတ် သွားမယ်ဆိုရင်လည်း ကြို့ပြောတာမဟုတ်ဘူး။ ဘာဖြစ်လို့ တစ်ယောက်ထဲ ထွက်သွားရတာလဲမသိဘူး"

အလင်း မကျေမနပ်ဖြင့် တစ်ယောက်ထဲ ခပ်တိုးတိုးပြောရင်း ထမင်းစားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

"သား ထမင်းစားတော့မလား"

"စားတော့မယ် ကြီးကြီးခနို့"

"ဒါဆို ကြီးကြီးခနို့ ဟင်းချိုလေး ကမန်းကတမ်း ပြန်[illegible]လိုက်ဦးမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရတ်ယ် မန္တေးနဲ့တော့ ကြီးခန့် အလုပ်ရှုပ်တယ်၊ ဆင်းရဲတဲ့ ဘဝတုန်းကဆိုရင် အေးစက်နေတဲ့ ထမင်းကြမ်းတောင် ဆောင်းရာသီမှာတောင် အေးလွန်းလို့ စောင်ခြုံပြီး စားခဲ့ရတာ၊ ဟင်းရည်အေးတာလောက်တော့ စာမဖွဲ့တော့ဘူး"

အလင်း၏ဘဝမမေ့သော အပြောကြောင့် ကြီးခန့် ရယ်သည်။ ရယ်နေရင်းမှ အိမ်ရှေ့မှ ကားမောင်းဝင်လာသော အသံကြောင့် နားစွင့်လိုက်သည်။

"ဟော ကြီးခန့် ဟိုမယ်မင်းကြီးမလေး ပြန်လာပြီထင်တယ်"

"ဟုတ်တယ် သား၊ ပြန်လာပြီ နေဦး ငါ့သား အဖော်ရအောင် သမီးမယ်ကို တစ်ခါတည်း လာစားဖို့ သွားခေါ်လိုက်မယ်"

ကြီးခန့် လှည့်ထွက်ဟန်ပြင်နေ၍

"နေ ကြီးခန့် ကျွန်တော် သွားခေါ်မယ်"

အလင်း နေရာမှထလိုက်ပြီး ထမင်းစားခန်းထဲမှ ထွက်လာခဲ့လိုက်သည်။ အိမ်ထဲဝင်လာသော မယ်နှင့် မျက်နှာချင်းဆိုင်တွေ့ကြသည်။

"မယ် နင် ဘာဖြစ်လို့ ငါ့ကိုခေါ်မသွားတာလဲ"

"ကိုကို အိပ်ပျော်နေလို့ ညီမလေး မနှိုးတော့တာပါ"

မယ့်ထံမှ ကိုကိုတွေ ညီမလေးတွေဟူသော အသုံးအနှုန်းကြောင့် အလင်း ဟက်ခနဲ တစ်ချက်ရယ်လိုက်သည်။

"ဘာ အကွက်ရွှေ့နေတာလဲ မယ်၊ နင် ခုလိုခေါ်လို့ နင်နဲ့ငါနဲ့





မောင်နှမအရင်းအချာတွေ ဖြစ်သွားရောလား"

မယ့်ထံမှ ဘာစကားမှ တုန့်ပြန်ခြင်းမရှိဘဲ တခြားအကြောင်းအရာကိုသာ လမ်းကြောင်းလွှဲသည့်အနေဖြင့်

"ညီမလေး ခေါင်းကိုက်လာလို့ ကိုကို၊ အခန်းထဲ ခဏဝင်နားလိုက်ဦးမယ်"

အလင်းကို ရှောင်တိမ်းသည့်သဘောဖြင့် ကြာကြာမျက်နှာချင်းမဆိုင်ဘဲ ရှောင်လွှဲ၍ ထွက်လာခဲ့လိုက်သည်။

အလင်းကလည်း ဒါမျိုးဆို အလွတ်မပေး။ မယ့်နောက်မှ ထပ်ကြပ်မကွာလိုက်လာကာ မယ့်အခန်းထဲရောက်သည်နှင့် မယ့်ကိုယ်ကို ဆွဲလှည့်လိုက်သည်။ မယ့်ကိုယ်လေး ယိမ်းခနဲ လှုပ်ခါသွားသည်။

မျက်နှာချင်းဆိုင်အနေအထားမှာ မယ့်အကြည့်တွေက သွေးအေးလွန်းကာ ဘာခံစားချက်မှမရှိသော အဓိပ္ပာယ်ကို ဖော်ဆောင်နေသည်။

"မယ် နင် ဘာဖြစ်နေတာလဲ၊ ငါ့ကို ဘာလို့ ဘလိုင်းကြီးရှောင်နေတာလဲ"

"ညီမလေး ကိုကို့ကို မရှောင်ပါဘူး"

"ဟာ သွားစမ်းပါဟာ ဘာတွေ ညီမလေးတွေ ကိုကိုတွေလာလုပ်နေတာလဲ၊ အဲလို ဟန်ဆောင်နေလို့ နင့်ရင်ထဲမှာရော ငါ့ရင်ထဲမှာပါ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ချစ်တဲ့ အချစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားမှာတဲ့လား"

"မဟုတ်ဘူး ညီမလေး ကိုကို့ကို အစ်ကိုတစ်ယောက်လိုပဲ ချစ်လို့ရတော့တယ်"

သွေးအေးလွန်းနေသော မယ့်ပုံစံကိုကြည့်ပြီး အလင်း သိပ်စိတ်မရှည်ချင်တော့။

"ကျွတ် မယ် နင့်ပုံစံနဲ့ နင့်ခေါ်သံတွေကို ငါ မျက်စိကလော့နားကလော့လာပြီနော်၊ နောက်ပြီး ဘာတွေမဟုတ်တာ လာပြောနေတာလဲ၊ အစ်ကိုတစ်ယောက်လို ချစ်လို့ရတယ်ဆိုတဲ့စကားနဲ့ ငါ့ဒေါသတွေကို လာမဆွနဲ့"

"တိုးတိုးပြောစမ်းပါ ကိုကို၊ ကြီးကြီးခန့် ကြားသွားမယ်"

"ကြားကြားဟာ ငါကတော့ ပြောစရာရှိတာ ပြောရမှာပဲ၊ နင်နဲ့ငါနဲ့ ချစ်သူတွေဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက် ချစ်သူတွေလိုဖက်ကြ နမ်းကြ ချစ်စကားတွေနဲ့ ပြောကြဆိုကြပြီးမှ ကိုကိုတွေ ညီမလေးတွေဆိုတဲ့ အသုံးအနှုန်းတွေနဲ့ အိုဗာတွေ လာလုပ်ပြမနေနဲ့၊ ငါ လုံးဝဂရုမစိုက်ဘူး၊ စိတ်လည်းမဝင်စားဘူး"

ဒေါသတကြီး ရန်ထောင်နေသော အလင်းကိုကြည့်ပြီး မယ်နှုတ်ခမ်းသားတွေ တဆတ်ဆတ်တုန်ယင်၍လာသည်။ အလင်းရှေ့မှာ မယ် အတတ်နိုင်ဆုံး မျက်ရည်မကျအောင် ထိန်းရမည်။

"ဒီမှာ အလင်း နင် ကျေးဇူးတရား မသိဘူးလား။ ငါရော





နင့်ဘဝရော ဒယ်ဒီ့ကြောင့် ပြောင်းလဲခဲ့ကြတာ မဟုတ်လား။ နင်သာ ကျေးဇူးသိတတ်တဲ့သားတစ်ယောက်ဆိုရင် ခုမှ ပြန်တွေ့ရတဲ့ ကိုယ့်အဖေ စိတ်ချမ်းသာအောင် သူ့ဆန္ဒကို လိုက်လျောပေးနိုင်ရမှာပေါ့"

မယ့်စကားတွေဟာ အမှန်တရားဖြစ်ပေမယ့် အလင်းအဖို့တော့ ထိုအမှန်တရားကို လက်ခံ၍ မဖြစ်နိုင်။ အသိတရားကို နှလုံးသားခံစားမှုနှင့် ဆန့်ကျင်တိုက်ထုတ်ရမှာပင်။

"ဟာ ဘာဆိုင်လဲ ဒယ်ဒီကန့်ကွက်နေတာ မှားနေတဲ့ဟာပဲ၊ ဘာမှသွေးမတော် သားမစပ်တဲ့ နင်နဲ့ငါ ရင်ဘတ်ချင်းငြိပြီး ချစ်သူတွေဖြစ်ပြီးကာမှ မောင်နှမစိတ်ပြန်မွေးခိုင်းနေတဲ့ ငါ့ကို အစ်ကိုတစ်ယောက်လို စိတ်မျိုးထားနိုင်လား၊ ထားနိုင်တယ်လို့တော့ လာမညာနဲ့ ငါလုံးဝ မယုံဘူး၊ ဒယ်ဒီ့အတ္တကြောင့် တလွဲတွေလျှောက်လုပ်ခိုင်းနေတာကို လိုက်လုပ်ရအောင် ငါ အရူးမဟုတ်ဘူး၊ အဲဒီလိုသာဆို ငါ နင့်ကိုနမ်းထားတဲ့ အနမ်းပေါင်းများစွာ ပြန်ပြီးပေးလိုက်လေ၊ အေး ဝင်သက်ထွက်သက် နွေးနေတဲ့အနမ်းမျိုး ဖြစ်ရမယ်နော်"

အရူးတစ်ယောက်လို လျှောက်ပြောနေသော အလင်းကိုကြည့်ပြီး မယ် ခေါင်းကိုခပ်သာသာလေး ခါလိုက်သည်။

"နင် မဖြစ်နိုင်တာကို ဇွတ်တိုက်မပြောနဲ့၊ ငါ ရှင်းရှင်းပဲပြောမယ်ဟာ၊ ငါ့ဘဝက မွေးလာကတည်းက ဆင်းရဲနွမ်းပါးခဲ့တယ်၊ အဲဒီအတွက်ကြောင့် အာဒံဦးကို ငါလက်ထပ်ခဲ့တယ်၊ ဒါပေမဲ့ ငါလင်သလို အရာရာ



www.burmeseclassic.com

www.burmeseclassic.com



ပြီးပြည့်စုံပြီး ချမ်းသာတဲ့ဘဝအစစ်ကို မပိုင်ဆိုင်ခဲ့ရဘူး။ အခု ဒယ်ဒီ့ သမီးဘဝကိုရောက်မှ ငါ့ဘဝ ချမ်းချမ်းသာသာနဲ့ နေခဲ့ရတယ်၊ ဒယ်ဒီ့ ဆီက ဖခင်အရင်းတစ်ယောက်ရဲ့မေတ္တာမျိုး ငါအပြည့်အဝရခဲ့တယ်၊ နောက်ပြီး ဒယ်ဒီက ငါ့မိဘတွေကို အားလုံးကူညီထောက်ပံ့ပေးတယ်၊ ခုဆို ငါ့မိဘမှာ အိမ်ပိုင်ရာပိုင်တောင် ရသွားပြီ၊ ဒီလောက် ပြောမကုန်တဲ့ ကျေးဇူးတရားတွေ ရှိနေပါရက်နဲ့ ငါက ဒယ်ဒီ့ဆန္ဒတွေကို ဘယ်လိုကန့်ကွက်မလဲ၊ နောက်ပြီး ငါ ငါလေ ဆင်းရဲတွင်းထဲ ပြန်ခုန်မဆင်းနိုင်တော့ဘူးဟာ၊ နင့်ကိုသာ လက်ထပ်လိုက်ရင် ဒယ်ဒီ ငါ့ကိုစိတ်ဆိုးပြီး ဘာပိုင်ဆိုင်မှုမှ ပေးမှာမဟုတ်တော့ဘူး"

မယ့် စကားလုံးတွေက အလင်း၏ရင်ဘတ်ကို ခပ်ပြင်းပြင်း ဆောင့်ကန်လိုက်သည့်နှယ်။ နောက်ကို ယိုင်လဲမတတ် အံ့သြမိသည်။

"ဘာ နင် နင်တော်တော် ငွေမက်တဲ့မိန်းမပဲ တောက်"

"ဟုတ်တယ် ငါ ငွေမက်တယ်"

အလင်း တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ

"ကဲဟာ ဒီလောက်တောင် ငွေမက်ချင်ဦး"

အလင်း၏စူးရဲသောအကြည့်တွေဖြင့် မယ့်တစ်ကိုယ်လုံး စားတော့ ဝါးတော့မတတ်ကြည့်ပြီး မယ့်ခန္ဓာကိုယ်လေးကို သိမ်းကျုံးပွေ့ချီကာ ခုတင်ပေါ်သို့ ပစ်တင်လိုက်သည်။ မယ့်ကိုယ်လေးမှာ ရေမြှုပ်မွေ့ရာပေါ်မှာ လွင့်ခနဲ မြောက်သွားပြီး





"နင် နင် ဘာလုပ်မလို့လဲ၊ ငါ အော်မှာနော်"

"မအော်နဲ့နော် နင်အော်လည်း နင်ပဲ အရှက်ကွဲမှာ၊ ငါက ဘာကိုမှ ဂရုစိုက်တဲ့ကောင်မဟုတ်ဘူး"

ပြောပြောဆိုဆို မွေ့ရာပေါ်သို့ တက်လိုက်သည်။ မယ် ရုန်းထွက်ရန် ကြိုးစားသည်။

"မထနဲ့ လုံးဝမထနဲ့၊ ဒီနေ့ နင့်ကိုငါ ရအောင်ယူမယ်"

"ဟင့်အင်း မလုပ်နဲ့၊ ငါ ငါတောင်းပန်ပါတယ် အလင်းရယ်၊ ငါ့ကိုအချိန်နည်းနည်း ထပ်ပေးပါ၊ ငါ ငါလေ ဒယ်ဒီ့ဆန္ဒကိုလွန်ဆန်ဖို့ အင်အားမရှိလို့ပါဟာ ငါ ငါ နင့်ကိုချစ်ပါတယ်"

မယ် ငိုသံပါကြီးနှင့် တောင်းပန်တိုးလျှိုးလာသောအခါ အလင်း ရောင် မယ့်အပေါ်မှာ အနိုင်မယူရက်တော့။

အစောကြီးကတည်းကလည်း မယ့်အပေါ်မှာ ယုတ်မာလိုစိတ်မှ မရှိခဲ့တာပဲ။ ဘယ်လောက်ပဲ မိုက်ရူးရဲဆန်ဆန် ခုလို အတင်းအဓမ္မ ရယူသိမ်းပိုက်တဲ့အလုပ်ကို အလင်း လုပ်မှာမှမဟုတ်တာ။

အဖြစ်သည်းပြီး ငွေမက်လွန်းသော မယ့်ကို စိတ်ဒုက္ခပေးချင်ရုံသက်သက်။

"တောက်"

တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ပြီး မယ် အခန်းထဲမှ ခြေသံတွေ တစ်ပွေ့တစ်ပိုက်ဖြင့် ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဘယ်သူ့ကို မကျေမနပ်နဲ့ ဒေါသဖြစ်ရမှန်းမသိ။ နောက်ဆုံးတော့ ကိုယ့်ကံကြမ္မာကိုပဲ ခပ်ပျစ်ပျစ်ဆဲရေးတိုင်းထွာလိုက်သည်။

■ ■ ■



## အခန်း (၃၂)

ကားလေးက မယ် မသိသောလမ်းတွေပေါ်ကို တစ်ရှိန်ထိုး မောင်းနေသဖြင့် မယ် လန့်သွားသည်။ အလင်းကို သိပ်မသင်္ကာချင်တော့။

"အလင်း ကားမောင်းလည်း အရမ်းကျွမ်းသေးတာမဟုတ်ဘဲနဲ့ ဘာလို့ အဲလောက်အမြန်နှုန်းနဲ့ မောင်းနေရတာလဲ၊ နင်ပြောတော့ ငါ့အမေဆီကို သွားမလို့ဆို"

"ငါ နင့်ကို ခိုးပြေးလာတာ ဖက်ဖူး"

အလင်း၏စကားကြောင့် မယ် ခေါင်းနပန်းကြီးသွားရလောက်အောင် တုန်လှုပ်သွားသည်။

"အလင်း နင် နင် အဲလို မလုပ်ပါနဲ့နော်၊ ငါတောင်းပန်ပါတယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



မယ့်မျက်ဝန်းမှာ မျက်ရည်တွေ ရစ်ဝိုင်းလာပြီး အလင်း သနားလာအောင် တောင်းပန်တိုးလျှိုးလိုက်သည်။

"နင် ငါ့ကိုချစ်ဖို့ပဲလိုတာယ်၊ တောင်းပန်ဖို့မလိုဘူး"

"ချစ်တယ် နင့်ကိုငါ အရမ်းချစ်ပါတယ် အလင်းရယ်"

"ဘာ ချစ်တယ် ဟုတ်လား၊ ထွီ နင်က ငါ့ကိုချစ်တာမဟုတ်ဘူး၊ ငွေကိုချစ်တာ ဂုဏ်တွေ ပကာသနတွေကိုချစ်တာ၊ နင့်အပေါ်ထားတဲ့ ငါ့ရဲ့သံယောဇဉ်နဲ့အချစ်တွေဟာ နင် မက်မောနေတဲ့ ငွေကြေးချမ်းသာမှုနဲ့ ဂုဏ်ပကာသနတွေထက် အများကြီးသာတယ်ဆိုတာ နင့်ကိုလက်တွေ့ပြမလို့"

အလင်းရောင် ကားကို ဦးတည်ချက်မဲ့ မောင်းနေရင်း မယ့်ကို စကားတွေအများကြီး ပြောနေသည်

"ငါ နင့်ကိုလုံးဝ အဆုံးရှုံးမခံနိုင်ဘူး၊ နင့်ကိုငါ အရမ်းချစ်တယ်၊ ငါ့ဘဝမှာ နင်ရှိမှဖြစ်မှာ၊ နင့်လောက် ငါ့ဘဝကို ဘယ်အရာကမှ မဆွဲဆောင် မလွှမ်းမိုးနိုင်ဘူး၊ အထူးသဖြင့် ဒယ်ဒီ့ရဲ့ပိုင်ဆိုင်မှုတွေကို ငါ မမက်မောဘူး၊ နင်မပါရင် ငါ့ဘဝ ရှေ့မဆက်တော့ဘူး၊ အဲဒီလောက်ထိ နင့်ကိုငါ နက်နက်နဲနဲချစ်ခဲ့တာ၊ ငါ့ရင်ထဲမှာ နင့်အတွက်ရှိနေတာ အချစ်ထက်မကဘူး၊ အချစ်ဆိုတာပေါ့လွန်းတယ် အချစ်ထက်သာလွန်တဲ့ မေတ္တာတရားပဲ"

အလင်း ရင်ထဲကစကားတွေဟာ မယ့်နှလုံးသားကို လှိုင်းလုံး





တွေလို တစ်လုံးပြီးတစ်လုံး လာ၍ ပြေးဆောင့်သလို အောင့်မျက်နာကျင်ရသည်။

အလင်းစကားတွေ အရမ်းတတ်လာသည်။

ဒါဟာ မယ့်ကိုချစ်မိရာကနေ ခံစားတတ်လာသော ရင်ဖွင့်သံတွေဟု မယ် ယုံကြည်လိုက်ပါ၏။

"နင့်ရင်ထဲကအချစ်တွေ အကြီးကြီးဆိုတာ ငါသိတယ်၊ ယုံလည်းယုံပါတယ် အလင်းရယ်"

အရှိန်ဖြင့် ကားမောင်းနေ၍ တဟူးဟူး တိုက်ခိုက်နေသော လေပြည်ရှိုင်းတွေကြားမှာ မယ် စကားကို အားယူ၍ပြောနေရသည်။ လေအဟုန်ကို ထိုးခွင်း၍ မောင်းနေသော ကားအရှိန်က အရမ်းမြန်လွန်းနေ၏။

"အလင်း ကားကို တစ်နေရာမှာ ခဏရပ်လိုက်ပာယ်၊ ငါတို့နှစ်ယောက် ရင်ထဲမှာရှိနေတဲ့ အချစ်အကြောင်းကို အကြေအလည်ဆွေးနွေးကြတာပေါ့၊ နင့်ခံစားချက်တွေကို ငါနားလည်တယ်၊ အကြွင်းမဲ့လည်း ယုံတယ်၊ နင် ခံစားရသလို ငါလည်းအရမ်းခံစားရတယ်၊ နင် ငါ့ကိုချစ်သလို ငါလည်းနင့်ကို အသည်းပေါက်မတတ်ချစ်တယ်"

မယ့်စကားကြောင့် အလင်း တွေဝေသွားကာ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှာ ကားကိုအထိန်းအကွပ်မဲ့ ထိုးရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပြောတော့ နင် ဘာပြောမလဲ"

"အရင်ဆုံး နင့်ကိုငါပြောချင်တာက ငါတို့ဘဝတွေ ဆက်ရှင်သန်ဖို့အတွက် ဒယ်ဒီရဲ့ကျန်နေသေးတဲ့အချိန်နဲ့ မျှော်လင့်ချက်တွေကို သတ်လိုက်လို့ မဖြစ်ဘူး အလင်းရယ်"

ခံစားမှုတွေကို မနိုင်မနင်း ထွေးပွေ့ထားရ၍ မယ့်အသံတွေ ငိုသံနှောပြီး တုန်ခါနေသည်။

"ငါ ဒါတွေနားမလည်ဘူး။ နင်နဲ့ငါ ခုပဲ တရားရုံးမှာ သွားပြီး လက်ထပ်ကြမယ်၊ နင်လိုက်မလား မလိုက်ဘူးလား"

"မဟုတ်ဘူး နင်မှားနေပြီ အလင်း၊ ငါ နင့်ကိုလက်မထပ်ဘူးလို့ မငြင်းဘူး။ လက်ထပ်မယ် စိတ်ချ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး"

"ဘာ လာပြန်ပြီလား နင်နော်၊ ငါ့ကိုဝေ့လည်ကြောင်ပတ်လာမလုပ်နဲ့၊ ငါသိပ်ချစ်တဲ့ နင်မို့လို့ တခြားလူဆို စကားကိုအမျိုးမျိုး ပြောရမလားဆိုပြီး မျက်နှာကို လက်သီးနဲ့ ပိုးစိုးပက်စက် ထိုးပြီးပြီ"

အလင်း မယ့်ကို လက်သီးဖြင့်ရွယ်ရင်း ဘုတောတော၏။ မယ် တည်ငြိမ်သောအကြည့်ဖြင့် အလင်းကို စေ့စေ့ကြည့်ကာ

"နင် ဒယ်ဒီ့ကို ချစ်သလား အလင်း"

"ဟ ချစ်တာပေါ့ မချစ်ပဲနေမလား။ နင့်ထက်တောင် ပိုချစ်သေးတယ်"

"ဒါဆို ဒယ်ဒီ့ရဲ့ကျန်နေသေးတဲ့ဘဝ အစိတ်အပိုင်းလေးကို





နင်နဲ့ငါ အတူပူးပေါင်းပြီး စိတ်ချမ်းသာအောင် ထားကြရအောင်လား အလင်းရယ်၊ ငါတို့နှစ်ယောက် စိတ်ချမ်းသာပျော်ရွှင်ဖို့အတွက် ဒယ်ဒီရဲ့ စိတ်ဓာတ်အင်အားတွေ မျှော်လင့်ချက်တွေကို နင် ရက်ရက်စက်စက် ရိုက်ချိုးရက်သလား။ အဲလိုသာ ရိုက်ချိုးပစ်လိုက်မယ်ဆိုရင် မိဘကို စိတ်ဆင်းရဲအောင်လုပ်တဲ့သားသမီးအဖြစ် ငါတို့လောက် ယုတ်ညံ့တဲ့သူ ရှိဦးမလားဟင်"

"အမှန်ပြောရရင် ဒယ်ဒီဟာ လူ့လောကထဲမှာ နေချိန် သိပ်မရှိတော့ဘူး အလင်း"

အလင်းမျက်နှာ ချက်ချင်းပျက်ယွင်းသွားကာ

"ဘာ နေချိန်မရှိရအောင် ဒယ်ဒီက ဘာဖြစ်မှာမို့လို့လဲ"

"ဒယ်ဒီ့မှာ သိပ်ပြီးဆိုးဝါးတဲ့ ဝေဒနာတစ်ခု ရှိနေတယ်။ အဲဒါက ဘာလဲဆိုတော့ ဒယ်ဒီရဲ့သည်းခြေအိတ်ထဲမှာ ကင်ဆာကျိတ်တွေ တည်နေတယ် အလင်း"

"ဘာ"

တုန်လှုပ်ချောက်ချားသောအသံက ဟိန်းထွက်သွားသည်။

"ဟုတ်တယ် ဒါကြောင့် ငါတို့ ဒယ်ဒီ့ကို စိတ်ချမ်းသာအောင် ထားကြရအောင်လား"

"နင် နင် ဒီအကြောင်းတွေကို သိရဲ့သားနဲ့ ငါ့ကိုဘာလို့ မပြောတာလဲ မယ်ရာ၊ ဒယ်ဒီကရော ငါ့ကျတော့ ဘာလို့မပြောတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အလင်း မိုးသံပါကြီးဖြင့် မယ်နှ့်ကိုအပြစ်တင်သည်။

"ငါလည်း သိတာမကြာသေးဘူး။ ဒယ်ဒီပြောလို့ သိတာတော့ မဟုတ်ဘူး။ ဒယ်ဒီဆီကို ရောဂါရှာဖွေရေးဌာနက ဒေါက်တာ ညီညီကျော် လာပြီး ဆေးစစ်ချက်အဖြေ လာပေးတော့ စာကြည့်ခန်းထဲမှာ ပြောနေကြ တာကို ငါနားနဲ့အသေအချာကို ကြားခဲ့တာ၊ ငါထင်တယ် သူ့ရောဂါ အကြောင်းကို ဒယ်ဒီ ငါတို့နှစ်ယောက်ကို လုံးဝပြောမှာမဟုတ်ဘူး။ သူ့ သောကကို ဒယ်ဒီဟာ သူ့တစ်ယောက်ထဲ ကြိတ်မှိတ်မျိုသိပ်ပြီး ခံစား သွားလိမ့်မယ်"

အလင်း ရင်ထဲမှာ မျှော်လင့်ခြင်းတွေနှင့် တက်ကြွသောစိတ် ခံစားမှုတွေ ဝုန်းခနဲ ပြိုကျပျက်စီးခဲ့လေပြီ။ ဘယ်လောက် ရက်စက်လိုက် တဲ့ ကံကြမ္မာလဲလို့ လူတွေကို လှည့်ကွက်တွေအများကြီးသုံး စိတ်ခံစားမှု တွေ တစ်ခုပြီးတစ်ခု ပေးပြီး မသေမချင်းများ မှုဉ်းပြီးသတ်နေလေရော့ သလား။

"ဒါကြောင့် ငါတို့ရဲ့အချစ်တွေကို ကိုယ့်ရင်ဘတ်ကိုယ်စီမှာ ခေတ္တ ခဏမြှုပ်နှံပြီး သိမ်းထားကြရအောင်လား။ ငါ အနူးအညွတ်တောင်း ဆိုတာပါ အလင်းရယ်"

မယ်သည် ပြောရင်းဖြင့် မျက်ရည်တို့ အတားအဆီးမဲ့စွာ စီးကျ လာပြီး အလင်းကို တောင်းပန်တိုးလျှိုးသောအကြည့်တို့ဖြင့် အသနားခံ ကြည့်သည်။





"နင် ငါ့ကိုအဲလို မကြည့်နဲ့ မယ်ရာ၊ ငါ နင့်ကိုအထင်လွဲခဲ့မိ တယ်၊ နင့်ကိုငွေမက်တဲ့မိန်းမတစ်ယောက်ဆိုပြီး စွပ်စွဲခဲ့မိတယ်၊ ဒါတွေ အားလုံး ငါ့အမှားပါ"

"နင့်အမှားလည်းမဟုတ်ပါဘူး အလင်းရယ်၊ ကံကြမ္မာက ငါတို့ ကို ခုလိုရှင်သန်ခွင့်ပေးခဲ့လို့ ငါတို့နှစ်ယောက်ရဲ့အချစ်တွေကို ချိုမြိန်စွာ စားသုံးခွင့်မရကြတာပါ၊ ဒါပေမဲ့ ငါတို့ တစ်သက်လုံး ချစ်ခွင့်ရှိတယ်၊ ငါတို့အချစ်တွေဟာ ငါတို့ရင်ထဲမှာ အမြဲတမ်း ဆက်ပြီးရှင်သန်နေကြ မှာပဲ၊ ဒယ်ဒီ့ကိုစိတ်ချမ်းသာအောင် ဒယ်ဒီဖြစ်ချင်တဲ့မိသားစုပုံစံလေးကို နင်နဲ့ငါ ပူးပေါင်းပြီးဖန်တီးလိုက်ရင် ငါတို့ကုသိုလ်တွေအများကြီးရသွား မယ်၊ အဲဒီအတွက် ဇာတ်သိမ်းခန်းမှာ မလွမ်းရဘူးပေါ့ အလင်းရယ်"

"ငါနဲ့ ငါ့အဖေအတွက် နင့်နှလုံးသားကို စတေးရဲမှတော့ ငါက ရော ဘာလို့ မရင်းရဲရမှာလဲ၊ ငါတို့ တစ်အိမ်ထဲမှာ အတူရှိနေကြမှာပဲ၊ ငါတို့မျက်လုံးအကြည့်တွေနဲ့ ဒယ်ဒီ့ကွယ်ရာမှာ တိတ်တဆိတ် ချစ်ခွင့်ရှိ မှာပဲ၊ နင့်မျက်နှာလေးကို နေ့ဝင်မိုးချုပ် မြင်တွေ့ခွင့်ရနေမှာပဲ၊ ဒါဟာ နည်းတဲ့အခွင့်အရေးလား။ ငါ အဲဒီလောက်နဲ့ ရောင့်ရဲရမှာပေါ့။ အဓိကက ငါ့အဖေ စိတ်ချမ်းသာဖို့ပဲ"

ပြောရင်းဖြင့် အလင်း အီခနဲ တစ်ချက်ရှိုက်ငိုလိုက်ရင်း မယ့် ရင်ခွင်ထဲ ခေါင်းတိုးပြီး ကလေးတစ်ယောက်လို အားရပါးရ ငိုရှိုက်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



မယ် အလင်း၏ခေါင်းမှ ဆံပင်တို့ကို ကြင်နာစွာသပ်တင်ပေး ပြီး

"နင့်ရင်ထဲပေါ့သွားအောင် ငိုချလိုက် အလင်း၊ ပြီးရင် ငါတို့ ပြန်ကြမယ်၊ ခုကနေ အိမ်ကိုပြန်ရောက်တာနဲ့ နင်က ငါ့ရဲ့အစ်ကို ငါက နင့်ရဲ့ညီမလေးပေါ့၊ ပြီးရင် ဒယ်ဒီရဲ့သားအလိမ္မာ သမီးအလိမ္မာလေး အဖြစ် ဒယ်ဒီ့ကို လိုလေသေးမရှိ လိမ္မာပြရအောင်နော်"

မယ့် တောင်းဆိုမှုကို အလင်း ငိုရှိုက်ရင်း ခေါင်းတဆွဲတ်ဆတ် ညိတ်လိုက်သည်။

မယ် ကြည်နူးစွာ ပြုံးလိုက်ပြီး ကိုယ့်ရင်ခွင်မှာ ခိုဝင်ငိုရှိုက်နေ သော အလင်း၏ခေါင်းမှ ဆံစတွေကို တရှိုက်မက်မက် နမ်းလိုက်သည်။ ဒါဟာ နောက်ဆုံးအနမ်းပါ။

ထို့နောက် တစ်ယောက်လက်ကိုတစ်ယောက် အားပေးနှစ်သိမ့် သည့်အနေဖြင့် တမ်းကျပ်စွာ ဆုပ်ကိုင်လိုက်ကြသည်။

အားလုံးအတွက်
နတ်သမီး၊



BURMESE CLASSIC
www.burmeseclassic.com